မြန်မာ့အလင်း

၁၂၇၅ ခုနှစ်ကတည်ထောင်သည်။
Established 1914

၁၃၇၁ ခုနှစ်၊ တပို့တွဲလပြည့်ကျော် ၄ ရက်၊ ၂၀၁၀ခုနှစ်၊ ဖေဖော်ဝါရီ ၂ ရက်၊ အင်္ဂါနေ့၊ အတွဲ(၄၉)၊ အမှတ်(၁၂၅)

နိုင်ငံရေး ဦးတည်ချက်(၄)ရပ်

* နိုင်ငံတော် တည်ငြိမ်ရေး၊ ရပ်ရွာအေးချမ်းသာယာရေးနှင့် တရားဥပဒေစိုးမိုးရေး
* အမျိုးသား ပြန်လည်စည်းလုံးညီညွတ်ရေး
* ခိုင်မာသည့် ဖွဲ့စည်းပုံ အခြေခံဥပဒေသစ် ဖြစ်ပေါ်လာရေး
* ဖြစ်ပေါ်လာသည့် ဖွဲ့စည်းပုံအခြေခံဥပဒေသစ်နှင့်အညီ ခေတ်မီဖွံ့ဖြိုးတိုးတက်သော နိုင်ငံတော်သစ်တစ်ရပ် တည်ဆောက်ရေး

စီးပွားရေး ဦးတည်ချက်(၄)ရပ်

* စိုက်ပျိုးရေးကို အခြေခံ၍ အခြားစီးပွားရေးကဏ္ဍများကိုလည်း ဘက်စုံဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး
* ဈေးကွက်စီးပွားရေးစနစ် ပီပြင်စွာဖြစ်ပေါ်လာရေး
* ပြည်တွင်းပြည်ပမှ အတတ်ပညာနှင့် အရင်းအနှီးများ ဖိတ်ခေါ်၍ စီးပွားရေးဖွံ့ဖြိုးတိုးတက်အောင်တည်ဆောက်ရေး
* နိုင်ငံတော် စီးပွားရေးတစ်ရပ်လုံးကို ဖန်တီးနိုင်မှုစွမ်းအားသည် နိုင်ငံတော်နှင့် တိုင်းရင်းသား ပြည်သူတို့၏ လက်ဝယ်တွင်ရှိရေး

လူမှုရေး ဦးတည်ချက်(၄)ရပ်

* တစ်မျိုးသားလုံး၏ စိတ်ဓာတ်နှင့် အကျင့်စာရိတ္တ မြင့်မားရေး
* အမျိုးဂုဏ် ဇာတိဂုဏ် မြင့်မားရေးနှင့် ယဉ်ကျေးမှု အမွေအနှစ်များ၊ အမျိုးသားရေး လက္ခဏာများ မပျောက်ပျက်အောင် ထိန်းသိမ်းစောင့်ရှောက်ရေး
* မျိုးချစ်စိတ်ဓာတ် ရှင်သန်ထက်မြက်ရေး
* တစ်မျိုးသားလုံး ကျန်းမာကြံ့ခိုင်ရေးနှင့် ပညာရည်မြင့်မားရေး

ဖွံ့ဖြိုးတိုးတက်မှု အဖုံဖုံ

မြို့ကျိုင်းတုံ

ကျိုင်းတုံ ဖေဖော်ဝါရီ ၁

သာယာလှပသော ကျိုင်းတုံမြို့....။

နေအိမ်တိုက်တာ အဆောက်အအုံများ၊ ကျယ်ဝန်းသန့်ရှင်းသပ်ရပ်နေသော ကတ္တရာလမ်းများ၊ လွတ်လပ်စွာ သွားလာလှုပ်ရှား ရောင်းဝယ်နေကြသည့် ကျိုင်းတုံမြို့နေပြည်သူများကို စိတ်အေးချမ်းစွာ မြင်တွေ့ရသည်။ နယ်မြေဒေသ အေးချမ်းတည်ငြိမ်နေမှုကြောင့် ကျိုင်းတုံမြို့သည် အရှိန်အဟုန်ဖြင့် ဖွံ့ဖြိုးတိုးတက်လာခဲ့ပြီ ဖြစ်သည်။

သန့်ရှင်းသပ်ရပ်

ရှမ်းပြည်နယ်(အရှေ့ပိုင်း) ကျိုင်းတုံမြို့၏ တိုးတက်ပြောင်းလဲလာသည့် မြင်ကွင်းကို လိုက်လံလေ့လာခဲ့ရာ လမ်းများ၊ အပိုင်းများ၊ နေအိမ်အဆောက်အအုံများကို သန့်ရှင်းသပ်ရပ်လှပစေရန် ကြိုးစားဆောင်ရွက်ထားမှုကို မြင်တွေ့ရသည်။ ကျိုင်းတုံမြို့အတွင်း သန့်ရှင်းသပ်ရပ်နေအောင် မည်သို့ဆောင်ရွက်ထားသည်ကို သိရှိလိုသဖြင့် မြို့နယ်စည်ပင်သာယာရေးရုံးသို့ သွားရောက်ခဲ့သည်။ *စာမျက်နှာ ၈ ကော်လံ ၁* ✻

သတင်းခရီးသည်	-	မောင်မောင်မြင့်ဆွေ
ဓာတ်ပုံမှတ်တမ်း	-	လေးနွယ် (မင်္ဂလာဒုံ)
စာမျက်နှာဖွဲ့စည်းမှု	-	မာမာစိုး (မြန်မာ့အလင်း)

မြို့လယ်ကျောက်တိုင်

ကျိုင်းတုံမြို့ရှိ မြို့လယ်ကျောက်တိုင်ကလည်း တည်ငြိမ်အေးချမ်းမှုနှင့် ဖွံ့ဖြိုးတိုးတက်မှုကို ညွှန်းဆိုလျက်ရှိနေသည်မှာ....။

ဓာတ်ပုံမှတ်တမ်း-လေးနွယ်(မင်္ဂလာဒုံ)

လန်နုရေတံခွန်၊ ဖြူစင်သော မျက်ဝန်းအစုံ၊ စေတနာ အလှတရား၊ ပရဟိတစိတ်ထားနှင့် ဆဒုံးမြို့

ဆဒုံးမြို့ မြင်ကွင်းအလှ

ကချင်ပြည်နယ် ဆဒုံးမြို့၏ ဌာနဆိုင်ရာ အဆောက်အအုံများ၊ စာသင်ဆောင်များကို ဤသို့ တွေ့ရသည်။

ဓာတ်ပုံမှတ်တမ်း-မောင်ပြုံးမြင့် (ဘီလူးမြို့)

မြစ်ကြီးနား ဖေဖော်ဝါရီ ၁

မန္တလေးမြို့မှ ရထားစီး၍ မြစ်ကြီးနားမြို့သို့ လာစဉ် မိုးကောင်းဘူတာမှ တက်လာသော အသက် ၁၉နှစ်အရွယ် ကချင်တိုင်းရင်းသူလေးနှင့် သူမ၏ အဒေါ်ဖြစ်သူတို့နှစ်ဦးကို ရင်းနှီးခင်မင်ခွင့် ရခဲ့သည်။ ဟိုပင်ဘူတာ၌ မျက်နှာချင်းဆိုင်နှင့် ဘေးထိုင်ခုံတို့မှ ခရီးသည်များ ဆင်းသွားကြသောကြောင့် သူမတို့နှစ်ဦးနှင့် ရင်းနှီးခင်မင်ဖို့ အကြောင်းဖန်လာခြင်းဖြစ်သည်။

ရောက်ဖြစ်ခဲ့

မြစ်ကြီးနားတက္ကသိုလ်၌ ဥပဒေအထူးပြုဘာသာတွဲဖြင့် ကျောင်းတက်နေသူ ကချင်တိုင်းရင်းသူလေးက “**ဆဒုံးရေတံခွန်ကို ရောက်ဖူးလား**”ဟု မေးပါသည်။ ဆဒုံးမြို့ကို ၂၀၀၉ခုနှစ် ဖေဖော်ဝါရီလအတွင်းက ပထမဆုံးအကြိမ် ရောက်ဖြစ်ခဲ့သော်လည်း ဆဒုံးမြို့၌ ရေတံခွန်ရှိသည်ဟုပင် မကြားသိခဲ့မိပါ။

စာမျက်နှာ ၁၁ ကော်လံ ၁ ❍

သတင်းဆောင်းပါး	-	တင်ထွေး (သတင်းစဉ်)
ဓာတ်ပုံမှတ်တမ်း	-	မောင်ပြုံးမြင့် (ဘီလူးမြို့)
စာမျက်နှာဖွဲ့စည်းမှု	-	ဝင့်မာသွင် (မြန်မာ့အလင်း)

မြန်မာ့အလင်း

အယ်ဒီတာ့ အာဘော်

(၂၀၁၀ခုနှစ် ဖေဖော်ဝါရီ ၂ ရက်)

မြန်မာ့ရုပ်ရှင်လောက ဖွံ့ဖြိုးတိုးတက်ရေး လက်တွဲညီညီ ကြိုးပမ်း

ရုပ်ရှင်သည် ပြည်သူများအပေါ် ဩဇာလွှမ်းမိုးသက်ရောက်နိုင်စွမ်းရှိသည်။ လူငယ်များ၏ စိတ်ပိုင်းဆိုင်ရာ၊ ကိုယ်ကျင့်တရားပိုင်းဆိုင်ရာတို့ကို ပြုပြင်ပြောင်းလဲစေနိုင်သည်။

ရုပ်ရှင်သည် အနုပညာနှင့်အတတ်ပညာတို့ကို သိမ်မွေ့စွာကူးလူးယှက်နွယ် ဖွဲ့တည်နေသော လုပ်ငန်းဖြစ်သည်။ နိုင်ငံတော်အစိုးရသည် ရုပ်ရှင်လောကဖွံ့ဖြိုးတိုးတက်ရေးအတွက် ရုပ်ရှင်လုပ်ငန်းနှင့် သက်ဆိုင်သောပစ္စည်းများကို ပြည်ပမှမှာယူတင်သွင်းပြီး ရုပ်ရှင်လုပ်ငန်းတွင် အသုံးပြုနေပြီဖြစ်သည်။

ရုပ်ရှင်၊ ဗီဒီယိုနှင့် ပြဇာတ်ပညာရပ်များကို စနစ်တကျတတ်မြောက်သည့် မျိုးဆက်သစ်ပညာရှင်များ ပေါ်ထွန်းပြီး အရည်အသွေး အဆင့်အတန်းမြင့်မားသော ရုပ်ရှင်၊ ဗီဒီယိုဇာတ်ကားကောင်းများ ထုတ်လုပ်နိုင်ရေး ကြိုးပမ်းသွားကြရမည်ဖြစ်သည်။

မြန်မာ့ရုပ်ရှင်လောကဖွံ့ဖြိုးရေးအတွက် ဆောင်ရွက်ရာတွင် ဈေးကွက်ကျယ်ပြန့်ရေးအတွက် ပြည်တွင်းဈေးကွက်သာမက ပြည်ပဈေးကွက်ကိုပါ ထိုးဖောက်နိုင်ရန် ကြိုးပမ်းကြရမည်ဖြစ်သည်။ မြန်မာ့ရုပ်ရှင်သည် ပြည်ပနှင့်အဆင့်အတန်း အရည်အသွေးယှဉ်ပြိုင်နိုင်သော ဇာတ်အိမ်ဇာတ်လမ်း ခိုင်မာပြီး သရုပ်ဆောင်အရည်အသွေးကောင်းမွန်ရန်၊ အရုပ်၊ အသံ၊ အရောင်အသွေးများကောင်းမွန်ရန်၊ ထုတ်လုပ်မှုနှင့်ဖြန့်ဖြူးမှု နိုင်ငံတကာအဆင့်မီရန် ကြိုးပမ်းဆောင်ရွက် သွားကြရမည်ဖြစ်သည်။ သို့မှသာလျှင် မြန်မာ့ရုပ်ရှင်သည် အဆင့်မြင့်မြင့် တိုးတက်လာမည်ဖြစ်သည်။

မိမိနိုင်ငံ၊ မိမိလူမျိုး၏မြင်ကွင်းများ၊ လူနေမှုဓလေ့စရိုက်များကို ပုံဖော်တင်ပြရာတွင် နိုင်ငံနှင့်လူမျိုး၏ ဂုဏ်သိက္ခာနှင့်တန်ဖိုးကို အများ လေးစားတန်ဖိုးထားလာရန် ထင်ဟပ်ပြသနိုင်ရမည်ဖြစ်သည်။

မြန်မာ့ရုပ်ရှင်လောက အဆင့်မြင့်မားရေးအတွက် စွမ်းဆောင်ရာတွင် တစ်ဦးကောင်း၊ တစ်ယောက်ကောင်းနှင့်မရ သရုပ်ဆောင်၊ ဒါရိုက်တာ၊ ဇာတ်ညွှန်း၊ တည်းဖြတ်၊ ရုပ်ရှင်ဓာတ်ပုံနှင့် ရုပ်ရှင်လောကသားများအားလုံး၏ စည်းလုံးညီညွတ်မှု၊ နားလည်ခွင့်လွှတ်မှု၊ ဖွဲ့၊ လုံ့လ၊ ဝီရိယနှင့် ပူးပေါင်းဆောင်ရွက်မှုဖြင့် ကြိုးပမ်းဆောင်ရွက်သွားကြရမည်ဖြစ်သည်။

မြန်မာ့ရုပ်ရှင်သည် နိုင်ငံတကာနှင့်အမီလိုက်နိုင်ပြီး အရည်အသွေးမြင့်မားသော ဇာတ်ကားကောင်းများ ပေါ်ထွက်ရေးအတွက် ရုပ်ရှင်လောကသားများအားလုံးက လက်တွဲညီညီ ကြိုးပမ်းဆောင်ရွက်သွားကြမည်ဆိုပါက နိုင်ငံတကာတွင် မြန်မာ့ရုပ်ရှင်ဇာတ်ကားများ ထိုးဖောက်လာနိုင်မည်ဖြစ်ပါကြောင်း ရေးသားလိုက်ရပါသည်။ ။

ပြည်သူ့သဘောထား

* ပြည်ပအားကိုး ပုဆိန်ရိုး အဆိုးမြင်ဝါဒီများအား ဆန့်ကျင်ကြ။
* နိုင်ငံတော် တည်ငြိမ်အေးချမ်းရေးနှင့် နိုင်ငံတော်တိုးတက်ရေးကို နှောင့်ယှက်ဖျက်ဆီးသူများအား ဆန့်ကျင်ကြ။
* နိုင်ငံတော်၏ ပြည်တွင်းရေးကို ဝင်ရောက်စွက်ဖက် နှောင့်ယှက်သော ပြည်ပနိုင်ငံများအား ဆန့်ကျင်ကြ။
* ပြည်တွင်း ပြည်ပ အဖျက်သမားများအား ဘုံရန်သူအဖြစ် သတ်မှတ်ချေမှုန်းကြ။

နေပြည်တော် ယာဉ်စည်းကမ်းထိန်းသိမ်းရေး ကြီးကြပ်မှုကော်မတီအစည်းအဝေး

တိုင်းမှူး ဗိုလ်ချုပ်ဝေလွင် တက်ရောက်

နေပြည်တော် ဖေဖော်ဝါရီ ၁

နေပြည်တော် ယာဉ်စည်းကမ်းထိန်းသိမ်းရေးကြီးကြပ်မှုကော်မတီ အစည်းအဝေးကို ဇန်နဝါရီ ၂၉ရက် ညနေပိုင်းက နေပြည်တော်တိုင်းစစ်ဌာနချုပ် အစည်းအဝေးခန်းမ၌ ကျင်းပရာ နေပြည်တော်ယာဉ်စည်းကမ်းထိန်းသိမ်းရေး ကြီးကြပ်မှုကော်မတီနာယက နေပြည်တော်တိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်ဝေလွင် တက်ရောက်သည်။

တက်ရောက်

အစည်းအဝေးသို့ နေပြည်တော် ယာဉ်စည်းကမ်းထိန်းသိမ်းရေး ကြီးကြပ်မှုကော်မတီအဖွဲ့ဝင်များ၊ မြို့နယ် ယာဉ်စည်းကမ်းထိန်းသိမ်းရေး ကြီးကြပ်မှုကော်မတီအဖွဲ့ဝင်များ၊ ဌာနဆိုင်ရာ အသီးသီးမှ တာဝန်ရှိပုဂ္ဂိုလ်များ တက်ရောက်ကြသည်။

ရှင်းလင်းတင်ပြ

အစည်းအဝေး၌ တိုင်းမှူးက အဖွင့်အမှာစကားပြောကြားပြီးနောက် ဌာနဆိုင်ရာများမှ လုပ်ငန်းဆောင်ရွက်နေမှု အခြေအနေများကို ရှင်းလင်းတင်ပြကြရာ တိုင်းမှူးက လိုအပ်သည်များ ဖြည့်စွက်မှာကြားပြီး နိဂုံးချုပ်အမှာစကား ပြောကြားကာ အစည်းအဝေးကို ရုပ်သိမ်းလိုက်ကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

စာကြည့်တိုက်များ ရှင်သန်ခိုင်မာရေးနှင့် စာငှားစနစ်ကျင့်သုံးရေး ခင်ဦးမြို့နယ် ပြန်/ဆက် ကွင်းဆင်းဟောပြောဆွေးနွေး

ခင်ဦး ဖေဖော်ဝါရီ ၁

စစ်ကိုင်းတိုင်း ရွှေဘိုခရိုင် ခင်ဦးမြို့နယ် ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာနက မြို့နယ်ဦးစီးမှူး ဒေါ်ကြည်ဆန်းနှင့် ဝန်ထမ်းများသည် ဇန်နဝါရီ ၆ရက်က မုံလှကျေးရွာ ရောင်ခြည်သစ်စာကြည့်တိုက်၌ စာကြည့်တိုက်ကော်မတီဝင်များနှင့်တွေ့ဆုံပြီး စာကြည့်တိုက်ရှင်သန်ခိုင်မာရေး၊ စာငှားစနစ်ကျင့်သုံးရေး၊ စာအုပ်၊ စာစောင်များ စနစ်တကျ မှတ်ပုံတင်ထိန်းသိမ်းထားရှိရေး၊ ရန်ပုံငွေ ထူထောင်ရေးတို့ကို ဟောပြောဆွေးနွေးသည်။

ထို့နောက် စာကြည့်တိုက်ကော်မတီဝင်များက စာကြည့်တိုက် ရှင်သန်ဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းများအား ဆွေးနွေးကြပြီး မြို့နယ်ဦးစီးမှူးက သုတ၊ ရသစာအုပ်များ လှူဒါန်းရာ စာကြည့်တိုက်မှူး ဒေါ်စန်းစန်းမြင့် လက်ခံယူပြီး ကျေးရွာဥက္ကဋ္ဌ ဦးမြင့်ဦးက ကျေးဇူးတင်စကား ပြောကြားသည်။ (မြို့နယ် ပြန်/ဆက်)

ဖျာပုံခရိုင် ဖျာပုံမြို့နယ် အရန်မီးသတ်လေ့ကျင့်ရေး အမှတ်စဉ် ၆/၂၀၀၉ သင်တန်းဆင်းပွဲအခမ်းအနားကို ဇန်နဝါရီ ၂၉ရက်က ခရိုင်မီးသတ်စခန်းတွင် ကျင်းပရာ ဒုတိယရဲမှူးအေးကြူ သင်တန်းသားတစ်ဦးအား သင်တန်းဆင်းလက်မှတ် ပေးအပ်စဉ်။ (၁၅၅)

ရွှေဘိုမြို့နယ် ဆီဆုံကုန်းကျေးရွာ ပျိုးဥယျာဉ်စာကြည့်တိုက်ဖွင့်ပွဲ ကျင်းပ

ရွှေဘို ဖေဖော်ဝါရီ ၁

(၆၂)နှစ်မြောက် လွတ်လပ်ရေးနေ့ကို ဂုဏ်ပြုသောအားဖြင့် ဆီဆုံကုန်းကျေးရွာ ပျိုးဥယျာဉ်စာကြည့်တိုက်ဖွင့်ပွဲ အခမ်းအနားကို ဇန်နဝါရီ ၂ရက် နံနက်၉နာရီက မူလကန်တွင်း ရွှေပေါက်ကျွန်းကျောင်းတိုက်၌ ကျင်းပသည်။

လှည့်လည်ကြည့်ရှု

ရှေးဦးစွာ စာကြည့်တိုက်ကို အလှူရှင် ဦးဇော်အောင်နှင့် ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာနဦးစီးအရာရှိ ဦးညိုဝင်းတို့ **(အပေါ်ပုံ)**က ဖဲကြိုးဖြတ် ဖွင့်လှစ်ပြီး တက်ရောက်လာသူများက စာကြည့်တိုက် အတွင်း လှည့်လည်ကြည့်ရှုကြသည်။

ထို့နောက် ခရိုင်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီအတွင်းရေးမှူး ဦးတင်မြင့်က အမှာစကားပြောကြားပြီး စစ်ကိုင်းတိုင်း ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန တိုင်းဦးစီးမှူး ဦးတင်သန်းဝင်းက စာပေဖတ်ရှုရခြင်း အကျိုး ခေါင်းစဉ်ဖြင့် ဟောပြောဆွေးနွေးသည်။

ပေးအပ်လှူဒါန်း

ဆက်လက်ပြီး စာအုပ်လှူဒါန်းပွဲ ကျင်းပရာ ခရိုင်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီအတွင်းရေးမှူး ဦးတင်မြင့်၊ မြို့နယ်ရဲတပ်ဖွဲ့မှူး ဒုတိယရဲမှူး မျိုးအောင်၊ ခရိုင်ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန ဦးစီးအရာရှိ ဦးညိုဝင်းနှင့် အလှူရှင်များက သုတ၊ ရသ စာအုပ်ပေါင်း ၃၀၀ကျော်ကို ပေးအပ်လှူဒါန်းပြီး စာကြည့်တိုက်မှူး ဦးဇော်အောင်က လက်ခံယူသည်။

(ခရိုင် ပြန်/ဆက်)

ဇန်နဝါရီ ၃ရက်က မင်္ဂလာတောင်ညွန့်မြို့နယ် အထက(၁) မြတ်မင်္ဂလာခန်းမ၌ ယခင်ကန်တော်ကလေး စတိတ်ကျောင်းသား ကျောင်းသူဟောင်းများ၏ သတ္တမအကြိမ်မြောက် မြတ်ဆရာပူဇော်ပွဲအတွက် ပထမအကြိမ် အလှူငွေပေးအပ်ပွဲတွင် ကျောင်းသား ကျောင်းသူဟောင်းများဖြစ်ကြသော ဒုတိယဗိုလ်မှူးကြီး ဒေါက်တာခင်မိုးကြွယ်နှင့် အစ်ကို ဦးအောင်စိုးတို့က ငွေကျပ် တစ်သိန်းနှင့် ကျောင်းသား ကျောင်းသူဟောင်းများ စုပေါင်းလှူဒါန်းငွေကျပ် ၉၀၀၀၀၀ စုစုပေါင်းငွေကျပ် ၁၀သိန်းကို ကျောင်းအုပ်ဆရာမကြီး ဒေါ်ခင်ဌေးဝင်းထံ ပေးအပ်လှူဒါန်းစဉ်။ (ပညာရေး)

နေပြည်တော်မြန်မာ့အသံ ရေဒီယိုအစီအစဉ်

(ဗုဒ္ဓဟူးနေ့-နံနက်+နေ့လယ်+ည)

၃-၂-၂၀၁၀

- ၇း၀၀ အဖွင့်တီးလုံး+နှုတ်ခွန်းဆက် နိုင်ငံတော်သီချင်း+ ကြေညာချက်
- ၇း၀၅ တရားတော် **(ရတနသုတ်)** ဓမ္မပူဇာတေးပဒေသာ
- ၇း၃၀ (၃၈)ဖြာမင်္ဂလာ
- ၇း၃၅ နံနက်ခင်းတေးပဒေသာ
- ၈း၀၀ စံတော်ချိန် + သတင်း ဆောင်းပါး
- ၈း၁၀ နံနက်ခင်းတေးပဒေသာ
- ၉း၀၀ အစီအစဉ်ပြီး၏။
- ၁၀း၀၀ အမှတ်တရတေးလက်ဆောင်
- ၁၀း၃၀ သတင်းစာအာဘော်
- ၁၀း၃၅ တေးပဒေသာ
- ၁၁း၀၀ နေ့လယ်ခင်းသတင်း
- ၁၁း၁၀ ထူးဆန်းထွေလာ ဤမြေကမ္ဘာ(၂၅) နေ့လယ်ခင်းတေးပဒေသာ
- ၁၁း၃၀ ဆိုကြပျော်ရွှင်တေးသံစဉ်(၆၆) တေးပဒေသာ
- ၁၂း၀၀ စံတော်ချိန် နေ့လယ်ခင်း တေးပဒေသာ
- ၁၂း၂၅ ဇာတ်လမ်းပမာနားဆင်စရာ (နှလုံးစိမ်းများ)
- ၁၂း၄၅ တေးပဒေသာ
- ၁၃း၀၀ မွန်းလွဲပိုင်းသတင်း
- ၁၃း၁၀ တေးပဒေသာ
- ၁၆း၀၀ အဖွင့်တီးလုံး+ကြေညာချက် ညနေခင်းတေးပဒေသာ
- ၁၆း၂၀ ဆောင်းပါး
- ၁၆း၃၀ စစ်သည်အတွက် တေးလက်ဆောင်
- ၁၇း၀၀ ခံတွင်းမြိန်စရာသူ့လက်ရာ (ရှမ်းထမင်းချဉ်)
- ၁၇း၁၀ Current Song (7)
- ၁၇း၂၅ သတင်းစာဆောင်းပါး
- ၁၇း၃၀ တေးပဒေသာ
- ၁၈း၀၀ ညနေခင်းသတင်း
- ၁၈း၁၀ ချစ်ခြင်းဖြေသိမ့်တေးသံငြိမ့်(၃၅)
- ၁၈း၂၀ ကျေးလက်ဇာတ်လမ်း (သည်မြေသည်ရေ)
- ၁၈း၃၀ တူယှဉ်သီကြွေး စုံတွဲတေး
- ၁၉း၀၀ နိုင်ငံတကာသတင်း
- ၁၉း၀၅ သံစဉ်တေးသွား မေတ္တာစကား နိုင်ငံရေးဦးတည်ချက်
- ၁၉း၁၅ အနုအလှအစုံစုံ သူ့ဘာဝအဖုံဖုံ (ခင်ဇာခြည်ကျော်)
- ၁၉း၃၀ တေးပဒေသာ
- ၁၉း၄၀ ဝတ္ထုတိုခံစားမှု(ရက်စက်ပါ့ မယ်ကြော့ရယ်)
- ၂၀း၀၀ ပြည်တွင်းသတင်း စီးပွားရေးဦးတည်ချက်
- ၂၀း၂၀ သူ့ခေတ်သူ့ခါတေးကမ္ဘာ
- ၂၀း၅၀ ကျန်းမာရေးရာသိကောင်းစရာ (ဆေးဖက်အသုံးဝင် ခွေးတောက်နွယ်ပင်) လူမှုရေးဦးတည်ချက်
- ၂၁း၀၀ ခံစားနားဆင် မြန်မာတေးသံစဉ်
- ၂၁း၃၀ ညချမ်းချိန်ခါတေးပဒေသာ

တမူးနှင့် မော်လိုက်ခရိုင်များရှိ ဒေသဖွံ့ဖြိုးရေးလုပ်ငန်းများ
တိုင်းမှူး ဗိုလ်ချုပ်မြင့်စိုး ကြည့်ရှုစစ်ဆေး

နေပြည်တော် ဖေဖော်ဝါရီ ၁

စစ်ကိုင်းတိုင်းအေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ ဥက္ကဋ္ဌ အနောက်မြောက်တိုင်း စစ်ဌာနချုပ်တိုင်းမှူး ဗိုလ်ချုပ်မြင့်စိုးသည် တာဝန်ရှိသူများလိုက်ပါလျက် ဇန်နဝါရီ ၂၀ရက်က စစ်ကိုင်းတိုင်း တမူးခရိုင် တမူးမြို့ရှိ ခရိုင်အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီရုံး အစည်းအဝေးခန်းမ၌ ကျင်းပသည့် ခရိုင်နှင့်မြို့နယ် ဌာနဆိုင်ရာများနှင့် တွေ့ဆုံပွဲ အခမ်းအနားသို့ တက်ရောက်သည်။

အခမ်းအနားတွင် တမူးမြို့နယ်နှင့် မြို့သစ်မြို့နယ် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌများက နယ်မြေ ဒေသဖွံ့ဖြိုးရေးလုပ်ငန်းများ ဆောင်ရွက်ထားရှိမှုကို ရှင်းလင်းတင်ပြမှုအပေါ် ခရိုင် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ အဖွဲ့ဝင်က ဖြည့်စွက် ရှင်းလင်းတင်ပြသည်။

ဝိုင်းဝန်းကြိုးပမ်း

ထို့နောက် တိုင်းမှူးက လိုအပ်သည်များကို ပံ့ပိုးဖြည့်ဆည်းဆောင်ရွက်ပေးခဲ့ပြီး ဒေသဖွံ့ဖြိုးတိုးတက်ရေးအတွက် ဒေသခံပြည်သူများနှင့် လက်တွဲကာ ဝိုင်းဝန်းကြိုးပမ်း ဆောင်ရွက်သွားကြရန် မှာကြားသည်။

ဆက်လက်၍ တိုင်းမှူးနှင့်အဖွဲ့သည် တမူး-စေတီလမ်းပေါ်ရှိ နယ်စပ်ကုန်သွယ်ရေး ကုန်သည်များအသင်းရုံး ဆောက်လုပ်မည့် မြေနေရာအား ကြည့်ရှုစစ်ဆေးခဲ့ပြီး ကံကြီးဝတံတားချဉ်းကပ်လမ်း ရှင်းလင်းဆောင်သို့ ရောက်ရှိရာ တာဝန်ရှိသူများက လုပ်ငန်းဆောင်ရွက်နေမှု အခြေအနေများ ရှင်းလင်းတင်ပြမှုအပေါ် တိုင်းမှူးက လိုအပ်သည်များကို မှာကြားသည်။ ထို့နောက် တိုင်းမှူးနှင့်အဖွဲ့သည် တမူးမြို့ နန့်ဖာလုံဈေးသို့ ရောက်ရှိကာ ဈေးအတွင်း လှည့်လည်ကြည့်ရှုစစ်ဆေးသည်။ ဆက်လက်၍ တိုင်းမှူးနှင့်အဖွဲ့သည် တမူးမြို့ နယ်စပ်ကုန်သွယ်ရေးဦးစီးဌာန အစည်းအဝေးခန်းမ၌ ကျင်းပသည့် တွေ့ဆုံပွဲအခမ်းအနားသို့ တက်ရောက်ပြီး နယ်စပ်ကုန်သွယ်ရေး ဦးစီးဌာန ဒုတိယညွှန်ကြားရေးမှူး ဦးမြင့်ရှိန်နှင့် ကုန်သည်ကြီးများအသင်း ဥက္ကဋ္ဌ ဦးလှမောင်တို့က နယ်စပ်ကုန်သွယ်မှု အခြေအနေများကို ရှင်းလင်းတင်ပြရာ တိုင်းမှူးက လိုအပ်သည်များကို မှာကြား ဖြည့်ဆည်းဆောင်ရွက်ပေးသည်။

တိုးချဲ့စိုက်ပျိုး

ထိုမှတစ်ဆင့် တိုင်းမှူးနှင့်အဖွဲ့သည် တမူး-ကလေးကားလမ်းအတိုင်း ထွက်ခွာခဲ့ရာလမ်းဘေး ဝဲ၊ ယာရှိ အောင်မြင်ဖြစ်ထွန်းလျက်ရှိသော ရော်ဘာစိုက်ခင်းများကို ကြည့်ရှုစစ်ဆေးရာ **(ယာပုံ)** စိုက်ပျိုးရေး တာဝန်ခံက ရှင်းလင်းတင်ပြခဲ့ပြီး တိုင်းမှူးက လိုအပ်သည်များကို မှာကြားသည်။ တမူးခရိုင်အတွင်း ၂၀၀၅-၂၀၀၆ ခုနှစ်မှ ၂၀၀၉-၂၀၁၀ ခုနှစ်အထိ ရော်ဘာစိုက်ပျိုးဧက ၆၂၆ဧက စိုက်ပျိုးထားရှိခဲ့ပြီး၂၀၁၀-၂၀၁၁ ခုနှစ်တွင် ရော်ဘာဧက ၂၀၀၀ အထိ တိုးချဲ့စိုက်ပျိုးရန် လျာထားကြောင်း သိရှိရသည်။

စိုက်ပျိုးအောင်မြင်မှု

ထို့နောက်တိုင်းမှူးနှင့်အဖွဲ့သည် တမူးမြို့နယ် ထန်းတပင်ကျေးရွာ နွေစပါးစပေါင်းထွန်ယက်ပွဲသို့ ရောက်ရှိ စစ်ဆေးရာ မြို့နယ်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေး ကောင်စီ ဥက္ကဋ္ဌနှင့် တာဝန်ရှိသူများက နွေစပါးစိုက်ပျိုးထားရှိမှု အခြေ အနေများကို ရှင်းလင်းတင်ပြကြပြီး တိုင်းမှူးက လိုအပ်သည်များကို မှာကြားခဲ့ကြောင်းသိရသည်။

ဆက်လက်၍ တိုင်းမှူးနှင့် အဖွဲ့သည် မော်လိုက်-စော်ဘွား ရေရှင်လမ်းအရှည် (၃၃/၀)မိုင်အား မော်တော်ယာဉ်များဖြင့် လှည့်လည်ကာ လမ်းပိုင်းအခြေအနေနှင့် လမ်းဘေး ဝဲ၊ ယာ ဆောင်းသီးနှံစိုက်ခင်းများ စိုက်ပျိုးအောင်မြင်နေမှု အခြေအနေများကို ကြည့်ရှုစစ်ဆေးသည်။

(သတင်းစဉ်)

သတ္တမအကြိမ် အနာကြီးရောဂါကင်းဝေးရေးအထိမ်းအမှတ်နေ့

၂၀၁၀ခုနှစ်၊ ဖေဖော်ဝါရီလ (၆)ရက်နေ့၊ စနေနေ့

LEPROSY ELIMINATION COMMEMORATIVE DAY

“ကိုယ်အင်္ဂါချို့ယွင်းမှုမဖြစ်ရေး၊ မိမိကိုယ်ကို ကာကွယ်စောင့်ရှောက်ပေး”

"PROMOTE SELF-CARE; PREVENT DISABILITY"

ကျန်းမာရေးဝန်ကြီးဌာန

ပွင့်လင်းရာသီအတွင်းအလားအလာကောင်းသော ဘူမိအနေအထားများရှာဖွေ
အချိန်မီပြီးစီးအောင်တူးဖော်၊ စီးပွားဖြစ်ထုတ်လုပ်နိုင်ရေးအမြန်ဆုံးစတင်

နေပြည်တော် ဖေဖော်ဝါရီ ၁

စွမ်းအင်ဝန်ကြီးဌာနဝန်ကြီး ဗိုလ်မှူးချုပ်လွန်းသီသည် တာဝန်ရှိသူများ လိုက်ပါလျက် ထိုင်းနိုင်ငံ PTTEP ကုမ္ပဏီမှ CEO Mr.Anon Sirisaengtaksin နှင့် အဖွဲ့နှင့်အတူ ယနေ့ နံနက်ပိုင်းတွင် မုတ္တမကမ်းလွန်ဒေသလုပ်ကွက်အမှတ် M-9 ရှိ အကဲဖြတ်တွင်းအမှတ် ဇော်တိက (၉)၌ တူးဖော်ထုတ်လုပ်စမ်းသပ်မှု အခြေအနေကို သွားရောက်ကြည့်ရှုစစ်ဆေးသည်။



စွမ်းအင်ဝန်ကြီးဌာနဝန်ကြီး ဗိုလ်မှူးချုပ်လွန်းသီသည် မုတ္တမကမ်းလွန်ဒေသ လုပ်ကွက်အမှတ် M-9 ရှိ အကဲဖြတ်တွင်းအမှတ် ဇော်တိက (၉)၏ သဘာဝဓာတ်ငွေ့ မီးရှို့စမ်းသပ်မှုကို ထုတ်လုပ်ရေး Valve ဘားဖွင့်ပြီး အောင်မြင်စွာ မီးရှို့စမ်းသပ် ပေးစဉ်။

(စွမ်းအင်)

ရှင်းလင်းတင်ပြ

ရေးဦးစွာ ဝန်ကြီးနှင့်အဖွဲ့သည် မုတ္တမကမ်းလွန်ရှိ ရေနံတွင်းတူးစက် Actinia ပေါ်သို့ ရောက်ရှိကြရာ PTTEP ကုမ္ပဏီမှ Drilling Superintendent Mr. Pasook Eagark နှင့် တာဝန်ရှိသူများက အကဲဖြတ်တွင်းအမှတ် ဇော်တိက(၉) အောင်မြင်စွာ တူးဖော်စမ်းသပ်ပြီးစီးမှု အခြေအနေ၊ M -9 ၏ အလားအလာများနှင့် ဆက်လက်ဆောင်ရွက်ရမည့် လုပ်ငန်းများကို ရှင်းလင်းတင်ပြကြပြီး ဝန်ကြီးက ၂၀၁၀ခုနှစ် ပွင့်လင်းရာသီအတွင်း အလားအလာကောင်းသော ဘူမိအနေအထားများ၌ ရှာဖွေရေးအကဲဖြတ်တွင်းများ အချိန်မီပြီးစီးအောင် တူးဖော်သွားရေးနှင့် စီးပွားဖြစ်ထုတ်လုပ်နိုင်ရေးကို အမြန်ဆုံး စတင်နိုင်ရန် မှာကြားသည်။

ထို့နောက် ဝန်ကြီးသည် တွင်းတူးစက်၌ တာဝန်ထမ်းဆောင်နေကြသော နိုင်ငံခြားသား ပညာရှင်များနှင့် မြန်မာ့ရေနံနှင့် သဘာဝဓာတ်ငွေ့လုပ်ငန်းမှ ပညာရှင်ဝန်ထမ်းများအား ဂုဏ်ပြုသစ်သီးခြင်း လက်ဆောင်ပေးအပ်ပြီး အကဲဖြတ်တွင်းအမှတ် ဇော်တိက(၉)၏ သဘာဝ ဓာတ်ငွေ့ မီးရှို့စမ်းသပ်မှုကို ထုတ်လုပ်ရေး Valve ဘားဖွင့်၍ အောင်မြင်စွာမီးရှို့ စမ်းသပ်ပေးသည်။

မုတ္တမကမ်းလွန် လုပ်ကွက်အမှတ် M-9 ရှိ ဇော်တိကစီမံကိန်းသည် ထိုင်းနိုင်ငံ PTTEP ကုမ္ပဏီနှင့် နှစ်နိုင်ငံအကျိုးတူ ပူးပေါင်းဆောင်ရွက်လျက်ရှိသော ကမ်းလွန်လုပ်ကွက်တစ်ခုဖြစ်ပြီး အဆိုပါလုပ်ကွက်၌ ၂၀၀၅ ခုနှစ်မှ ယခုအထိရှာဖွေရေးနှင့် အကဲဖြတ်တွင်းပေါင်း စုစုပေါင်း ၁၈တွင်း တူးဖော်ခဲ့သည့် Drilled Structure များအရ သဘာဝဓာတ်ငွေ့ခိုအောင်းနိုင်မှု ပမာဏအနေဖြင့် ပျမ်းမျှ ၅ ဒသမ ၄ TCF ခန့်ရှိပြီး ပညာရှင်များ တွက်ချက်မှုအရ သဘာဝဓာတ်ငွေ့အနည်းဆုံး ၁ ဒသမ ၇ TCF မှ အများဆုံး ၁၀ ဒသမ ၇ TCF အထိ ခိုအောင်းနိုင်ကြောင်း ခန့်မှန်းထားရာ မြန်မာနိုင်ငံ၏ မုတ္တမကမ်းလွန်ဒေသ၌ နိုင်ငံတော်အတွက် နောက်ထပ် စီးပွားဖြစ်ထုတ်လုပ်နိုင်မည့် သဘာဝဓာတ်ငွေ့စီမံကိန်းအသစ် ပေါ်ထွက်လာတော့မည်ဖြစ်ကြောင်း သတင်းရရှိသည်။

(သတင်းစဉ်)

အားကစားဝန်ကြီးဌာန ဝန်ကြီးဗိုလ်မှူးချုပ်သူရအေးမြင့်
ပြည်နယ်/တိုင်း စက်ဘီးပြိုင်ပွဲဖွင့်ပွဲ အခမ်းအနားတက်ရောက်

နေပြည်တော် ဖေဖော်ဝါရီ ၁

မြန်မာနိုင်ငံအိုလံပစ်ကော်မတီဥက္ကဋ္ဌ အားကစားဝန်ကြီးဌာနဝန်ကြီး ဗိုလ်မှူးချုပ်သူရအေးမြင့်သည် ယနေ့ညနေ ၃ နာရီခွဲတွင် ရန်ကုန်မြို့ သုဝဏ္ဏစက်ဘီး အားကစားပြိုင်ကွင်း၌ ကျင်းပသည့် ၂၀၁၀ ခုနှစ် အကြိမ်(၄၀)မြောက် ပြည်နယ်/တိုင်း စက်ဘီးပြိုင်ပွဲ ဖွင့်ပွဲအခမ်းအနားသို့ တက်ရောက်သည်။

တက်ရောက်

အဆိုပါအခမ်းအနားသို့ အားကစားဝန်ကြီးဌာနမှ တာဝန်ရှိသူများ၊ မြန်မာနိုင်ငံ အမျိုးသမီးအားကစားအဖွဲ့ချုပ် ဗဟိုလုပ်ငန်းကော်မတီဥက္ကဋ္ဌ ဒေါ်အေးအေးနှင့် တာဝန်ခံ နာယကများ၊ အထူးဖိတ်ကြားထားသူများ၊ မြန်မာနိုင်ငံစက်ဘီးအဖွဲ့ချုပ်မှ တာဝန်ရှိသူများ၊ နည်းပြအုပ်ချုပ်သူနှင့် ပြိုင်ပွဲဝင် အားကစားသမားများ တက်ရောက်ကြသည်။

အစီအစဉ်အရ ပြိုင်ပွဲဝင်အသင်းများ ကွင်းအတွင်းနေရာယူကြပြီး ယမန်နှစ် ချန်ပီယံ ရန်ကုန်တိုင်းအမျိုးသားအသင်းနှင့် အမျိုးသမီးအသင်းတို့က ဆုဖလားနှင့် တံခွန်စိုက်ဒိုင်းဆုကြီးများကို ပြန်လည်အပ်နှံကြသည်။ ထို့နောက် မြန်မာနိုင်ငံ အိုလံပစ်ကော်မတီဥက္ကဋ္ဌ အားကစားဝန်ကြီးဌာန ဝန်ကြီးဗိုလ်မှူးချုပ်သူရအေးမြင့်က အဖွင့်အမှာစကားပြောကြားကာ ပြိုင်ပွဲကို ဖွင့်လှစ်ပေးသည်။

ယင်းနောက် ဝန်ကြီးနှင့် တာဝန်ရှိသူများက ပြိုင်ပွဲဝင်အသင်းများအား လိုက်လံနှုတ်ဆက်ကြပြီး ပြိုင်ပွဲဝင်အသင်းများက အားကစားသစ္စာအဓိဋ္ဌာန်(၄)ချက် ရွတ်ဆိုကြကာ ပြိုင်ပွဲများကို စတင်ကျင်းပသည်။

အဆိုပါပြိုင်ပွဲသို့ ပြည်နယ်နှင့်တိုင်းများမှ အသင်း ၁၁သင်း ပါဝင်ယှဉ်ပြိုင်ကြပြီး ပြိုင်ပွဲကို ဖေဖော်ဝါရီ ၇ရက်အထိ နေ့စဉ် နံနက် ၈ နာရီတွင် စတင်ကျင်းပသွားမည်ဖြစ်ကြောင်း သတင်းရရှိသည်။

(သတင်းစဉ်)

Envoy News ဂျာနယ်
အတွဲ(၁)၊ အမှတ်(၁) စတင်ထုတ်ဝေ

ရန်ကုန် ဖေဖော်ဝါရီ ၁

ဂျပန်သင်္ဘောလိုင်းများမှ မြန်မာသင်္ဘောသားသုံးသိန်းခေါ်မည်။ အနာဂျက်ဆင်ဆေးအတုသောက်ကြလို့ ဒုက္ခရောက်ရသူ၊ လိင်အင်္ဂါနှစ်ခုပါတဲ့ ကလေးငယ်၊ မြန်မာအလုပ်သမားတွေ ပြည်တော်ပြန်လာလို့ ထိုင်းမှာအလုပ်သမားရှားပါးမှုပြဿနာ၊ ပြည်ကြီးငါးတွေကို ဖူဂျီနဲ့လှော်ပြီး ရောင်းချနေ၊ ရန်ကုန်မှာဈေးကွက်ကျယ်ပြန့်လာတဲ့ နာဂစ်ကြွက်သား၊ ဟန်းဆက်ပြဿနာအမေးအဖြေ အပတ်စဉ်ကဏ္ဍ၊ အခြား လူမှုရေးကွန်ရက်များ၊ နေပြည်တော်မှာ နိုင်ငံတော်အနုပညာရှင် ၁၁ဦးနဲ့ ဆန်းဆန်းပြားပြားရိုက်ကွင်းတည်ခဲ့တဲ့ ဒါရိုက်တာ စင်ရော်မောင်မောင်၊ နေတိုး၊ မင်းဦး၊ မိုးအောင်ရင်၊ စိုင်းစိုင်းခမ်းလှိုင်၊ အိန္ဒြာကျော်ဇင်၊ မယ်လိုဒီ၊ သဇင်၊ အေးမြတ်သူ၊ သင်ဇာဝင့်ကျော်၊ အွန်ဆိုင်း၊ ဝတ်မှုန်ရွှေရည်တို့ရဲ့ ထူးထူးခြားခြားရောင်စုံဓာတ်ပုံများ၊ ဇော်ဝင်းထွဋ်နဲ့ နိုင်ငံကျော်တွေ၊ အဆိုတော်တွေစုပေါင်းသီဆိုထားတဲ့ သီချင်း ရုပ်သံတွေမှာ ထုတ်လွှင့်တော့မည်၊ ၂၀၁၀မှာ ဒုတိယအကြိမ် ထပ်ကြုံတွေ့ဖွယ်ရှိနေတဲ့ အယ်လ်နီညို၊ မလေးရှားအလုပ်သမားအေးဂျင့် ကုမ္ပဏီများမှ အလုပ်ခေါ်ယူမှုရပ်ဆိုင်း၊ လက်ရှိအာဏာရသမ္မတပြန်လည်ရွေးကောက်ခံရတဲ့ သီရိလင်္ကာရွေးကောက်ပွဲ၊ ကမ္ဘာကိုဖျက်မည့် ဥက္ကာပျံတွေကို နျူကလီးယားဗုံးနဲ့ တားဆီးမယ်ဆိုတဲ့အကြောင်း၊ လူနှစ်ဦးကွပ်မျက်ခံခဲ့ရတဲ့ အီရန်ရွေးကောက်ပွဲ နောက်ဆက်တွဲ ဂယက်၊ မောင်ဝံသ၊ အောင်သင်းနဲ့ကိုကိုလှိုင်၊ မြသန်းစံတို့ရဲ့ ဆောင်းပါးများ၊တခြား ပညာရေး၊ ကျန်းမာရေး၊ အိုင်တီနည်းပညာသတင်းများ၊ အားကစားသတင်းများကို စုံစုံလင်လင် တင်ပြထားသည့် Envoy Infotainment Journal အသစ်ကို အမှတ် ၄(A) မြေနီကုန်း ပလာဇာရှိ Envoy ဂျာနယ်တိုက် ဖုန်း-၅၁၂၇၇၁မှ စတင်ထုတ်ဝေဖြန့်ချိလိုက်ကြောင်း သတင်းရရှိသည်။

(သတင်းစဉ်)

နေတိုးနှင့် အာဖဂန် တပ်ပွဲ့ဝင်များအကြား တိုက်ပွဲဖြစ်ပွား

ဂါနီ ဖေဖော်ဝါရီ ၁

နေတိုးတပ်ဖွဲ့ဝင်များနှင့် ၎င်းတို့၏ အာဖဂန်နစ္စတန်စစ်ဘက် မဟာမိတ်တပ်ဖွဲ့ဝင်များ တိုက်ပွဲဖြစ်ပွားရာတွင် လေကြောင်းတိုက်ခိုက်မှုကြောင့် အာဖဂန်တပ်ဖွဲ့ဝင် လေးဦးသေဆုံးပြီး ခြောက်ဦးဒဏ်ရာရရှိသွားကြောင်း အာဖဂန်နစ္စတန်ပြည်နယ် အရာရှိများက ဇန်နဝါရီ ၃၀ရက်တွင် ပြောကြားသည်။

အပြန်အလှန်

ကဘူးလ်မြို့တော် အနောက်တောင်ဘက် ဝါဒက်ပြည်နယ်အတွင်း ဇန်နဝါရီ ၂၉ရက်ညက စစ်ဆင်ရေးများ ဆင်နွှဲစဉ် နေတိုးတပ်ဖွဲ့ဝင်များနှင့် အာဖဂန်တပ်ဖွဲ့ဝင်များအကြား အပြန်အလှန်ပစ်ခတ်မှုများ ဖြစ်ပွားကြောင်း ပြည်နယ်အုပ်ချုပ်ရေးမှူး၏ ပြောရေးဆိုခွင့်ရှိသူ ရှာဟတ်က ပြောကြားသည်။

သေဆုံး

အာဖဂန်တပ်စခန်းကို နေတိုးတပ်များက လေကြောင်းမှ တိုက်ခိုက်သဖြင့် အာဖဂန်တပ်ဖွဲ့ဝင်လေးဦး သေဆုံးပြီး ခြောက်ဦး ဒဏ်ရာရရှိသွားကြောင်း၊ မည်သည့်အတွက် ယင်းသို့ဖြစ်ရသည်ကို မသိရကြောင်း၊ ဝမ်းနည်းဖွယ်ကောင်းကြောင်း ၎င်းကပြောကြားသည်။

အမ်အင်န်အေ၊ ရိုက်တာ

တရုတ်နိုင်ငံ ယူနန်ပြည်နယ် ကူမင်းမြို့ ဆောင်းရာသီပွဲတော်၌ တရုတ်ကျားနှစ်ကို ကြိုဆိုသောအားဖြင့် လမ်းတစ်လျှောက်တွင် ကျားရုပ်များဖြင့် အလှဆင်ထားသည်ကို ဇန်နဝါရီ ၃၁ရက်က တွေ့ရစဉ်။ (ဆင်ဟွာဓာတ်ပုံ)

အာဖဂန်အစိုးရနှင့်ဆွေးနွေးရေးကိစ္စ တာလီဘန်တို့ အမြန်ဆုံးဖြတ်မည်ဟုဆို

ကဘူးလ် ဖေဖော်ဝါရီ ၁

တာလီဘန်ခေါင်းဆောင်များသည် အာဖဂန်နစ္စတန်အစိုးရနှင့် ဆွေးနွေးပွဲတွင် ပါဝင်မည်၊ မပါဝင်မည်ဆိုသည့်ကိစ္စကို အမြန်ဆုံး ဆုံးဖြတ်သွားမည်ဖြစ်ကြောင်း တာလီဘန်စစ်သွေးကြွပြောခွင့်ရပုဂ္ဂိုလ်တစ်ဦးက ဇန်နဝါရီ ၂၉ရက်၌ ပြောကြားသည်။

အာဖဂန်နစ္စတန်စစ်ပွဲ ပြီးဆုံးရေးကို ရည်ရွယ်သည့် ငြိမ်းချမ်းရေးဆွေးနွေးပွဲသို့ တက်ရောက်ရန် တာလီဘန်တို့အား အာဖဂန်နစ္စတန်သမ္မတဟာမစ်ကာဇိုင်းက ဖိတ်ကြားပြီးနောက် ယင်းသို့ပြောကြားခြင်းဖြစ်သည်။

အဆိုးရွားဆုံး

အာဖဂန်နစ္စတန်နိုင်ငံတောင်ပိုင်းတွင် အသေခံတိုက်ခိုက်သူများက အာဖဂန်နစ္စတန်နိုင်ငံ၌ အဆိုးရွားဆုံးအကြမ်းဖက်မှုများ ဖြစ်ပွားရာဒေသဖြစ်သော ဟယ်လ်မန့်ပြည်နယ်မြို့တော်တွင် စီးနင်းတိုက်ခိုက်မှုများပြုလုပ်လျက်ရှိကြောင်း၊ သေနတ်သမားများအနေဖြင့် တိုက်တာအဆောက်အအုံများတွင် ပုန်းအောင်းနေပြီး အစိုးရနှင့် မြောက်အတ္တလန္တိတ်စစ်စာချုပ်အဖွဲ့ (နေတိုး) တပ်ဖွဲ့များအား တိုက်ခိုက်နေကြောင်း၊ နေတိုးတပ်ဖွဲ့များက ရဟတ်ယာဉ်များဖြင့် ပြန်လည် တိုက်ခိုက်ပစ်ခတ်ကြောင်း သိရသည်။

သတင်းရရှိ

တိုက်ပွဲမှာ ညနေပိုင်းတွင် ရပ်စဲသွားကြောင်း၊ သေနတ်ကျည်ဆန်ရာများဖြင့် သေနတ်သမားလေးဦး၏အလောင်းများကို အာဖဂန်တပ်ဖွဲ့ဝင်များက အဆောက်အအုံတစ်ခုမှ လမ်းပေါ်သို့ တရွတ်တိုက်ဆွဲလာပြီး အများမြင်အောင် ပြသထားကြောင်း သတင်းရရှိသည်။ **အမ်အင်န်အေ၊ ရိုက်တာ**

ဈေးဓာတ်အားပေးစက်ရုံများ တည်ဆောက်ရေး တူရကီနှင့် ရုရှားလက်မှတ်ရေးထိုး

အန်ကာရာ ဖေဖော်ဝါရီ ၁

လာမည့်နှစ်အနည်းငယ်အတွင်း တူရကီနိုင်ငံ၌ လျှပ်စစ်ဓာတ်အား ပိုမိုသုံးစွဲလာမှုကို ဖြည့်ဆည်းဖြန့်ဖြူးပေးရန်အတွက် ဈေးကလီးယားဓာတ်အားပေးစက်ရုံ အများအပြား တည်ဆောက်ရန်လိုအပ်ကြောင်း ဇန်နဝါရီ ၃၀ရက်က တူရကီစီးပွားရေးအဖွဲ့၏ ပြောကြားချက်ကိုကိုးကား၍ အစိုးရအာဘော်တစ်ပိုင်းဖြစ်သော အနာတိုလီယာသတင်းဌာနက သတင်းထုတ်ပြန်ကြေညာသည်။

ဖော်ပြ

တူရကီနိုင်ငံ၌ ၂၀၁၀ခုနှစ်အတွင်း လျှပ်စစ်ဓာတ်အား ၂၀၂ဒသမ၇ဘီလီယံ ကီလိုဝပ်နာရီ လိုအပ်ရာမှ အနာဂတ်ကာလ စီးပွားရေးဖွံ့ဖြိုးတိုးတက်မှုနှင့်အတူ ၂၀၁၈ခုနှစ် အရောက်၌ ၃၅၇ဒသမ၂ဘီလီယံ ကီလိုဝပ်နာရီလိုအပ်မည်ဖြစ်ကြောင်း တူရကီစွမ်းအင်ဈေးကွက်လေ့လာရေးအစီရင်ခံစာ၌ ဖော်ပြသည်။

ပြသ

ယင်းလေ့လာချက်မှာ ဈေးကလီးယားဓာတ်အားပေးစက်ရုံများအတွက် ရင်းနှီးမြှုပ်နှံရာ၌ တူရကီနိုင်ငံအနေဖြင့် များစွာနောက်ကျနေသည်ကို ပြသခြင်းဖြစ်ကြောင်း၊ ပြီးခဲ့သည့် ၁၀နှစ်ခန့်မှစတင်က ဈေးကလီးယားဓာတ်အားပေးစက်ရုံများ တည်ဆောက်ခဲ့ပါက ယခုကဲ့သို့ လျှပ်စစ်လိုအပ်မှုနှင့် ကြုံတွေ့ရမည်မဟုတ်ကြောင်း အန်ကာရာကူးသန်းရောင်းဝယ်ရေးအသင်းဥက္ကဋ္ဌ စီနာအာဂန်က ပြောကြားသည်။

တူရကီစွမ်းအင်ဝန်ကြီးဌာန ဝန်ကြီးနှင့် ရုရှားဒုတိယဝန်ကြီးချုပ်တို့သည် ဇန်နဝါရီလ အစောပိုင်းက တူရကီနိုင်ငံအတွင်း ဈေးကလီးယားဓာတ်အားပေးစက်ရုံများ တည်ဆောက်ရန် နားလည်မှုစာချွန်လွှာများ၌ လက်မှတ်ရေးထိုးခဲ့ကြောင်း သိရသည်။ **အမ်အင်န်အေ၊ ဆင်ဟွာ**

ဟေတီနိုင်ငံ ပို့အော်ပရင့်စ်၌ ငလျင်ကြောင့် မိဘမဲ့ဖြစ်ခဲ့ရသည့် ကလေးငယ်များအား ဖေဖော်ဝါရီ ၁ရက်က တွေ့ရစဉ်။ (ဆင်ဟွာဓာတ်ပုံ)

တရုတ်တောင်ပိုင်း၌ မိုးခေါင်နေ

နန်နင်း ဖေဖော်ဝါရီ ၁

တရုတ်ပြည်သူ့သမ္မတနိုင်ငံတောင်ပိုင်း ကွမ်စီကျွမ်းကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသတွင် အချိန်ကာလကြာမြင့်စွာ မိုးခေါင်ရေရှားဖြစ်ပွားနေသဖြင့် ပြည်သူ ၂၄၀၀၀၀နှင့် ကျွဲ၊ နွားတိရစ္ဆာန် ၁၁၀၀၀၀တို့သည် သောက်သုံးရေ အလုံအလောက်မရရှိကြဘဲဖြစ်နေကြောင်း ဒေသအာဏာပိုင်များက ဇန်နဝါရီ ၃၀ရက်၌ ပြောကြားသည်။

ပေးပို့ဖြန့်ဝေ

ကွမ်စီကျွမ်းဒေသရှိ တောတောင်ထူထပ်သော ကျေးလက်ဒေသများသည် လွန်ခဲ့သည့် ၂၀၀၉ခုနှစ် ဩဂုတ်လကတည်းက မိုးရွာသွန်းမှုမရရှိကြကြောင်း၊ မိုးခေါင်ရေရှားမှုဒဏ်ကို အကြီးအကျယ်ခံနေရသော အဆိုပါကျေးရွာများသို့ ဒေသန္တရအုပ်ချုပ်ရေးအဖွဲ့အစည်းများက ထရပ်ကားများဖြင့် သောက်သုံးရေများ ပေးပို့ဖြန့်ဝေနေရကြောင်းဖြင့် အဆိုပါသတင်း၌ ပါရှိသည်။ **အမ်အင်န်အေ၊ဆင်ဟွာ**

ဘရာဇီးတွင် မုန်တိုင်းများကျရောက်

ရီယိုဒီဂျနေးရိုး ဖေဖော်ဝါရီ ၁

ဘရာဇီးနိုင်ငံအရှေ့တောင်ပိုင်း ဆော်ပေါလိုပြည်နယ်တွင် လွန်ခဲ့သည့် နှစ်လအတွင်း ပြင်းထန်သောမုန်တိုင်းများကျရောက်ခဲ့သဖြင့် ၆၅ ဦးသေဆုံးခဲ့ရကြောင်း ဒေသဆိုင်ရာ အာဏာပိုင်များက ဇန်နဝါရီ ၂၈ရက်၌ ပြောကြားသည်။

ပျောက်ဆုံး

ဆော်ပေါလိုပြည်နယ်တွင် မုန်တိုင်းများကျရောက်သဖြင့် လူ၅၀ ဒဏ်ရာရရှိသွားခဲ့ကြောင်း၊ နှစ်ဦးပျောက်ဆုံးနေဆဲဖြစ်ကြောင်း ဘရာဇီးနိုင်ငံမြို့ပြကာကွယ်ရေးဌာန၏ သတင်းထုတ်ပြန်ချက်၌ ဖော်ပြထားသည်။ (အင်တာနက်)

ပီရူးတောင်ပိုင်း၌ မိုးကြီးပြီးရေလျှံ

လီမာ ဖေဖော်ဝါရီ ၁

ပီရူးနိုင်ငံတောင်ပိုင်းတွင် မိုးကြီးပြီးရေလျှံသဖြင့် ၁၂ဦးထက်မနည်းသေဆုံးပြီး အများအပြား ပျောက်ဆုံးနေကြောင်း ပီရူးမီဒီယာတွင် ဇန်နဝါရီ ၃၀ရက်က ဖော်ပြသည်။

အိမ်ခြေ ၅၀၀၀နီးပါးနှင့် သီးနှံစိုက်ခင်းဟက်တာ ၁၈၀၀၀ ပျက်စီးသွားကြောင်း၊ လူ၈၀၀၀၀အိုးမဲ့အိမ်မဲ့ဖြစ်သွားရကြောင်း၊ လေးရက်ကြာမျှ မိုးရွာခဲ့ရာမှ ယင်းကဲ့သို့ ဖြစ်ပွားရခြင်းဖြစ်ကြောင်း၊ စီးပွားရေးအရ အမေရိကန်ဒေါ်လာသန်း၁၈၀ ဆုံးရှုံးနိုင်ဖွယ် ရှိကြောင်းလည်း သတင်းတွင်ဖော်ပြသည်။ **(အောက်ပုံ)** **အမ်အင်န်အေ၊ဆင်ဟွာ**

နှင်းရုပ်တု

ရိုမေးနီးယားနိုင်ငံ အနောက်အလယ်ပိုင်းဒေသ ဂျူးတောင်ကြား၌ နှင်းရုပ်တုပွဲတော်အတွင်း ဒေသခံများ နှင်းရုပ်တု ပြုလုပ်နေသည်ကို ဇန်နဝါရီ ၃၁ရက်က တွေ့ရစဉ်။ (ဆင်ဟွာဓာတ်ပုံ)

ဟေတီငလျင်အတွက် မကာအို ကြက်ခြေနီငွေလှူ

မကာအို ဖေဖော်ဝါရီ ၁

တရုတ်နိုင်ငံ အထူးဒေသ မကာအို ကြက်ခြေနီအသင်းသည် ဟေတီနိုင်ငံ မြေငလျင်ဒုက္ခသည်များအတွက် ဒေသခံပြည်သူများထံမှ ယခုအချိန်အထိ လှူဒါန်းငွေ အမေရိကန်ဒေါ်လာ ၃၇၉၇၄၇ဒေါ်လာ စုဆောင်းကောက်ခံ ရရှိထားကြောင်း မကာအို ကြက်ခြေနီအသင်းက ဇန်နဝါရီ ၂၉ရက်တွင် ထုတ်ပြန် ကြေညာသည်။

အသုံးပြု

ယင်းရရှိငွေများကို ဟေတီနိုင်ငံ ငလျင်ဒုက္ခသည်များအတွက် ကူညီပံ့ပိုးရာ၌ အသုံးပြုသွားမည်ဖြစ်ကြောင်း ကြက်ခြေနီအသင်းမှ ပြောခွင့်ရပုဂ္ဂိုလ်တစ်ဦးက ပြောကြားသည်။ **အမ်အင်န်အေ၊ဆင်ဟွာ**

သိမ်းပိုက်ထားသည့်နယ်မြေအားလုံးမှ ဟူသီအကြမ်းဖက်သမားများ ရုပ်သိမ်း

ဆာနား ဖေဖော်ဝါရီ ၁

ယီမင်ဟူသီအကြမ်းဖက်သမားများသည် ယီမင်နှင့်ဆက်စပ်နေသည့် ဆော်ဒီအာရေဗျ နယ်စပ်တစ်လျှောက်ရှိ ယင်းတို့သိမ်းပိုက်ထားသော ဆော်ဒီနယ်မြေများအားလုံးမှ လုံးဝရုပ်သိမ်းသွားပြီဖြစ်ကြောင်း ယီမင်ဟူသီ အကြမ်းဖက်သမားများကပြောကြားသည်ကို ဟူသီအကြမ်းဖက်သမား ဝက်ဘ်ဆိုက်နှင့် အစိုးရမီဒီယာများက ဇန်နဝါရီ ၂၆ရက်တွင် ဖော်ပြသည်။

မိမိတို့ဟူသီအဖွဲ့သည် ဆော်ဒီအာရေဗျနှင့်ဖြစ်ပွားနေသည့်စစ်ပွဲကို ရပ်တန့်လိုက်ပြီဖြစ်ကြောင်း၊ ဆော်ဒီအာရေဗျပိုင်နက်မှ မိမိတို့အဖွဲ့ကို ရုပ်သိမ်းတော့မည်ဖြစ်ကြောင်းဖြင့် ဟူသီခေါင်းဆောင်က ကြေညာသည်။

ကြေညာ

ဆော်ဒီအာရေဗျနိုင်ငံရှိ မိမိတို့နေရာယူထားသည့် နေရာများအားလုံးနှင့် ဆော်ဒီအစိုးရထိန်းချုပ်ထားသည့် နယ်မြေအားလုံးမှ မိမိတို့ လုံးဝရုပ်သိမ်းသွားပြီဟု ကြေညာပါကြောင်း ဟူသီအကြမ်းဖက်သမား ခေါင်းဆောင်က ပြောကြားသည်။

အမ်အင်န်အေ၊ ဆင်ဟွာ

အီရန်-အီရတ် ရထားလမ်း အီရန်မှ စီမံကိန်း ပထမအဆင့်ပြီးစီး

တီဟီရန် ဖေဖော်ဝါရီ ၁

အီရန်နိုင်ငံအနောက်တောင်ပိုင်း ခိုရမ်ရှဟာမြို့နှင့် အီရတ်နိုင်ငံတောင်ပိုင်း ဘာဆရာမြို့တို့အကြား ဆက်သွယ်မည့် ၅၁ ကီလိုမီတာရှိ ရထားလမ်းဖောက်လုပ်လျက်ရှိကြောင်း ဇန်နဝါရီ ၃၀ ရက်တွင် အီရန်ရထားပို့ဆောင်ရေးလုပ်ငန်းမှ ဒါရိုက်တာအဘတ်စ်နာဇာရီက ထုတ်ဖော်ပြောကြားသည်။

ဖောက်လုပ်ပြီးစီး

အီရန်နိုင်ငံမှ ယင်းစီမံကိန်း၏ပထမအဆင့်လုပ်ငန်း ၉၀ရာခိုင်နှုန်းဖြစ်သည့် ၁၆ကီလိုမီတာခန့်ရှည်သော ရထားလမ်းကို ဖောက်လုပ်ပြီးစီးပြီဖြစ်သည်ဟု ဆိုသည်။

တိုးတက်ကောင်းမွန်

အဆိုပါရထားလမ်းစီမံကိန်းသည် အီရတ်-ပါရှန်ပင်လယ်ကွေ့၊ အာဖဂန်နစ္စတန်နှင့် ပါကစ္စတန်နိုင်ငံတို့အကြား ခရီးသွားဝန်ဆောင်မှုနှင့် ကုန်စည်သယ်ယူပို့ဆောင်ရေးကဏ္ဍများ တိုးတက်ကောင်းမွန်စေရန် ရည်ရွယ်ကြောင်း နာဇာရီက ပြောကြားသည်။ ***(အင်တာနက်)***

မြူးနစ်သဘောတူစာချုပ်၏နောက်ခံ

၁၉၃၈ ခုနှစ်

တိုး
ရေးသားသည်

မြူးနစ်သဘောတူစာချုပ်သည် ချက်ကိုဆလိုဗက်ကီးယားနိုင်ငံပိုင် ဆူဒက်တင်လင်း ဒေသတစ်ကြောကို နာဇီဂျာမနီအား သိမ်းခွင့်ပေးသည့် စာချုပ်ဖြစ်သည်။ ဆူဒက်တင်လင်းမှာ ချက်ကိုဆလိုဗက်ကီးယားနယ်စပ်တစ်လျှောက်ရှိ ဂျာမန်လူမျိုးများ အများအပြားနေထိုင်သည့် ဒေသဖြစ်သည်။

တောင်းဆို

ဂျာမန်လူမျိုးများနေထိုင်သည့် နယ်မြေဒေသအားလုံးစုစည်းပြီး မဟာဂျာမနီနိုင်ငံထူထောင်ရန် ဟစ်တလာသည် နှစ်အတန်ကြာကပင် မျှော်မှန်းခဲ့သည်။ ထို့ကြောင့် ပြည်သူ့ဆန္ဒခံယူပွဲ ကျင်းပပြီးနောက် ၁၉၃၅ခုနှစ်တွင် ဆားဒေသကို ဂျာမနီနိုင်ငံနှင့် ပြန်လည်ပေါင်းလိုက်သည်။ ၁၉၃၈ခုနှစ်တွင် ဂျာမနီက သြစတြီးယားကို သိမ်းပိုက်လိုက်သည်။ ထိုအခါ ချက်ကိုဆလိုဗက်ကီးယားနိုင်ငံ၏ ဆူဒက်တင်လင်းဒေသမှာ ဂျာမနီနိုင်ငံနှင့် နယ်ချင်းဆက်စပ်သွားသည်။ ၁၉၃၈ခုနှစ် နွေဦးနှင့် နွေရာသီတွင် ယင်းဒေသမှ ဂျာမန်လူမျိုးများက ကိုယ်ပိုင်အုပ်ချုပ်ရေးပေးရန် တောင်းဆိုသည်။ သို့မဟုတ်ပါကလည်း နာဇီဂျာမနီနှင့်ပေါင်းရန် တောင်းဆိုဆန္ဒပြကြသည်။

ချက်ကိုဆလိုဗက်ကီးယားနိုင်ငံမှာ ကောင်းစွာလေ့ကျင့်သင်တန်းပေးထားသည့် တပ်မတော်ရှိပါ၏။ သို့သော် ပြင်သစ်၊ ဗြိတိန်စသည့် အနောက်အုပ်စုအင်အားကြီးနိုင်ငံတို့၏ အကူအညီမပါဘဲ အင်အားကြီးသောအိမ်နီးချင်း နာဇီဂျာမနီကို အန်တုတိုက်ခိုက်နိုင်စွမ်း မရှိပါပေ။ ပြင်သစ်နိုင်ငံကလည်း စစ်အတွက် အသင့်မရှိသေး။ ထို့ကြောင့် ဗြိတိန်၏ဦးဆောင်မှု နောက်မှ လိုက်ရသည်။

လက်မှတ်ရေးထိုး

ဆူဒက်တင်လင်းကိုပေးအပ်ရန် နာဇီဂျာမနီ၏ တောင်းဆိုချက်ကို ဖြည့်ဆည်းပေးလျှင် ဟစ်တလာအနေဖြင့် အားရကျေနပ်သွားလိမ့်မည်ဟု ဗြိတိန်ဝန်ကြီးချုပ် ချိန်ဘာလိန်က တွေးဆသည်။ စက်တင်ဘာ ၂၁ရက်တွင် ချက်ကိုဆလိုဗက်ကီးယားနိုင်ငံအနေဖြင့် ဆူဒက်တင်လင်းကို လက်လွှတ်ရန် အဓမ္မ ဖိအားပေးခံရပြီး လက်လွှတ်လိုက်ရသည်။ စက်တင်ဘာ ၂၈ရက်တွင် ယင်းကိစ္စအတွက် ညီလာခံတစ်ရပ်ကျင်းပရန် ဗြိတိန်ကတောင်းဆိုသည်။ နောက်တစ်ရက်တွင် ဂျာမနီနိုင်ငံ မြူးနစ်မြို့၌ ဥရောပအင်အားကြီးနိုင်ငံများ တွေ့ဆုံကြသည်။ အရေးပါသည့် အချက်မှာ ထိုညီလာခံသို့ ချက်ကိုဆလိုဗက်ကီးယားနိုင်ငံမတက်ရောက်ရန်ဖယ်ထားလိုက်ခြင်း ဖြစ်သည်။ စက်တင်ဘာ ၂၉ရက်တွင် သဘောတူညီမှုရရှိသည်။ ၁၉၃၈ ခုနှစ် စက်တင်ဘာ ၃၀ရက် နံနက် ၁နာရီခွဲတွင် နာဇီဂျာမနီ ခေါင်းဆောင် အဒေါ့ဖ်ဟစ်တလာ၊ ဗြိတိန်ဝန်ကြီးချုပ် ချိန်ဘာလိန်၊ အီတလီဝန်ကြီးချုပ် မူဆိုလီနီ၊ ပြင်သစ်သမ္မတအက်ဒွပ်ဒါလာဒီတို့က မြူးနစ်သဘောတူစာချုပ်ကို လက်မှတ်ရေးထိုးကြသည်။

သိမ်းယူ

မြူးနစ်သဘောတူစာချုပ်ကို မူဆိုလီနီက တရားဝင်တင်သွင်းသည်။ အမှန်မှာ အီတလီအစီအစဉ်ဟုဆိုသော်လည်း ဂျာမနီနိုင်ငံခြားရေးဌာန၌ ပြုစုရေးဆွဲခဲ့ခြင်းဖြစ်သည်။ မူဆိုလီနီသည် ၁၉၃၆ခုနှစ်တွင် နာဇီဂျာမနီနှင့် ဝင်ရိုးတန်းမဟာမိတ်ဖွဲ့သူဖြစ်သည်။ ထို့ပြင် ၁၉၃၇ ခုနှစ်တွင် အီတလီက အယ်လ်ဘေးနီးယားကို သိမ်းယူသည်။

မြူးနစ်သဘောတူစာချုပ်နှင့် စပ်လျဉ်း၍ ဗြိတိန်နှင့်ပြင်သစ်တို့က ချက်ကိုစလိုဗက်ကီးယားနိုင်ငံကို အသိပေးအကြောင်းကြားရာ၌ ဂျာမနီနိုင်ငံကို တစ်ဦးတည်း ခုခံတိုက်ခိုက်နိုင်လျှင် တိုက်ခိုက်ပါ၊ သို့မဟုတ်ပါက နယ်မြေသိမ်းယူမှုကို အရှုံးပေးလိုက်ပါဟူ၍ ဖြစ်သည်။

လက်ခံလိုက်ရ

နာဇီဂျာမနီကို မိမိတစ်နိုင်ငံတည်း တိုက်ခိုက်လျှင် မျှော်လင့်ချက်အလျှင်းမရှိကြောင်း သဘောပေါက်သည့် ချက်ကိုဆလိုဗက်ကီးယားအစိုးရမှာ စက်တင်ဘာ ၃၀ ရက်တွင် အောင့်သက်သက်ဖြင့် မြူးနစ်သဘောတူစာချုပ်ကို လက်ခံလိုက်ရသည်။

စက်တင်ဘာ ၃၀ရက်တွင် ချိန်ဘာလိန်သည် ဟစ်တလာထံ သွားရောက်ပြီး နှစ်နိုင်ငံငြိမ်းချမ်းရေးစာချုပ်လက်မှတ်ထိုးရေး တိုက်တွန်းခဲ့သည်။ ထိုနေ့ဗြိတိန်သို့ ပြန်အရောက် ချိန်ဘာလိန်သည် သူ၏နာမည်ကျော် မိမိတို့ခေတ်အတွက် ငြိမ်းချမ်းရေးဟူသောမိန့်ခွန်းကို လန်ဒန်၌ ဟောပြောသည်။ လူထုပရိသတ်က အားရကျေနပ်ကြသည်။

ဗြိတိန်၊ ပြင်သစ်နှင့်တကွ နာဇီစစ်တပ်နှင့် ဂျာမနီသံတမန်ထိပ်ပိုင်းက အားရကျေနပ်သော်လည်း ဟစ်တလာကမူ ဒေါသအမျက်ခြောင်းခြောင်း ထွက်နေသည်။ ချိန်ဘာလိန်ကိုလည်း မဆင်မခြင် သူများကိစ္စဝင်စပ်စုသူအဖြစ် သဘောထားသည်။ ပေါင်းရုံးစုစည်းရေးမှာ သာမန်ဂျာမန်လူမျိုး တစ်ဦးအဖို့ ငြိမ်းချမ်းရေး သင်္ကေတတစ်ခု ဖြစ်ကောင်းဖြစ်မည်။ ဟစ်တလာ၏ အမြင်တွင်မူ ရယ်စရာပြက်လုံးတစ်ခုအဖြစ် ရှုမြင်သည်။

ကောက်ချက်ချ

မြူးနစ် သဘောတူစာချုပ်ကြောင့် ရုရှားခေါင်းဆောင်ဂျိုးဇက်စတာလင်လည်း စိတ်အနှောင့်အယှက် ဖြစ်ရသည်ဆို၏။ ချက်ကိုဆလိုဗက်ကီးယားနိုင်ငံကို နာဇီတို့လက်ထဲအပ်နှံရန် အနောက်အုပ်စုအင်အားကြီးနိုင်ငံတို့က ဟစ်တလာနှင့်ပေါင်းကြံသည်ဟု စတာလင်က ကောက်ချက်ချသည်။ အနာဂတ်တွင် ဆိုဗီယက်ပြည်ထောင်စု အလှည့် ရောက်လာမည်ကိုလည်း ထည့်တွက်သည်။ သို့ဖြင့် ဂျာမနီနှင့်နီးစပ်ရေး နိုင်ငံခြားရေးဝါဒကို စောင်းပေးလာသည်။ နောက်ဆုံးတွင် ၁၉၃၉ခုနှစ်အရောက် မိုလိုတော့-ရစ်ဘင်ထရော့စာချုပ်ကို ချုပ်သည်အထိ ခရီးရောက်ခဲ့သည်။



မြူးနစ်စာချုပ် လက်မှတ် မထိုးမီ နိုင်ငံ့ ခေါင်းဆောင်များ။

ဂျာမနီနိုင်ငံ မြူးနစ်မြို့ရှိ နာဇီပါတီဌာနချုပ် အဆောက်အအုံ။

တိုက်တွန်း

၁၉၃၈ခုနှစ်အတွင်း ချက်ကိုဆလိုဗက်ကီးယားတစ်နိုင်ငံလုံးကိုသိမ်းရန် ဟစ်တလာ၏ ဆုံးဖြတ်ချက်မှာ တကယ်တော့ အဆင်ချောမောလှသည် မဟုတ်ပါ။ ယင်းအစီအစဉ်မှာ ဂျာမနီအရှုံးပေါ်မည့် ကမ္ဘာစစ်စတင်လိုက်ခြင်း ဖြစ်သည်ဟု ဂျာမနီစစ်ဦးစီးချုပ် ဗိုလ်ချုပ်ကြီးလပ်ဝစ်ဘက်က ကန့်ကွက်ပြီး စစ်ပွဲရွှေ့ဆိုင်းရန် ဟစ်တလာအား တိုက်တွန်းခဲ့သည်။ သို့သော် သူ့အကြောင်းပြချက်များမှာ ကလေးတွက် တွက်ချက်မှုသာဖြစ်သည်ဟု ဟစ်တလာက ပယ်ချသည်။ ၁၉၃၈ခုနှစ် သြဂုတ် ၄ရက်တွင် ဂျာမန်စစ်ဘက် လျှို့ဝှက်အစည်းအဝေးကျင်းပပြီး ဗိုလ်ချုပ်ကြီးဘက်က ရှင်းပြသည်။ တစ်ခုခုလုပ်ရန် အားလုံး သဘောတူ၏။ အားလုံးရာထူးမှ ထွက်ကြမည်ဟု ဗိုလ်ချုပ်ကြီးဘက်က မျှော်လင့်သည်။ သို့သော် တကယ်တမ်းမူ သူကလွဲပြီး တစ်ဦးမျှ မထွက်ကြ။ သို့သော်လည်း သူ့နေရာ ဆက်ခံသည့် ဗိုလ်ချုပ်ကြီး ဖရန့်ဟောဒါနှင့် အခြားထိပ်တန်းဗိုလ်ချုပ်ကြီးများက သူ့ကို စာနာသည်။ ထို့ပြင် ချက်ကိုဆလိုဗက်ကီးယားကို ကျူးကျော်တိုက်ခိုက်ရန် အမိန့်ပေးသည့် အချိန်တွင် ဟစ်တလာကို ဖမ်းဆီးရန် လျှို့ဝှက်ကြံစည်လိုက်ကြသည်။ သို့သော် ဤအစီအစဉ်မှာ ဗြိတိန်နှင့် ပြင်သစ်က ချက်ကိုဆလိုဗက်ကီးယားကို ကာကွယ်ရန် ကမ္ဘာ့သိစစ်ကြေညာမှ အကောင်အထည်ဖော်ရန် ဖြစ်သည်။ ထိုသို့ဖြစ်လာလျှင် ဟစ်တလာကို ဖယ်ရှားရန်ပင် ဖြစ်ပါသည်။

အကြံအစည်ပျက်

ထို့ကြောင့် ဗြိတိန်သို့ ဆက်သားလွှတ်၍ စည်းဝါးရိုက်ခဲ့သေးသည်။ သို့သော် ဗြိတိန်က အလေးအနက်မထား။ စက်တင်ဘာလတွင် ဗြိတိန်နှင့်ပြင်သစ်တို့က စစ်တိုက်ခိုက်မည်ဟု ခြိမ်းခြောက်ခြင်း မပြုရန် ဆုံးဖြတ်လိုက်သောအခါ ဂျာမနီဗိုလ်ချုပ်ကြီးများ၏ အကြံအစည်ပျက်သွားသည်။ ထို့ကြောင့် မြူးနစ်သဘောတူစာချုပ်သည် ဟစ်တလာကို အာဏာဆက်တည်မြဲအောင် ဖန်တီးလိုက်သလို ဖြစ်သည်။

နာဇီတို့က ချက်ကိုဆလိုဗက်ကီးယားကို သိမ်းလိုက်သောအခါ ဗြိတိန်ဝန်ကြီးချုပ် ချိန်ဘာလိန်အနေဖြင့် ဟစ်တလာနှင့် ပတ်သက်၍ သူချမှတ်ခဲ့သော ရှေ့ပြည်အေးဝါဒ မအောင်မြင်ကြောင်း သိရှိလာသည်။ နာဇီတို့နှင့်ပတ်သက်၍ ပိုမိုပြတ်သားသည့်ဝါဒကို ချမှတ်ရတော့သည်။ ဗြိတိသျှအင်ပါယာမှ တပ်များကို စစ်ပြင်ဆင်ရန် နှိုးဆော်လိုက်သည်။ ပြင်သစ်က လိုက်လုပ်သည်။

ဗြိတိန်နှင့် ပြင်သစ်ရေတပ်တို့၏ ခြိမ်းခြောက်လာမှုကို အီတလီက တွေ့ရသောအခါ ၁၉၃၉ခုနှစ် ဧပြီလတွင် အယ်လ်ဘေးနီးယားကို စတင် ကျူးကျော်သည်။ စက်တင်ဘာလ၌ ဟစ်တလာက ပိုလန်နိုင်ငံကို ကျူးကျော်သောအခါ ဗြိတိန်နှင့် ပြင်သစ်တို့က ၁၉၃၉ခုနှစ် စက်တင်ဘာ၃ရက်၌ ဂျာမနီကိုစစ်ကြေညာကာ ဒုတိယကမ္ဘာစစ်ကြီးကို တရားဝင် စတင်လိုက်ရခြင်းဖြစ်သည်။ ။

ကိုးကား-အင်တာနက်

နောက်ဆုံးရ နိုင်ငံတကာသတင်းများ

မောင်မောင်ဆွေ - စုစည်းရေးသားသည်

အအေးဒဏ်ခံနေရသော မွန်ဂိုလီးယားသို့ တရုတ်ကူညီ

တရုတ်ပြည်သူ့သမ္မတနိုင်ငံသည် မွန်ဂိုလီးယားနိုင်ငံပြည်သူများ အအေးလွန်သည့်ဒဏ်ကို ကာကွယ်နိုင်ရန်အတွက် အကူအညီအဖြစ် မွန်ဂိုလီးယားနိုင်ငံ မြို့တော်အူလန်ဘာတောသို့ ဖေဖော်ဝါရီ ၁ရက် နံနက်ပိုင်းက ဘေးဒုက္ခကယ်ဆယ်ရေးပစ္စည်းများ ပေးပို့လိုက်ကြောင်း တရုတ်ပြည်သူ့သမ္မတနိုင်ငံ အမျိုးသားကာကွယ်ရေးဝန်ကြီးဌာန ပြန်ကြားရေးရုံးက သတင်းထုတ်ပြန်သည်။ (အောက်ပုံ)

မက္ကဆီကို၌ ပစ်ခတ်မှုဖြစ်ပွား၊ ၁၃ဦးသေဆုံး

အမေရိကန်ပြည်ထောင်စုနှင့် နယ်ချင်းဆက်စပ်လျက်ရှိသော မက္ကဆီကိုနိုင်ငံ၏ မြို့တစ်မြို့ဖြစ်သည့် စီယူဒက်ဂျူအာရက်ရှိ အထက်တန်းကျောင်းတစ်ကျောင်း၌ ကျင်းပသော ညှော်ခံပွဲကို သေနတ်သမားများက ဇန်နဝါရီ ၃၁ရက်တွင် ပစ်ခတ်သဖြင့် ၁၃ဦးသေဆုံးပြီး ၁၇ဦးဒဏ်ရာရရှိသွားကြောင်း၊ ထိုညှော်ခံပွဲသို့ ဆယ်ကျော်သက်အရွယ် ကျောင်းသား ကျောင်းသူအများစုပါဝင်သည့် လူ ၆၀ခန့် တက်ရောက်ကြသည်။

မှောင်ခိုငွေကုန်ကူးသူ လေဆိပ်၌ဖမ်းဆီးခံရ

မက္ကဆီကို ရဲတပ်ဖွဲ့သည် မက္ကဆီကိုစီးတီး နိုင်ငံတကာလေဆိပ်တွင် ပနားမားနိုင်ငံသို့သွားရောက်၍ မှောင်ခိုငွေကုန်ကူးရန် ကြိုးပမ်းနေသူဟုယူဆရသော လူတစ်ဦးအား အမေရိကန်ဒေါ်လာ ၉၉၀၄၉၀နှင့်အတူ ဖမ်းဆီးလိုက်ကြောင်း အာဏာပိုင်များက ဇန်နဝါရီ ၃၁ရက်၌ ပြောကြားသည်။

ငါးဖမ်းဆီးမှုဆိုင်ရာစာချုပ် နယူးဇီလန်လက်မှတ်ထိုး

နယူးဇီလန်နိုင်ငံသည် တောင်ပစိဖိတ်သမုဒ္ဒရာရှိ ပင်လယ်ရေနက်ပိုင်းတွင် ငါးဖမ်းဆီးမှုလုပ်ငန်းများ စီမံခန့်ခွဲရေးသဘောတူစာချုပ်သစ်တစ်ရပ်ကို ဖေဖော်ဝါရီ ၁ရက်၌ပထမဦးဆုံးလက်မှတ်ရေးထိုးသည့် နိုင်ငံဖြစ်လာကြောင်း သတင်းရရှိသည်။

အကောက်ခွန်လျှော့ချရေး သြစတြေးလျလက်မခံ

သြစတြေးလျနိုင်ငံ ဘဏ္ဍာရေးမှူးဝေနီဆွမ်းသည် အကောက်ခွန်လျှော့ချရေးကိစ္စကိုသော်လည်းကောင်း၊ မော်တော်ကားလုပ်ငန်း အမတော်ငွေလျှော့ချရေးကိစ္စကိုသော်လည်းကောင်း လက်မခံဘဲ ဖေဖော်ဝါရီ ၁ရက်က ငြင်းပယ်လိုက်သည်။

ငါးဖမ်းရေယာဉ်နစ်မြုပ်၊ ရေလုပ်သားရှစ်ဦးပျောက်ဆုံး

ဖိလစ်ပိုင်နိုင်ငံအနောက်ပိုင်း ဘာတန်ပြည်နယ်ကမ်းလွန်တွင် ဇန်နဝါရီ ၃၁ရက်က ငါးဖမ်းရေယာဉ်နစ်မြုပ်ခဲ့ရာမှ ရေလုပ်သားရှစ်ဦးပျောက်ဆုံးနေပြီး နှစ်ဦးကို ပြန်လည်ကယ်တင်နိုင်ခဲ့ကြောင်း ဖိလစ်ပိုင်ကမ်းစောင့်တပ်က ဖေဖော်ဝါရီ ၁ရက်တွင် သတင်းထုတ်ပြန်သည်။

ဂျမေကာဝန်ကြီးချုပ် တရုတ်သို့ရောက်ရှိနေ

ဂျမေကာဝန်ကြီးချုပ် ဘရုစ်ဂိုးလ်ဒင်းသည် တရုတ်ပြည်သူ့သမ္မတနိုင်ငံ ပေကျင်းမြို့သို့ ဖေဖော်ဝါရီ ၁ရက်က ရောက်ရှိလာကြောင်း၊ ဂျမေကာဝန်ကြီးချုပ်သည် ၂၀၀၇ခုနှစ်တွင် ဝန်ကြီးချုပ်တာဝန်ယူခဲ့ပြီးနောက်ပိုင်း တရုတ်ပြည်သူ့သမ္မတနိုင်ငံသို့ ပထမဦးဆုံး အစိုးရညှော်သည်အဖြစ် ရောက်ရှိလာခြင်းဖြစ်ကြောင်း၊ တရုတ်နိုင်ငံတွင် ငါးရက်ကြာလည်ပတ်မည်ဖြစ်ကြောင်း သတင်းရရှိသည်။

သုတေသနနှင့် ဖွံ့ဖြိုးရေး၌ တောင်ကိုရီးယားရင်းနှီးမြှုပ်နှံမည်

တောင်ကိုရီးယားနိုင်ငံသည် ယင်း၏မူလနည်းပညာနှင့် သန့်စင်စွမ်းအင်ကဏ္ဍ တိုးတက်မြင့်မားစေရေးအတွက် သုတေသနနှင့် ဖွံ့ဖြိုးရေးလုပ်ငန်းများ (အာရ်အင်န်ဒီ)တွင် အမေရိကန်ဒေါ်လာ ၁ဒသမ၃၇ဘီလီယံ ရင်းနှီးမြှုပ်နှံသွားရန် မျှော်မှန်းထားကြောင်း တောင်ကိုရီးယားအစိုးရက ဖေဖော်ဝါရီ ၁ရက်၌ ပြောကြားသည်။

လူကုန်ကူးမည့်သူ ၁၀ဦးကို ဟေတီရဲက ဖမ်းဆီး

အမေရိကန်ပြည်ထောင်စု ကူညီစောင့်ရှောက်ရေးအဖွဲ့ဝင် ၁၀ဦးတို့သည် မြေငလျင်ဒဏ်ခံရသည့် ဟေတီနိုင်ငံမှ ကလေးငယ်များအား မှောင်ခိုကုန်ကူးရန် ကြိုးပမ်းနေသည်ဟု ဟေတီရဲတပ်ဖွဲ့က သံသယဖြစ်၍ ၎င်းတို့အား ဖမ်းဆီးထိန်းသိမ်းထားလိုက်ကြောင်း ဟေတီအာဏာပိုင်များက ပြောကြားသည်။ **(အင်တာနက်)**

ကျောဖုံးမှ

၂၀၀၈ခုနှစ် မေ ၂ရက်နှင့် ၃ရက်များတွင် တိုက်ခတ်ခဲ့သော လေဘေးဒဏ်ကြောင့် ရန်ကုန်တိုင်းနှင့် ဧရာဝတီတိုင်းတို့တွင် သစ်ပင်ကြီးငယ်အများအပြား ပြိုလဲပျက်စီးခဲ့ရသည်။ ထိုအထဲတွင် နှစ်ပေါင်းရာကျော်နေပြီဖြစ်သော သစ်ပင်ကြီးများလည်း ပါဝင်ခဲ့သည်။ ထိုသစ်ပင်ကြီးငယ်များကို ပြုပြင်အသုံးပြုခြင်းမရှိဘဲ ပစ်ထားပါက ပျက်စီးဆွေးမြည့်သွားမည်သာ ဖြစ်သည်။

"ရုပ်တုတွေ ဝယ်ဖို့ လာရောက်ကြည့်ရှုတာပါ"
Mr. Tan Mei Hong
(မလေးရှားနိုင်ငံ)

လမ်းညွှန်ချက်

ထို့ကြောင့်လည်း နိုင်ငံတော်အကြီးအကဲက တန်ဖိုးနည်း သစ်တုံးတွေကို အနုပညာထပ်ပေါင်း တန်ဖိုးမြင့်ပစ္စည်းများ ထုတ်လုပ်ရန် လမ်းညွှန်ခဲ့ပါသည်။ နိုင်ငံတော်အကြီးအကဲ၏ လမ်းညွှန်ချက်နှင့်အညီ ဗဟိုသမဝါယမအသင်း လီမိတက်သည် ကောင်းမြန်မာအောင်ကုမ္ပဏီလီမိတက်နှင့် ပူးပေါင်းပြီး ဧရာဝတီတိုင်းနှင့် ရန်ကုန်တိုင်းတို့တွင်ရှိသည့် သစ်ပင်များကို ရန်ကုန်မြို့သို့ သယ်ဆောင်ကာ ပန်းပုရုပ်တုများ ထုလုပ်ရန် စီစဉ်ကြသည်။ ထို့နောက် မြန်မာနိုင်ငံအနှံ့အပြားတွင်ရှိသော ပန်းပုပညာရှင်များကို ဖိတ်ခေါ်ပြီး သာကေတ၊ ဒဂုံမြို့သစ်(မြောက်ပိုင်း)၊ ပြည်သူ့ဥယျာဉ်နှင့် ဆရာစံပလာဇာတို့တွင် လေးနေရာခွဲ၍ ပန်းပုထုဆစ်ခြင်းလုပ်ငန်းကို ဆောင်ရွက်ခဲ့ကြသည်။

နာဂစ်လွန် မြန်မာ့အနုပညာနှင့် ပန်းပုအရောင်းပွဲတော်ကို မြန်မာ့အနုပညာပစ္စည်းများ ပြည်တွင်းပြည်ပဈေးကွက်များတွင် ကျယ်ကျယ်ပြန့်ပြန့် ထိုးဖောက်ဝင်ရောက်နိုင်ရေး၊ တန်ဖိုးနည်း သစ်သားများကို အနုပညာထပ်ပေါင်း တန်ဖိုးမြင့်မားလာရေးနှင့် လှေ့ခွက်ချည်းကျန် အလံမလဲဟူသော မြန်မာ့စိတ်ဓာတ်ကို ပြသနိုင်ရေးစသော ရည်ရွယ်ချက်များဖြင့် ၂၀၀၉ခုနှစ် ဧပြီ ၃ရက်မှစတင်ကာ ရန်ကုန်မြို့ ဗဟန်းမြို့နယ် ဆရာစံပလာဇာတွင် ခြိမ့်ခြိမ့်သဲ ကျင်းပခဲ့ကြသည်။

စိတ်ဝင်စား

ထိုပထမအကြိမ် မြန်မာ့အနုပညာနှင့် ပန်းပုအရောင်းပွဲတော်တွင် ပန်းပုပညာရှင်များ၏ အရည်အသွေးမြင့်မားမှုကို ပြသနိုင်ရုံသာမက မြန်မာ့ပန်းပုပညာကို ပြည်တွင်း ပြည်ပအနှံ့သိရှိကာ စိတ်ဝင်စားလာကြသည်။ အထူးသဖြင့် တရုတ်နိုင်ငံက အထူး စိတ်ဝင်စားကြောင်း သိရသည်။ တိမ်မြုပ်နေသော မြန်မာ့ပန်းပုပညာကို ထုတ်ဖော်ပြသနိုင်ရုံသာမက ပန်းပုပညာရှင်များကိုလည်း ထိုက်ထိုက်တန်တန် ချီးမြှင့်မြောက်စားသဖြင့်လည်း ဝင်ငွေရရှိကာ စားဝတ်နေရေး ပြေလည်ခဲ့ကြသည်။

ကင်းနှင့်မြွေ ထုဆစ်ထားသည့် ရုပ်တုက လက်ရာမြောက်လှသည်။
(မြန်မာ့အလင်း)

အရည်အသွေး

ထိုပထမအကြိမ် မြန်မာ့အနုပညာနှင့် ပန်းပုအရောင်းပွဲတော်၏ အောင်မြင်မှုကို အခြေခံပြီး ယခုနှစ် မြန်မာ့အနုပညာနှင့် ပန်းပုအရောင်းပွဲတော်ကို ဇန်နဝါရီ ၂၅ရက်မှ ဖေဖော်ဝါရီ ၃ရက်အထိ ဗဟန်းမြို့နယ်ရှိ ဆရာစံပလာဇာတွင် ကျင်းပလျက်ရှိသည်။ ထိုပန်းပုအရောင်းပွဲတော်နှင့်အတူ ပန်းပုပြိုင်ပွဲများကိုလည်း ထည့်သွင်းကျင်းပပေးခြင်းကြောင့် ပန်းပုပညာရှင်များအနေဖြင့် မိမိအရည်အသွေးကို ထုတ်ဖော်ပြသခွင့် ရကြသည်။

လက်ရာမြောက်

မြန်မာ့အနုပညာနှင့် ပန်းပုအရောင်းပွဲတော်သို့ သတင်းဆောင်းပါးရေးသားရန် ရောက်ရှိနေသော မြန်မာ့အလင်းသတင်းအဖွဲ့သည် ဆရာစံပလာဇာ၌ ပြသထားသော လက်ရာမြောက်လှသည့် ပန်းပုလက်ရာများကို တဝကြီးကြည့်ရှုပြီးနောက် အပြန်တွင် ဗဟိုသမဝါယမအသင်းလီမိတက် အထွေထွေမန်နေဂျာ ဦးကိုကိုက ဆရာစံပလာဇာဘေး မြေကွက်လပ်အား လက်ညှိုးညွှန်ပြသဖြင့် လှမ်းကြည့်လိုက်ရာ ဆရာစံပလာဇာဘေး မြေကွက်လပ်ကျယ်ကြီးတွင် ယာယီတဲများထိုးကာ သစ်တုံးများ ထုဆစ်နေကြသည်ကို တွေ့မြင်လိုက်ရသဖြင့် သွားရောက်ကြည့်ရှုမိသည်။

ထုဆစ်နေကြ

ပန်းပုပညာရှင်များက စူး၊ ဆောက်၊ ဓား၊ တူ အစရှိသည့် ကိရိယာတန်ဆာပလာများဖြင့် သစ်တုံးများကို စိတ်ဝင်တစား ထုဆစ်နေကြသည်ကို တွေ့မြင်လိုက်ရသဖြင့် သတင်းသမားပီပီ နည်းနည်းစေ့စေ့ မေးမြန်းကြည့်မိသည်။

"ကျွန်တော့်နာမည်က သန်းဇော်ထွန်းလို့ ခေါ်ပါတယ်။ ဒါးပိန်ကပါ။ ဒီမှာလာပြီး အလုပ်လုပ်နေတာ နှစ်နှစ်လောက်ရှိပါပြီ။ ဉာဏ်ပူဇော်ခ ထိုက်ထိုက်တန်တန် ချီးမြှင့်လို့ စားဝတ်နေရေး အဆင်ပြေပါတယ်။ မနှစ်က ပန်းပုပြိုင်ပွဲမှာ ဝင်ရောက်ယှဉ်ပြိုင်ခဲ့ပြီး ဆုတံဆိပ်လည်း ရရှိခဲ့ပါတယ်။ ယခုနှစ်ပြိုင်ပွဲမှာလည်း ဝင်ရောက်ယှဉ်ပြိုင်မှာပါ" ဟု စိတ်ရှည်လက်ရှည် ရှင်းပြသည်။ ဆက်လက်ပြီး သူထုဆစ်နေသော အရုပ်နဲ့ပတ်သက်လို့ မေးမြန်းကြည့်တဲ့အခါ သင်္ကြန်မှာ ရေလောင်းနေတဲ့ပုံဖြစ်ကြောင်း ရှင်းပြသည်။

"သင်္ကြန်မှာ ရေလောင်းနေတဲ့ပုံ ထုဆစ်နေတာပါ"
ကိုသန်းဇော်ထွန်း(ပန်းပုဆရာ)
ဒါးပိန်

ဆက်လက်၍ မလှမ်းမကမ်းတွင် အဖွဲ့လိုက် သစ်သားတုံးကြီးတစ်တုံးအား ထုဆစ်နေကြသည်ကို တွေ့မြင်ရ၍ မေးမြန်းကြည့်ရာ "ကျွန်တော့်နာမည်က ကိုအောင်ဆန်းညွှန့်လို့ ခေါ်ပါတယ်။ ဒါးပိန်ကပါ။ ကျွန်တော်တို့အဖွဲ့က သစ်သားတစ်တုံးတည်းနဲ့ ကျားမိသားစုပုံ ထုဆစ်နေတာပါ" ဟု ရှင်းပြသည်။ ကြီးမားသည့် သစ်တုံးကြီးတစ်ခုပေါ်တွင် ကျားမိသားစုပုံကို ထုဆစ်နေကြသည်မှာ ကြည့်၍ကောင်းလှသည်။ ကျားကြီးမှာ ရုပ်လုံး အကြမ်းပေါ်လာပြီဖြစ်သော်လည်း ကျားကလေးများမှာ လျာထားသည့်အနေအထားတွင်သာ ရှိသေးသည်။

ကျားမိသားစုပုံကို ထုဆစ်နေကြသည့် ပန်းပုဆရာများ၏ အားထုတ်မှု....။
(မြန်မာ့အလင်း)

နိုင်ငံခြားသားများ

၄င်းတို့အဖွဲ့ ထုဆစ်နေသည်ကို ကြည့်ရှုပြီး ပြန်အထွက်တွင် ရှေ့မြေကွက်လပ်ပေါ်၌ အစီအရီချထားသော အချောထည် တိရစ္ဆာန်ရုပ်တုများကို တွေ့ရသည်။ ရုပ်တုအားလုံးမှာ တစ်နည်းတစ်ဖုံ လက်ရာမြောက်လှသည်။ ထိုအထဲတွင် သမင်ရုပ်ကြီးမှာ အသက်ဝင်လှသည်။ လက်ရာမြောက်လှသည်။ ထိုတိရစ္ဆာန်ရုပ်တုများကို ကြည့်ရှုပြီးနောက် ဆရာစံပလာဇာဆီသို့ ပြန်ထွက်လာခဲ့သည်။ မြေညီထပ်အရောက်တွင် ပြခန်းများကို စိတ်ဝင်တစား လာရောက်ကြည့်ရှုနေကြသော ပြည်သူများကို တွေ့မြင်နေရသည်။ ထိုအထဲတွင် နိုင်ငံခြားသားများလည်း ပါသည်။ ထိုနိုင်ငံခြားသားထဲမှ တစ်ဦးကို မေးမြန်းကြည့်ရာ–

"ကျွန်တော့်နာမည်က Mr.Tan Mei Hong လို့ခေါ်ပါတယ်။ မလေးရှားနိုင်ငံ ပီနန်မြို့ကပါ။ ကျွန်တော်တို့က တရုတ်ဘာသာရေးနဲ့ဆိုင်တဲ့ ရုပ်တုတွေ ဝယ်ဖို့ လာရောက်ကြည့်ရှုတာပါ။ ကျေးဇူးတင်ပါတယ်" ဟု ရှင်းပြသည်။

ထို့နောက် မလှမ်းမကမ်းတွင် ပန်းပုရုပ်တုများကို စိတ်ဝင်တစားကြည့်ရှုနေသူ တစ်ဦးအား မေးကြည့်ရာ–

"ကျွန်တော့်နာမည်က Mr.Tan လို့ ခေါ်ပါတယ်။ မလေးရှားနိုင်ငံ ပီနန်မြို့ကပါ။ ကျွန်တော်နဲ့အတူ မိတ်ဆွေတချို့လည်း ပါပါတယ်။ တရုတ်ဘာသာရေးနဲ့ဆိုင်တဲ့ အန်းကုန်းလိုရုပ်တုမျိုး ဝယ်ဖို့ လာတာပါ။ မြန်မာ့ပန်းပုရုပ်တုတွေကိုလည်း နှစ်သက်ပါတယ်" ဟု ရှင်းပြသည်။

ရာမဇာတ်ရုပ်တုများကို ဤသို့ စုစည်းခင်းကျင်းထားသည်။
(မြန်မာ့အလင်း)

တစ်ခေတ်ဆန်းသစ်

ယခင်က အိမ်တွင်းမှုလုပ်ငန်းနှင့် မိရိုးဖလာလုပ်ငန်းအဖြစ်သာ သိကြသော မြန်မာ့ပန်းပုပညာသည် ပြည်တွင်း၌သာမက ပြည်ပနိုင်ငံများကပါ စိတ်ဝင်တစား ရှိလာကြပြီဖြစ်ရာ မြန်မာ့ပန်းပုပညာ တစ်ခေတ် ဆန်းသစ်လာပြီဖြစ်ပါကြောင်း အနုပညာမြင်ကွင်းအဖြစ် တင်ဆက်လိုက်ရပါကြောင်း။ ။

(မြန်မာ့အလင်း)

ပန်းပုဆရာများ လက်စွမ်းပြထုဆစ်ထားသည့် ရုပ်တုများက ဤသို့ အစီအရီ....။
(မြန်မာ့အလင်း)

မြန်မာ့ရုပ်မြင်သံကြား အစီအစဉ်

၂-၂-၂၀၁၀
(အင်္ဂါနေ့)

နံနက်ပိုင်း

- ၇:၀၀ ၁။ မင်းကွန်းဆရာတော်ကြီး၏ ပရိတ်တရားတော် - ယောဆရာတော် ဟောကြားတော်မူသော ဥပ္ပါတသန္တိပါဠိတော်
- ၇:၂၅ ၂။ ကျန်းမာဖို့ အတူကစားစို့
- ၇:၃၀ ၃။ နံနက်ခင်းသတင်း
- ၇:၄၀ ၄။ မြတ်ဂုဏ်တော်သခင် (သန်းမြတ်စိုး၊ တေးရေး–မောင်မောင်လတ်)
- ၇:၄၅ ၅။ **ဧရာဝတီ၏အား ကျွန်းကုန်းတံတား**
- ၇:၅၀ ၆။ သံသာချိုအေး မင်္ဂလာတေး
- ၈:၀၀ ၇။ ပြည်ထောင်စုတိုင်းရင်းသား ရိုးရာအက
- ၈:၁၀ ၈။ အကပြိုင်ပွဲ
- ၈:၂၅ ၉။ နှောင်းခေတ်တေးပဒေသာ
- ၈:၃၅ ၁၀။ **(၆၃)နှစ်မြောက် ပြည်ထောင်စုနေ့ ဂုဏ်ပြုအစီအစဉ်**
- ၈:၄၅ ၁၁။ International News
- ၈:၅၀ ၁၂။ Local Talent
- ၉:၀၀ ၁၃။ အစီအစဉ်ပြီး၏။

ညပိုင်း

- ၄:၀၀ ၁။ စစ်ချီတေး၊ စစ်သည်တေး
- ၄:၀၅ ၂။ အတီးပြိုင်ပွဲ
- ၄:၂၅ ၃။ ကြေးမုံရိပ်သွင်တေးနုယဉ်
- ၄:၃၅ ၄။ **မြန်မာ့ကျောက်မျက်ရတနာ ပြတိုက်**
- ၄:၄၅ ၅။ အဝေးသင်တက္ကသိုလ် ပညာရေးရုပ်မြင်သံကြား သင်ခန်းစာ ဒုတိယနှစ် (ရုက္ခဗေဒအထူးပြု) (ရုက္ခဗေဒ)
- ၅:၀၀ ၆။ မျိုးချစ်စိတ်ဓာတ်ရှင်သန် ထက်မြက်ရေးတေးများ
- ၅:၀၅ ၇။ တေးဂီတအစီအစဉ်
- ၅:၂၀ ၈။ **ဆုံစည်းခွင့်**
- ၅:၃၀ ၉။ ရင်မှာစွဲထင်တေးအလှသံစဉ်
- ၅:၅၀ ၁၀။ **(၆၃)နှစ်မြောက်ပြည်ထောင်စုနေ့ ဂုဏ်ပြုအစီအစဉ်**
- ၆:၀၀ ၁၁။ ညနေခင်းသတင်း
- ၆:၁၅ ၁၂။ မိုးလေဝသအခြေအနေ
- ၆:၂၀ ၁၃။ **ကြယ်ပွင့်များရဲ့ ရင်ခုန်သံ**
- ၆:၄၀ ၁၄။ ဆိုလိုက်ကြစို့
- ၇:၀၀ ၁၅။ နိုင်ငံခြားဇာတ်လမ်းတွဲ **အဆိပ်သင့်တဲ့အချစ်** (အပိုင်း–၃၁)
- ၈:၀၀ ၁၆။ ပြည်တွင်းသတင်း
- ၁၇။ နိုင်ငံတကာသတင်းများ
- ၁၈။ မိုးလေဝသအခြေအနေ
- ၁၉။ နိုင်ငံခြားဇာတ်လမ်းတွဲ **ဆုံးလွှမ်းသောချစ်နှင်းဆီ** (အပိုင်း–၂၂)
- ၂၀။ **ရုပ်ရှင်ပဟေဠိ**
- ၂၁။ အစီအစဉ်ပြီး၏။

အောင်ဘာလေ ကံထူးရှင်

နေပြည်တော် ဖေဖော်ဝါရီ ၁

(၂၅၃)ကြိမ်မြောက် အောင်ဘာလေသိန်းဆုဖွင့်ပွဲမှ ယနေ့ထွက်ပေါ်လာသော ဆုကြီးများစာရင်းမှာ အောက်ပါအတိုင်းဖြစ်သည်။

ကျပ်သိန်း (၁၀၀၀)ဆု

ဈ – ၄၉၀၇၉၁

ကျပ်သိန်း (၅၀၀)ဆု

ဆ – ၄၅၀၀၇၁

ကျပ်သိန်း(၃၀၀)ဆုများ

ခ–၉၂၀၂၂၄ ဧ–၁၂၄၈၇၉

ကျပ်သိန်း (၂၀၀)ဆုများ

ဃ – ၉၉၆၉၄၃ ဈ – ၆၂၇၀၃၅
ဋ – ၃၆၀၁၈၂ ခ – ၅၈၉၅၂၉
ဍ – ၂၄၂၇၅၈

ကျပ်သိန်း(၁၀၀)
(မင်္ဂလာစုံတွဲ)ဆု

တ – ၈၆၉၆၃၇ ဈ – ၈၅၄၃၉၂
ဃ – ၁၃၄၅၂၇ န – ၅၆၁၃၀၆
ဖ – ၂၆၇၈၉၆ ဏ – ၉၉၆၅၃၈
ဋ – ၁၈၀၁၃၁ င – ၄၃၈၂၂၅
ဗ – ၅၂၇၄၈၆ ပ – ၄၆၉၆၇၁
ခ – ၈၇၀၀၉၇
တ – ၇၉၁၆၂၃
က – ၃၆၂၇၃၂

● ကျော့ဖုံးမှ

ယင်းတို့အနက် ရခိုင်ပြည်နယ်စည်ပင်သာယာရေးအဖွဲ့ ညွှန်ကြားရေးမှူးအဖြစ် ပြောင်းရွှေ့တာဝန်ထမ်းဆောင်မည့် ညွှန်ကြားရေးမှူး ဦးမျိုးကြည်ကို လာရောက်ကြိုဆိုသည့် ပြည်နယ်စည်ပင်သာယာရေးအဖွဲ့မှ ဒုတိယညွှန်ကြားရေးမှူး ဦးတင်နု၊ စစ်တွေမြို့နယ်စည်ပင်သာယာရေးအဖွဲ့ လက်ထောက်အင်ဂျင်နီယာဒေါ်ခင်ဆွေအေး၊ အငယ်တန်းအင်ဂျင်နီယာ(၂) ဒေါ်နှင်းနှင်းရီတို့နှင့် တွေ့ဆုံရာမှ စစ်တွေမြို့နယ် စည်ပင်သာယာရေးအဖွဲ့ အမှုဆောင်အရာရှိ ဒုတိယ ညွှန်ကြားရေးမှူး ဦးဝင်းနိုင်၊ အင်ဂျင်နီယာမှူးဦးအောင်သန်းတို့နှင့်စာရေးသူအား မိတ်ဆက်ပေးသည်။

ရေပေးဝေရေး

မြို့နယ်အမှုဆောင်အရာရှိက စစ်တွေမြို့နယ် စည်ပင်သာယာရေးအဖွဲ့မှ ပြည်နယ် မြို့ကြီးကို အဘက်ဘက်မှ တိုးတက်လှပစေရန် ကြိုးပမ်းဆောင်ရွက်မှုများကို အချိန်ရပါက လေ့လာနိုင်ကြောင်းနှင့် စစ်တွေ ရေပေးဝေရေးလုပ်ငန်း၊ အရန်ရေလှောင်မှုလုပ်ငန်းများ ဆောင်ရွက်နေမှုကို ပြောပြသည်။

ခရီးရောက်မဆိုက်ပင် စစ်တွေမြို့အလှနှင့်ရေပေးဝေရေးတို့ကို မြို့နယ်စည်ပင်သာယာရေးအဖွဲ့၏ အကူအညီဖြင့် လေ့လာခဲ့သည်။

"စစ်တွေမြို့ဟာ ပင်လယ် ရေငန် ပတ်လည်ဝိုင်းနေတဲ့မြို့ ဖြစ်ပါတယ်။ မြေအောက်ရေကို စုပ်ယူရာမှာ ပတ်ဝန်းကျင်သဘာဝက အရေးကြီးပါတယ်။ ရေငန်တွေ ပတ်လည်ဝိုင်းတော့ မြေအောက်ရေကလည်း ငန်ကြပါတယ်။ ဒါပေမယ့် စစ်တွေဒေသခံတွေရဲ့ ထူးခြားတဲ့ ကုသိုလ်ကံကြောင့် အဝီစိရေတွင်းအားလုံးလိုလို ရေချိုများထွက်ပါတယ်။ မြို့လူထု သောက်သုံးရန် မိုးရေလှောင်ကန်များ တည်ဆောက်ပြီး ရေပေးဝေနေတယ်။ ချောင်းရေများ ဝင်ရောက်တဲ့ ရေကန်မဟုတ်ပါဘူး။ မိုးပေါ်က ကျလာတဲ့မိုးရေကို တိုက်ရိုက် သိုလှောင်တဲ့ ရေကန်ဖြစ်ပါတယ်"ဟု အမှုဆောင်အရာရှိ ဦးဝင်းနိုင်က ဦးစွာရှင်းပြသည်။

ကန်တော်ကြီး

စစ်တွေမြို့၌ ရေပေးဝေလျက်ရှိသော ကန်တော်ကြီးသည် စစ်တွေမြို့၏အနောက် မြောက်ဘက်နှစ်မိုင်ခန့်အကွာ အနိမ့်ဆုံးရေအမှတ်မှာ ပင်လယ်ရေမျက်နှာပြင်အထက် ၄၄ပေ ၉လက်မတွင် တည်ရှိပြီး ၁၉၀၆ခုနှစ်တွင် တူးဖော်ခဲ့သော ရေကန်ဖြစ်သည်။

ထိုစဉ်က စစ်တွေမြို့ လူဦးရေမှာ ၃၇၀၀၀ခန့်သာ ရှိခဲ့ပြီး ရေကန်မှာ လူဦးရေ ၅၀၀၀၀အတွက် ရည်ရွယ်ဆောင်ရွက်ခဲ့ခြင်း ဖြစ်ပေသည်။ ကန်တော်ကြီးဧရိယာမှာ ၁၃၆ ဒသမ ၇၄ဧက ကျယ်ဝန်းကာ ရေဂါလန် ၄၀၉ ဒသမ ၄၆သန်းခန့် သိုလှောင်နိုင်ပြီး အနိမ့်ဆုံးရေအမှတ်မှာ ၂၅ပေ ဖြစ်သည်။

"မြို့လူထုသောက်သုံးရန် မိုးရေလှောင်ကန်များတည်ဆောက်ပြီး ရေပေးဝေနေတယ်။ ချောင်းရေများ ဝင်ရောက်တဲ့ ရေကန်မဟုတ်ပါဘူး။ မိုးပေါ်ကကျလာတဲ့ မိုးရေကို တိုက်ရိုက် သိုလှောင်တဲ့ ရေကန်ဖြစ်ပါတယ်"

ဦးဝင်းနိုင်
အမှုဆောင်အရာရှိ
ဒုတိယညွှန်ကြားရေးမှူး
မြို့နယ်စည်ပင်သာယာရေးအဖွဲ့
စစ်တွေမြို့။

တပ်ဆင်ထား

ရေပေးဝေရေးမျှော်စင်ကို ကန်တော်ကြီး တူးဖော်သည့်အချိန်တွင် တည်ဆောက်ခဲ့ပြီး ရေအဖွင့်အပိတ် ဘားကြီးသုံးခု တပ်ဆင်ထားသည်။ အမြင့်ဆုံးဂိတ်ဘားမှာ ၃၃ပေ၊ ဒုတိယရေဂိတ်ဘားမှာ ၂၉ပေနှင့် တတိယရေဂိတ်ဘားမှာ ၂၅ပေ ရှိသည်။

စစ်တွေမြို့သည် ယခုအခါ ရပ်ကွက် ၃၂ရပ်ကွက်၌ လူဦးရေ ၁ဒသမ ၅သိန်းခန့် နေထိုင်လျက်ရှိရာ ကန်တော်ကြီးရေကန်တစ်ကန်နှင့် မလုံလောက်သဖြင့် ၇ဒသမ ၄၄ဧကကျယ် ရေဂါလန် ၁၂ဒသမ ၄၈သန်း သိုလှောင်နိုင်သော ကန်တော်လေး၊ ၃ဒသမ ၄၄ ဧကကျယ် ရေဂါလန် ၂ဒသမ ၃၁ သန်းသိုလှောင်နိုင်သော တိုးချဲ့ကန်တို့ကို ဖော်ထုတ်ခဲ့သဖြင့် စုစုပေါင်း ၁၇၂ဒသမ ၄၉ဧကတွင် ရေဂါလန် ၄၅၄ဒသမ ၂၅သန်း သိုလှောင်နိုင်မည် ဖြစ်သည်။

လက်ရှိအခြေအနေတွင် မြို့ပေါ် ရပ်ကွက် ၂၇ရပ်ကွက်သို့ တစ်နေ့ရေဂါလန် ၁ဒသမ ၂သန်းပေးဝေလျက်ရှိသည်။ တစ်နေ့ ရေလိုအပ်ချက်မှာ ရေဂါလန် သုံးသန်းဖြစ်သဖြင့် စစ်တွေမြို့ မြောက်ဘက် ဆတ်ရိုးကျရပ်ကွက်အနီးတွင် ကန်ပိုင်ချောင်းပိတ်တမံ တည်ဆောက်ပြီး ရေလိုအပ်ချက်ပြည့်မီရေးအတွက် သက်ဆိုင်ရာက စီစဉ်နေသည်ကိုကြားသိရသည်။

"ရွှေကိုမလို ရေကိုသာလိုသည်" ရေခက်ခဲသော အညာဒေသ၌ ပြောဆိုခဲ့ကြသည်။

ပိုလျှံ

တပ်မတော်အစိုးရ လက်ထက်တွင် **"ရေကိုသာလိုသည့်"** စစ်ကိုင်းတိုင်း၊ မကွေးတိုင်း၊ မန္တလေးတိုင်းတို့မှ ဒေသအများစုသည် နယ်စပ်ဒေသနှင့် တိုင်းရင်းသား လူမျိုးများ ဖွံ့ဖြိုးတိုးတက်ရေးနှင့် စည်ပင်သာယာရေးဝန်ကြီးဌာန၏ ကြိုးပမ်းမှု၊ နိုင်ငံတော်နှင့် အလှူရှင်များစေတနာဖြင့် ရေရှားပါးလွန်းသောဒေသများ ရေများ ပိုလျှံအောင် ရရှိနေပေပြီ။

"ရေတွေ ပိုလို့ ရွှေတွေလိုချင်ပြီ"ဟု တစ်ခါ ရေရှားပါးသော ဒေသများက ယခုအခါ ကြွေးကြော်သံ အသစ်ပြောင်းကြသည်။ ကြည်နူးဝမ်းမြောက် ကျေနပ်စရာပင်။ စီစဉ်သူများ၊ ကူညီသူများ၊ အလှူရှင်များ **"ရေအကျိုး(၁၀)ပါး"**မှ ချရမည်သာပင်....။

စစ်တွေမြို့ ရွှေပြားရပ်ကွက်အတွင်း ကန်တော်ကြီးမှ ရေအခမဲ့ပေးဝေရာ ဒေသခံများ ခပ်ယူနေစဉ်နှင့် ရေတွင်းများတွင် ရေပေးဝေမည့်အချိန်ကို ဤသို့ ကြေညာထားသည်။ (မြန်မာ့အလင်း)

သုံးစွဲခွင့်ပြု

စစ်တွေဒေသခံများအတွက် ၂၀၀၉-၂၀၁၀ခုနှစ် ဘဏ္ဍာရေးနှစ် တစ်နှစ်တည်းမှာပင် ရေတွန်းစက်ရုံ အမှတ်(၁)၊ (၂)၊ (၃)တည်ဆောက်ခြင်း၊ ရေစုကန် တည်ဆောက်ခြင်း၊ ရေတွန်းစက်ရုံနှင့် ဆက်စပ်အင်ဂျင်၊ ပန့်များတပ်ဆင်ခြင်း၊ ဂိတ်ဘားများပြုပြင်ခြင်း၊ အသစ်လဲလှယ်ခြင်း၊ ဆားငန်ရည် ဝင်ရောက်သည့်ရပ်ကွက် လေးရပ်ကွက်ရှိ ရေပိုက်လိုင်းများတူးဖော်ကာ မြေပေါ်တွင်တပ်ဆင်ခြင်းနှင့် အများသုံးအုတ်ကန်များပြုပြင်ခြင်း အပါအဝင် စစ်တွေမြို့နယ် စည်ပင်သာယာရေးအဖွဲ့က တင်ပြသည့်လုပ်ငန်း ၂၈ခုကို ရွှေသဘာဝဓာတ်ငွေ့လုပ်ငန်းမှ လှူဒါန်းငွေ ကျပ်သိန်း ၇၉၀ အပါအဝင် ငွေကျပ် ၁၇၉၇သိန်းကျော် သုံးစွဲခွင့်ပြုခဲ့သည်။

တူးဖော်ပေးဝေနိုင်

အဆိုပါ ငွေပမာဏသည် ကျေးလက်ရေရရှိရေးအတွက် အဝီစိရေတွင်း ၄၀၀ ကျော်မျှ တူးဖော်ပေးဝေနိုင်သော ငွေဖြစ်သည်။

အလှည့်ကျပေးဝေ

စစ်တွေမြို့ ရေပေးဝေရေးစနစ်မှ ကန်တော်ကြီးရေကို အလိုအလျောက် ပြေဆွဲအားနှင့် ရေစီးဆင်းချစနစ်ဖြင့် (၂၆) ရပ်ကွက်သို့ အလှည့်ကျပေးဝေလျက်ရှိသည်။ ရပ်ကွက်များအတွင်း ရေတွင်းပုံသဏ္ဌာန် ရေစုကန်များတူးဖော်ကာ အများသုံးရေတိုင်အဖြစ် ကန်တော်ကြီးမှ ပို့လွှတ်သည့် ရေကြည်ရေသန့်များကို ဒေသခံများ အခမဲ့ ခပ်ယူ သုံးစွဲနိုင်ကြပေပြီ။

အသစ်ပြုလုပ်

ယခုအခါ ရခိုင်ပြည်နယ် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ ဥက္ကဋ္ဌ ညွှန်ကြားမှုဖြင့် မြို့ပေါ်ရှိ စည်ပင်သာယာရေးအဖွဲ့ပိုင် ရေတွင်းများမှရေများကို အမြင့်တင်ရေလှောင်ကန်များသို့ တွန်းတင်ကာ အရန်ရေများ စုဆောင်းလျက်ရှိသည့်အပြင် ရှေးယခင်က အသုံးမပြုခဲ့သော အကျယ် ၂၅ ပေ ၆လက်မ၊ အနက် ၂၅ပေရှိ ရွာကြီးမြောက်ရပ်ကွက် ဟသ်ာကန်အနီးမှ ရေဂါလန် ၄၈၀၀၀သိုလှောင်နိုင်သည့် ရေတွင်းကြီးများကို ရေပုပ်များ စုပ်ထုတ်ကာ ရေတွင်းများကို အသစ်ပြုလုပ်ပေးကြောင်း သိရသည်။

သိုလှောင်နိုင်

စစ်တွေမြို့ပေါ် ရပ်ကွက်များရှိ ရေတွင်းကြီးများ၏ အရန်ရေသိုလှောင်မှု အခြေအနေမှာ ရေတွင်း ၂၂တွင်းက ဂါလန် ၆၅ဒသမ၁၄သန်း သိုလှောင်နိုင်ပေသည်။ မြေသားကန် ၁၄ကန်မှလည်း ရေဂါလန် ၁၂ဒသမ ၂၆သန်း သိုလှောင်နိုင်သဖြင့် စုစုပေါင်း ရေဂါလန်သန်း ၇၇ဒသမ ၄၀ဂါလန် သိုလှောင်နိုင်သည်။

နောက်တစ်နေ့နံနက်တွင် ပြည်နယ် စည်ပင်သာယာရုံးသို့ သွားရောက်ပြီး ညွှန်ကြားရေးမှူး ဦးမောင်မောင်အောင်နှင့် ညွှန်ကြားရေးမှူးအသစ်အဖြစ် တာဝန်လွှဲပြောင်းယူမည့် ဦးမျိုးကြည်တို့အား သွားရောက်တွေ့ဆုံခဲ့သည်။

ဆောင်ရွက်နိုင်ခဲ့

ညွှန်ကြားရေးမှူး ဦးမောင်မောင်အောင်က "ကျွန်တော် ရခိုင်ပြည်နယ်မှာ လေးလမျှသာ တာဝန်ထမ်းဆောင်ရပါသေးတယ်။ ကျွန်တော်တာဝန်ယူစဉ်ကာလအတွင်း စစ်တွေမြို့ သန့်ရှင်းသောရေများ ရရှိရေးနှင့် ရပ်ကွက်များအတွင်းရှိ အုတ်ကန်များကို ပြည်နယ်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ၏ ညွှန်ပြမှုနှင့် အညီ ဆောင်ရွက်နိုင်ခဲ့ပါတယ်"ဟု ရှင်းပြသည်။

စစ်တွေမြို့ မြို့နယ်စည်ပင်သာယာရုံးဝင်းအတွင်းရှိ ပျိုးဥယျာဉ်ကို တွေ့မြင်ရပုံ။ (မြန်မာ့အလင်း)

ထို့နောက် ညွှန်ကြားရေးမှူးအသစ် ဦးမျိုးကြည်၊ မြို့နယ်အမှုဆောင်အရာရှိ ဒုတိယညွှန်ကြားရေးမှူး ဦးဝင်းနိုင်၊ လက်ထောက်အင်ဂျင်နီယာ ဒေါ်ခင်ဆွေအေး၊အငယ်တန်းအင်ဂျင်နီယာ(၂)ဒေါ်နှင်းနှင်းရီတို့နှင့်အတူ စစ်တွေမြို့သာယာလှပမှု၊ ကန်တော်ကြီးနှင့် ရေကန်များ၊ ရေတွန်း စက်ရုံများ၊ ဒေသခံများ ရေခပ်ယူနေမှုများကို သွားရောက် ကြည့်ရှုလေ့လာခဲ့သည်။

ကျေးလက်လမ်း

စစ်တွေမြို့နယ် စည်ပင်သာယာရေးအဖွဲ့သည် ရခိုင်ပြည်နယ်၏ မြို့တော်ဖြစ်သည့်အားလျော်စွာ မြို့ပြ ဖွံ့ဖြိုးတိုးတက်စေရန်သာမက ကျေးလက်များ ဖွံ့ဖြိုးစေရန် ကတ္တရာလမ်း၊ ကျောက်ခင်းလမ်း၊ မြေသားလမ်းများ ဖောက်လုပ်ခဲ့ပြီး ကျေးလက် တံတားများ တည်ဆောက်ပြုပြင်ခဲ့သည်။

သဘာဝအတားအဆီးများကို ဒေသခံများ၏ စုပေါင်းအားဖြင့် လက်တွဲညီညီ ဆောင်ရွက်ခဲ့သဖြင့် သမိုင်းတွင်ရစ်ကာ မှတ်တမ်းအဖြစ် ရွှံ့နွံထူထပ်သော ဝန်ဖိုက်ဒီရေတောအတွင်း စီမံကိန်းဝင်တံတားကြီးများ၊ ခိုင်ခံ့သည့် မြစ်ကူး၊ ချောင်းကူးတံတားများ၊ မီးရထားလမ်းများ၊ဘူတာရုံများ ဆောက်လုပ်ပေးခဲ့ခြင်း၊ ရေအားလျှပ်စစ် ထုတ်လုပ်နိုင်ရေးအတွက် စီမံကိန်းများ အကောင်အထည်ဖော်ခြင်းတို့ ဆောင်ရွက်လျက်ရှိသည်။

သို့ဖြစ်၍ စစ်တွေမြို့နယ် စည်ပင်သာယာရေးအဖွဲ့သည်လည်း ဒေသခံ တိုင်းရင်းသားများ စိတ်ချမ်းမြေ့စွာ သွားလာနေထိုင်ရေးအတွက် ကြိုးပမ်းစွမ်းဆောင်နေမှုကိုလည်း လေ့လာတင်ပြလိုက်ရပါကြောင်း။ ။

(မြန်မာ့အလင်း)

ပွိုင့်-ပင်လယ်ကမ်းခြေ အများပြည်သူအပန်းဖြေစခန်းမှ ပင်လယ်၊ မီးပြတိုက်နှင့် မီးတိုင်များ၊ ကြွေပြားကပ်ထိုင်ခုံများနှင့် ရှေးခေတ်သုံးအမြောက်တင်ခုံတို့ကို ဤသို့ လှပစွာတွေ့မြင်ရသည်မှာ....။
(မြန်မာ့အလင်း)

တောင်ကုတ်မြို့နယ် ကြိုးကြာကွင်းကျေးရွာ၌ ငွေချည်(၆)ဝါမျိုးစိုက်ပွဲကို ဒီဇင်ဘာ ၃၀ရက်က ဦးပိုင်အမှတ် (၁) ကွင်းအမှတ်-၆၇(ခ)ရှိ တောင်သူဦးခင်သိန်း၏ လယ်မြေ၌ကျင်းပရာ မြန်မာ့စိုက်ပျိုးရေးလုပ်ငန်း မန်နေဂျာ ဦးဆန်းဝင်းနှင့်အဖွဲ့ အပါအဝင် တောင်သူများ တက်ရောက်ကြစဉ်။ (မြို့နယ် ပြန်/ဆက်)

ရှမ်းပြည်နယ် တောင်ကြီးထောင် ရေသန့်စက်ရုံဖွင့်ပွဲ ကျင်းပ

တောင်ကြီး ဖေဖော်ဝါရီ ၁

အကျဉ်းဦးစီးဌာန ရှမ်းပြည်နယ် (တောင်ပိုင်း) တောင်ကြီးအကျဉ်းထောင် ရေသန့်စက်ရုံဖွင့်ပွဲ အခမ်းအနားကို ဇန်နဝါရီ ၂၄ရက် နံနက် ၉နာရီက တောင်ကြီးအကျဉ်းဦးစီးဌာန၌ ကျင်းပသည်။ အခမ်းအနားသို့ အကျဉ်းဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးဇော်ဝင်း၊ ရှမ်းပြည်နယ် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ အတွင်းရေးမှူး ဦးရန်မျိုးအောင်နှင့် အဖွဲ့ဝင်များ၊ ပြည်နယ်၊ ခရိုင်၊ မြို့နယ်အဆင့် ဌာနဆိုင်ရာတာဝန်ရှိသူများ၊ အလှူရှင်များ၊ အကျဉ်းသား၊ အကျဉ်းသူများနှင့် ဖိတ်ကြားထားသည့် ဧည့်သည်များ တက်ရောက်ကြသည်။

ရှေးဦးစွာ အကျဉ်းဦးစီးဌာန ညွှန်ကြားရေးမှူးချုပ်ဦးဇော်ဝင်းက အဖွင့်အမှာစကားပြောကြားပြီး ရေသန့်စက်ရုံ အလှူရှင် ဦးကိုကိုဦးက လှူဒါန်းရခြင်းနှင့်စပ်လျဉ်း၍ ရှင်းလင်းတင်ပြသည်။

ပက်ဖြန်း

ထို့နောက် အကျဉ်းဦးစီးဌာနမှ ညွှန်ကြားရေးမှူး ဦးသိန်းဇော်နှင့် ရေသန့်စက်ရုံ အလှူရှင်တို့က ရေသန့်စက်ရုံကို ဖဲကြိုးဖြတ်၍ ဖွင့်လှစ်ပေးသည်။ ယင်းနောက် ရေသန့်စက်ရုံ ကမ္ပည်းမော်ကွန်းကို အကျဉ်းဦးစီးဌာန ညွှန်ကြားရေးမှူးချုပ်က စက်ခလုတ်နှိပ်၍ ဖွင့်လှစ်ပေးသည်။

ကြည့်ရှု

ဆက်လက်၍ အကျဉ်းဦးစီးဌာန ညွှန်ကြားရေးမှူးချုပ်က အလှူရှင်အား ဂုဏ်ပြုမှတ်တမ်းလွှာပေးအပ်ပြီး တောင်ကြီးအကျဉ်းထောင် ရေသန့်စက်ရုံအတွင်း လှည့်လည်ကြည့်ရှုခဲ့ကြောင်း သိရသည်။

(ပြည်နယ် ပြန်/ဆက်)

မီးဖိုမီး အခြားမီး သုံးပြီးသတိ အမြဲရှိ။

✱ ***ရှေ့ဖုံးမှ***

ကျိုင်းတုံမြို့နယ် စည်ပင်သာယာရေးရုံး၌ မြို့နယ်စည်ပင်သာယာရေးအဖွဲ့ အမှုဆောင်အရာရှိနှင့် လက်ထောက်ညွှန်ကြားရေးမှူး ဦးအောင်ငွေးကြွယ်နှင့် တွေ့ဆုံကာ သိလိုသည့်အချက်များကို မေးမြန်းခဲ့သည်။

"ကျိုင်းတုံမြို့ သာယာလှပရေးအတွက် ဆောင်ရွက်တဲ့နေရာမှာ မြို့တွင်းလမ်းတွေကို ကတ္တရာလမ်းခင်းခြင်း၊ သောက်သုံးရေရရှိစေရန် ဆောင်ရွက်ပေးခြင်း၊ လမ်းဘေးဝဲယာတစ်လျှောက် ပန်းအလှနဲ့ အရိပ်ရပင်များ စိုက်ပျိုးခြင်းနဲ့ သန့်ရှင်းရေးလုပ်ငန်းတွေကို နေ့စဉ် ဆောင်ရွက်ပေးနေပါတယ်။ ဒီလိုဆောင်ရွက်တဲ့အခါ ပြည်နယ်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ ဥက္ကဋ္ဌရဲ့ အနီးကပ်လမ်းညွှန်ကြားမှု၊ ကျွန်တော်တို့ရဲ့ နယ်စပ်ဒေသနှင့် တိုင်းရင်းသားလူမျိုးများ ဖွံ့ဖြိုးတိုးတက်ရေးနှင့် စည်ပင်သာယာရေးဝန်ကြီးဌာနက တာဝန်ပေးဆောင်ရွက်စေမှုတွေကြောင့် ဖြစ်ပါတယ်"ဟု ဦးအောင်ငွေးကြွယ်က သတင်းအဖွဲ့သို့ ရှင်းပြသည်။

ပိုမိုမြင့်မား

ကျိုင်းတုံမြို့တွင်း အဓိကလမ်းမကြီးတိုင်းတွင် ကတ္တရာများ အပြည့်ခင်းထားသဖြင့် သန့်ရှင်းသပ်ရပ်ကာ မြို့အဆင့်အတန်းကို ပိုမိုမြင့်မားစေကြောင်း တွေ့မြင်ရသည်။ နေ့စဉ်ပြုပြင်မှုများ ပြုလုပ်နေကြသည်ကိုလည်း နေရာတိုင်း၌ မြင်တွေ့ရသည်။

"ကျိုင်းတုံမြို့တွင်းမှာရှိတဲ့ မိုင်းယန်းလမ်းနဲ့ လွယ်မွေလမ်းတွေမှာဆိုရင်လည်း ပလက်ဖောင်းနဲ့ ကတ္တရာလမ်းကြားမှာ ကွန်ကရစ်တွေ ထပ်မံဖြည့်ဆည်းပေးထားပါတယ်။ ဒါ့အပြင် ပလက်ဖောင်းနဲ့ လမ်းမျက်နှာစာနေအိမ်များအကြား မြေကြီးနေရာတွေမှာ ကွန်ကရစ်ဖြည့်ပြီး တစ်ဆက်စပ်တည်း ပြုလုပ်ထားတာမို့ နေအိမ်များနဲ့ လမ်းပလက်ဖောင်းတွေဟာ သပ်ရပ်သန့်ရှင်းမှုတွေရှိနေတာ မြင်တွေ့ရမှာဖြစ်ပါတယ်"ဟုလည်း ၄င်းက ဆက်လက်ရှင်းပြသည်။

မျက်စိပသာဒ

ထို့နောက် ကျိုင်းတုံမြို့တွင်း လိုက်လံလေ့လာခဲ့သည်။ မြို့တွင်းလမ်းမကြီးများ သပ်ရပ်လှပနေအောင် ပြုလုပ်ထားသည်ကို တွေ့ရသည်။ ကျိုင်းတုံလေယာဉ်ကွင်းသို့ အတက် မိုင်းလားလမ်းဆုံ သာယာလှပရေး ဆောင်ရွက်ထားမှုမှာ လမ်းဘေးဝဲယာတစ်လျှောက် ပလက်ဖောင်းများကို ဖြူ၊ နီ ဆေးများသုတ်ထားမှု၊ လှပသော ပန်းများ၊ အလှပင်များနှင့် အရိပ်ရပင်များကို သေသပ်လှပစွာ စိုက်ပျိုးထားမှုကြောင့် မျက်စိပသာဒ ဖြစ်ရသည်။

ဖွံ့ဖြိုးတိုးတက်လာမှုကြောင့် နေအိမ်တိုက်တာ အဆောက်အအုံသစ်များကို ကျိုင်းတုံမြို့တွင်းရှိ မိုင်းယန်းလမ်း၊ လေယာဉ်ကွင်းလမ်း၊ လွယ်မွေလမ်း၊ တာချီလိတ်လမ်း၊ တောင်ကြီးအထွက်လမ်းတို့တွင် အစီအရီ အပြိုင်အဆိုင် မြင်တွေ့ရသည်။ လေယာဉ်ကွင်းလမ်းရှိ မြို့တော်ခန်းမကြီးကို ခံ့ထည်စွာ တည်ဆောက်ထားမှုကလည်း ကျိုင်းတုံမြို့၏ ဂုဏ်ဒြပ်ကို ပိုမိုမြင့်တက်စေလျက်ရှိသည်။

ပန်းအလှပင်

ကျိုင်းတုံမြို့လယ်ရှိ ကျောက်တိုင်အဝိုင်းမှာလည်း ပန်းအလှပင်များဖြစ်သည့် ချစ်တီးပန်း၊ ပင်စိမ်းနီ၊ သရက်ထည်၊ ဒေါင်းဖန်ဝါ၊ နှဲပန်းနှင့် ဂျပန်နေကြာတို့ဖြင့် လှပဝေဆာ အမြင်ဆန်းစွာ တွေ့မြင်ရသည်။ တစ်ဖန် လွယ်မွေသွား လမ်းထောင့်၊ လမ်းဆုံတွင် ပန်းအလှစိုက်ပျိုးမှုနှင့် မြေယာအလှများ ဆောင်ရွက်ထားမှုကို မြင်တွေ့ရသည်။

နောင်တုံကန်

ကျိုင်းတုံမြို့တွင် နာမည်ကြီးသည့်နေရာမှာ နောင်တုံကန် ဖြစ်သည်။ နောင်တုံကန်သို့ သတင်းအဖွဲ့ ရောက်ရှိလေ့လာခဲ့ရာ အကျယ်အဝန်းတစ်မိုင်ခန့်ရှိသည်ကို တွေ့ရသည်။ နောင်တုံကန်သည် ကျိုင်းတုံမြို့ အမှတ်(၅)ရပ်ကွက်တွင်တည်ရှိပြီး နောင်တုံကန်ပတ်လမ်းတစ်လျှောက်တွင် ကတ္တရာလမ်းခင်းထားသည်။ နောင်တုံကန် ပတ်လည်အတွင်း ကမ်းပါးတစ်လျှောက် ကျောက်တုံးများကို လှပစွာ အစီအရီပြုလုပ်ထားသည်။ ကန်ပေါင်ပတ်လည်ကို အုတ်တိုင်အနီများ၊ သံပန်းများဖြင့် ကာရံထားသော်လည်း နောင်တုံကန်အလှကို စိတ်တိုင်းကျ ကြည့်ရှုခံစား၍ ရသည်။ ကန်ပတ်လည်တွင် စက္ကူပန်းရောင်စုံပင်များ၊ အလှပင်များနှင့် အရိပ်ရပင်များ စိုက်ပျိုးထားသဖြင့် သာယာလှပကြည်နူးဖွယ်ပင်ဖြစ်သည်။ ထူးခြားသည်မှာ နောင်တုံကန်ရေပြင်သည် သန့်ရှင်းကြည်လင်နေပြီး အမှိုက်ကင်းစင်နေခြင်းပင်။ နောင်တုံကန်သည် သင်္ကြန်ပွဲတော်များ၌ သင်္ကြန်ရေပက်မဏ္ဍပ်များဖြင့် စည်ကားကြောင်း သိရသည်။

မြေယာအလှ

ထို့နောက် ကျိုင်းတုံမြို့အဝင် ဂေါက်ကွင်းအနီး မြေယာအလှဆောင်ရွက်ထားမှု၊ မိုင်းလားလမ်းဆုံမှ ကျိုင်းတုံမြို့တွင်းအထိ လမ်းဘေးဝဲယာ ပန်းအလှ ပြုပြင်ဆောင်ရွက်ထားမှုများကို လိုက်လံလေ့လာခဲ့ရာ ပန်းများဖြင့် လှပဝေဆာလျက်ရှိနေသည်ကို မြင်တွေ့ရသည်။ မြို့တွင်းလမ်းဆုံများ၌ရှိသော တြိဂံပုံစံလေးများတွင် မြေခင်းအလှပြုပြင်ထားပြီး ပန်းပင်မျိုးစုံ စိုက်ပျိုးထားမှုကိုလည်း သတိပြုမိခဲ့သည်။

အမှိုက်ကင်းစင်

ကျိုင်းတုံမြို့တွင်း၌ အဓိကလမ်းမကြီးများဖြစ်သည့် မိုင်းယန်းလမ်း၊ လေယာဉ်ကွင်းလမ်း၊ လွယ်မွေလမ်း၊ တာချီလိတ်လမ်းနှင့် တောင်ကြီးလမ်းတို့တွင် နေ့စဉ်အမှိုက်သိမ်း ကား ငါးစီးဖြင့် နံနက်တစ်ကြိမ်၊ ညနေတစ်ကြိမ် သန့်ရှင်းရေး ဆောင်ရွက်ပေးနေမှုကြောင့် မြို့တွင်း၌ အမှိုက်ကင်းစင်ကာ သပ်ရပ်လှပနေသည်ကို တွေ့ရသည်။

မျက်ဝါးထင်ထင်

တည်ငြိမ်အေးချမ်းမှု၏ ရလဒ်များကြောင့် ကျိုင်းတုံမြို့သည် တစ်ရှိန်ထိုး တိုးတက်ဖွံ့ဖြိုးလာပြီဖြစ်ရာ မြို့နေပြည်သူတို့၏ လူမှုဘဝ နေထိုင်မှုလည်း မြင့်တက်လာခဲ့ပြီကို မျက်ဝါးထင်ထင် တွေ့မြင်နေရပါကြောင်း သတင်းခရီးတစ်ထောက် တွေ့ရှိခံစား ရေးသားလိုက်ရပါသည်။ ။

(မြန်မာ့အလင်း)

တည်ငြိမ်အေးချမ်းမှု၏ ရလဒ်များကြောင့် ကျိုင်းတုံမြို့သည် တစ်ရှိန်ထိုး တိုးတက်ဖွံ့ဖြိုးလာပြီဖြစ်ရာ မြို့နေပြည်သူတို့၏ လူမှုဘဝနေထိုင်မှုလည်း မြင့်တက်လာခဲ့ပြီကို မျက်ဝါးထင်ထင် တွေ့မြင်နေရ။

ကျိုင်းတုံမြို့ ကျက်သရေဆောင် မြို့တော်ခန်းမကြီးကလည်း ဤသို့ ဝင့်ဝင့်ထည်ထည်....။ (မြန်မာ့အလင်း)

မြို့အဝင်ဆိုင်းဘုတ်

ကျိုင်းတုံမြို့အဝင် ဆိုင်းဘုတ်ကလည်း ဤသို့ ကြိုဆိုနေသည်။ (မြန်မာ့အလင်း)

ကျိုင်းတုံမြို့ရှိ တောင်ကြီးကားလမ်းကို သပ်ရပ်သန့်ရှင်းလှပစွာ ဤသို့ တွေ့ရသည်။ (မြန်မာ့အလင်း)

ကျိုင်းတုံမြို့ရှိ နောင်တုံကန်အလှကလည်း မြို့၏ဖွံ့ဖြိုးမှု အလှကို ဖြည့်စွက်ပေးထားသကဲ့သို့ ရှိနေသည်။ (မြန်မာ့အလင်း)



တနင်္သာရီတိုင်း အေးချမ်းသာယာရေးနှင့် ဖွံ့
ဝန်ကြီးဌာန ဝန်ကြီး ဗိုလ်ချုပ်အောင်မင်းတို့ ပ

တိုင်းမှူး ဗိုလ်ချ
ထားဝယ်-မြိတ် ရထား

တနင်္သာရီတိုင်း အေးချမ်းသာယာရေးနှင့် ဖွံ့ ဝန်ကြီးဌာန ဝန်ကြီး ဗိုလ်ချုပ်အောင်မင်းတို့သည် ရထားလမ်း ဖောက်လုပ်ရေး စီမံကိန်းရှင်းလင်းဆော အခြေအနေကို ရှင်းလင်းတင်ပြသည်။

ဖြည့်ဆည်းမှာကြား

ဆက်လက်၍ တိုင်းမှူးနှင့်ဝန်ကြီးတို့သည် ဘု အမှတ်(၁၃) တည်ဆောက်နေမှု၊ ပုလောမြို့ အမှတ် ဘူတာ တည်ဆောက်မည့် မြေနေရာနှင့် ပုလေ တည်ဆောက်မည့် မြေနေရာတို့ကို လှည့်လည်ြ ဖြည့်ဆည်းမှာကြားကြသည်။

ဝန်ကြီး ဗိုလ်ချုပ်အောင်မင်းသည် ဇန်နဝါရီ မြို့နယ် ဆင်ဖြူပြင်ကျေးရွာအနီး၌ သရက်ချော မြေနေရာ၊ သရက်ချောင်းမြို့နယ် သရက်နှစ်ခွကျေး တံတား တည်ဆောက်နေမှု၊ ထားဝယ်မြို့နယ် ရွှေ တံတား တည်ဆောက်နေမှုနှင့် ထားဝယ်မြို့န ထားဝယ်-မြိတ်ကားလမ်း၏ ရထားလမ်းဖြတ်သန်း များဖြင့် မြေသားတာပေါင်ဆောင်ရွက်နေမှုတို့ကို

နိုင်ငံခြားစစ်သံမှူးများနှင့်
ကော့သောင်းမြို့နှင့် မြိတ်မြို့တို့သို့

ရန်ကုန် ဖေဖော်ဝါရီ

ကာကွယ်ရေးဝန်ကြီးဌာနမှ ဒုတိယဗိုလ်ချုပ်ကြီးရဲမြင့်၏ဇနီး ဒေါ်မြတ်ငွေနှင့် တပ်မတော နိုင်ငံတော်ဆိုင်ရာ စစ်သံမှူးများအဖွဲ့ နာယက အိန္ဒိယသမ္မတနိုင်ငံ စစ်သံမှူး Col. M ၄င်းတို့၏ မိသားစုဝင်များပါဝင်သော လေ့လာရေးအဖွဲ့ဝင်များသည် တနင်္သာရီတိုင်းသို့ ရန်ကုန်အပြည်ပြည်ဆိုင်ရာလေဆိပ်မှ အထူးလေယာဉ်ဖြင့် ထွက်ခွာခဲ့ကြရာ နံနက် ၁၀န

ကြိုဆိုနှုတ်ဆက်

အဆိုပါ လေ့လာရေးအဖွဲ့ဝင်များအား ကော့သောင်းတပ်နယ်မှ တာဝန်ရှိသူများ၊ ဌာနဆိုင်ရာ ဝန်ထမ်းများက ကော့သောင်းလေဆိပ်၌ ကြိုဆိုနှုတ်ဆက်ကြသည်။

ထို့နောက် လေ့လာရေးအဖွဲ့ဝင်များသည် ပိတောက်ရွှေဝါရပ်ကွက်ရှိ ငါးသုံးလုံးတောင် ရှုခင်းသာရှုရပ်မှ ကော့သောင်းမြို့ ဖွံ့ဖြိုးတိုးတက်နေမှုနှင့် ပင်လယ်သဘာဝအလှများကို ကြည့်ရှုလေ့လာကြပြီး မှတ်တမ်းတင်ဓာတ်ပုံ ရိုက်ကြသည်။

ထိုမှတစ်ဆင့် ကော့သောင်းမြို့ ပြည်တော်အေးစေတီတော်သို့ သွားရောက်ဖူးမြော်ကြည်ညိုကြပြီး မဉ္ဇူသကခန်းမ၌ ကော့သောင်းခရိုင်ဥက္ကဋ္ဌက ကြိုဆိုနှုတ်ခွန်းဆက်စကားနှင့် ကော့သောင်းခရိုင်အကြောင်းကို ရှင်းလင်းပြောကြားသည်။

တည်ခင်းဧည့်ခံ

ဆက်လက်၍ မွန်းလွဲပိုင်းတွင် ဘုရင့်နောင်အငူကို ကြည့်ရှုလေ့လာကြပြီး ရေယာဉ်ဖြင့် ပါချန်မြစ်အတွင်းနှင့် ဆလုံကျွန်း၊ ပုလုံးတုံးတုံးကမ်းခြေတို့ကို ကြည့်ရှုလေ့လာကြသည်။ ညပိုင်းတွင် လေ့လာရေးအဖွဲ့ဝင်များအား Andaman Club Resort Hotel ၌ ကော့သောင်းတပ်နယ်မှ ညစာစားပွဲဖြင့် တည်ခင်းဧည့်ခံသည်။

လေ့လာရေး အဖွဲ့ဝင်များသည် ဇန်နဝါရီ ၃၀ရက် နံနက်ပိုင်းတွင် ကော့သောင်းမြို့ရှိ မြို့မဈေးကြီးနှင့် ရွှေပြည်စိုးရပ်ကွက်၊ (၇)မိုင်ရှိ နမ့်ခုံးခရုနှင့် ကနုကမာ လက်မှုပညာလုပ်ငန်းများကို သွားရောက်ကြည့်ရှုလေ့လာကြပြီး အထူးလေယာဉ်ဖြင့် မြိတ်မြို့သို့ရောက်ရှိကြရာ တနင်္သာရီတိုင်း အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ကမ်းရိုးတန်းဒေသတိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်ခင်ဇော်ဦးနှင့်ဇနီး၊ ဒုတိယတိုင်းမှူးနှင့် တာဝန်ရှိသူများ၊ တိုင်းအဆင့် ဌာနဆိုင်ရာများ၊ တိုင်းရင်းသား တိုင်းရင်းသူများက မြိတ်လေဆိပ်၌ ကြိုဆိုနှုတ်ဆက်ကြသည်။

ယင်းနောက် လေ့လာရေးအဖွဲ့ဝင်များအား ကြိုဆိုနှုတ်ဆက်ပွဲ အခမ်းအနားကို ပုလဲရတနာခန်းမ၌ကျင်းပရာ တနင်္သာရီတိုင်း အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ အတွင်းရေးမှူးက ကြိုဆိုနှုတ်ဆက်စကား ပြောကြားသည်။ မွန်းလွဲပိုင်းတွင် လေ့လာရေး

တနင်္သာရီတိုင်း အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ကမ်းရိုးတန်းဒေသတိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်ခင်ဇော်ဦးနှင့် ရထားပို့ဆောင်ရေးဝန်ကြီးဌာန ဝန်ကြီး ဗိုလ်ချုပ်အောင်မင်းတို့ ပုလောမြို့ ပုလောဘူတာတည်ဆောက်မည့် မြေနေရာကို ကြည့်ရှုစစ်ဆေးစဉ်။ (ရထား)

တိုင်းမှူး ဗိုလ်ချုပ်ခင်ဇော်ဦးနှင့် ဝန်ကြီး ဗိုလ်ချုပ်အောင်မင်း ထားဝယ်-မြိတ် ရထားလမ်းဖောက်လုပ်ရေး စီမံကိန်းလုပ်ငန်းများ စစ်ဆေး

နေပြည်တော် ဖေဖော်ဝါရီ ၁

တနင်္သာရီတိုင်း အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ကမ်းရိုးတန်းဒေသတိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်ခင်ဇော်ဦးနှင့် ရထားပို့ဆောင်ရေးဝန်ကြီးဌာန ဝန်ကြီး ဗိုလ်ချုပ်အောင်မင်းတို့သည် ဇန်နဝါရီ ၂၉ရက်တွင် ဒုတိယဝန်ကြီး ဦးဖေသန်းနှင့်အတူ မြိတ်မြို့နယ် ဘုတ်ခြံကျေးရွာရှိ ထားဝယ်-မြိတ် ရထားလမ်း ဖောက်လုပ်ရေး စီမံကိန်းရှင်းလင်းဆောင်သို့ ရောက်ရှိကြရာ စီမံကိန်းအင်ဂျင်နီယာ ဦးလွမ်းသူက သမုတ်-ဘုတ်ခြံလမ်းပိုင်းရှိ လုပ်ငန်းဆောင်ရွက်ထားရှိမှု အခြေအနေကို ရှင်းလင်းတင်ပြသည်။

ဖြည့်ဆည်းမှာကြား

ဆက်လက်၍ တိုင်းမှူးနှင့်ဝန်ကြီးတို့သည် ဘုတ်ခြံကျေးရွာအနီး၌ တံတား အမှတ်(၁၃) တည်ဆောက်နေမှု၊ ပုလောမြို့ အမှတ်(၅)ရပ်ကွက်အနီး၌ ပုလောဘူတာ တည်ဆောက်မည့် မြေနေရာနှင့် ပုလောချောင်း ရထားကူးတံတား တည်ဆောက်မည့် မြေနေရာတို့ကို လှည့်လည်ကြည့်ရှုပြီး လိုအပ်သည်များ ဖြည့်ဆည်းမှာကြားကြသည်။

ဝန်ကြီး ဗိုလ်ချုပ်အောင်မင်းသည် ဇန်နဝါရီ ၃၀ရက်တွင် သရက်ချောင်းမြို့နယ် ဆင်ဖြူပြင်ကျေးရွာအနီး၌ သရက်ချောင်းဘူတာ တည်ဆောက်မည့် မြေနေရာ၊ သရက်ချောင်းမြို့နယ် သရက်နှစ်ခွကျေးရွာအနီး၌ သရက်နှစ်ခွချောင်း တံတား တည်ဆောက်နေမှု၊ ထားဝယ်မြို့နယ် ရွှေဂူကျေးရွာအနီး၌ ရွှေဂူချောင်း တံတား တည်ဆောက်နေမှုနှင့် ထားဝယ်မြို့နယ် ကနိုင်းဒါကျေးရွာအနီး၌ ထားဝယ်-မြိတ်ကားလမ်း၏ ရထားလမ်းဖြတ်သန်းမည့် မြေနေရာ၌ စက်ယန္တရားများဖြင့် မြေသားတာပေါင်ဆောင်ရွက်နေမှုတို့ကို ကြည့်ရှုစစ်ဆေးသည်။

ကြည့်ရှုစစ်ဆေး

ဝန်ကြီး ဗိုလ်ချုပ်အောင်မင်းနှင့် ဒုတိယဝန်ကြီး ဦးဖေသန်းတို့သည် ဇန်နဝါရီ ၃၁ရက်တွင် ထားဝယ်ဘူတာ၌ ဘူတာနှင့် ဘူတာယာဒ်ဝင်း သန့်ရှင်းသာယာလှပရေး ဆောင်ရွက်ကြရန် တာဝန်ရှိသူများအား မှာကြားပြီး ထားဝယ်မြို့ ပေါက်တိုင်းတံတားအနီး ထားဝယ်-မြိတ်ကားလမ်းကို ရထားလမ်းဖြတ်သန်း ဖောက်လုပ်မည့် လမ်းဆုံနေရာ၊ ကျက်စားပြင်ရပ်ရှိ ထားဝယ်-မြိတ်ရထားလမ်း ဖောက်လုပ်ရေးစီမံကိန်း၊ ထားဝယ်-သရက်ချောင်းလမ်းပိုင်း၌ တံတားလုပ်ငန်း၊ မြေသားလုပ်ငန်းနှင့် ဘူတာတည်ဆောက်ရေးလုပ်ငန်းများ ဆောင်ရွက်ပြီးစီးမှု၊ ကျက်စားပြင်ရပ်ရှိ ဆိပ်ကမ်းဘူတာ တည်ဆောက်ပြီးစီးမှုနှင့် ထားဝယ်မြို့နယ် ကနိုင်းဒါကျေးရွာအနီး ပေါက်တိုင်းချောင်း တံတားတည်ဆောက်မှုတို့ကို ကြည့်ရှုစစ်ဆေးကြ၍ လိုအပ်သည်များ မှာကြားခဲ့ကြောင်း သတင်းရရှိသည်။

(သတင်းစဉ်)

MRTV-4 ရုပ်မြင်သံကြား အစီအစဉ်

၂-၂-၂၀၁၀ (အင်္ဂါနေ့)

နံနက်ပိုင်း

- ၅:၀၀ MRTV-4 အဖွင့် Logo၊ ပဌာန်းပါဠိတော်+မေတ္တာသုတ်
- ၅:၁၅ MRTV-4 သတင်း
- ၆:၀၀ **သောကကင်းဝေး နေနိုင်ရေး** တရားတော် (အောင်စကြာ ဆရာတော် အရှင်စန္ဒသိရီ)
- ၇:၀၀ MRTV-4 သတင်း
- ၇:၄၅ MRTV-4 ကာတွန်းအစီအစဉ်
- ၈:၀၀ MRTV-4 ရုပ်သံဇာတ်လမ်းတွဲ **ကြည်နူးဝေဖြာ မေတ္တာကမ္ဘာ** (အပိုင်း-၉)
- ၈:၃၀ Sports World (Moto X; 2010)
- ၈:၅၅ Activities in the City
  - (မိုးကုတ်အဖွဲ့ချုပ်ကုသိုလ်တော် ဖြစ်ဆေးခန်းဖွင့်ပွဲ)
  - (ဒဿနိကဗေဒမိသားစု အာစရိယပူဇော်ပွဲ)
- ၉:၂၀ ပွင့်ဖြူ၏ လက်ဆောင်
- ၉:၃၀ Sunday Talk
- ၁၀:၄၀ နာတာရှည် ကျောက်ကပ်ရောဂါနှင့် သွေးတိုးရောဂါ (ပါမောက္ခဒေါက်တာစောနောင်)
- ၁၁:၀၅ မန်းမြေမှ မောင်မြန်မာ
- ၁၁:၂၀ ထူးထူးခြားခြား သစ်ခေါက်ပန်းချီကား
- ၁၁:၄၀ World of Knowledge Venomer(အပိုင်း-၁)
- ၁၂:၁၀ လှပစွာချုပ် ဂျုံရိုးဦးထုပ်
- ၁၂:၁၅ သနပ်ခါးနှင့်ထပ်တူ
- ၁၂:၂၅ Activities in the City
  - (မိုးကုတ်အဖွဲ့ချုပ် ကုသိုလ်တော် ဖြစ်ဆေးခန်းဖွင့်ပွဲ)
  - (ဒဿနိကဗေဒမိသားစု အာစရိယပူဇော်ပွဲ)
- ၁:၀၀ **သောကကင်းဝေး နေနိုင်ရေး** တရားတော် (အောင်စကြာ ဆရာတော် အရှင်စန္ဒသိရီ)
- ၂:၀၀ MRTV-4 သတင်း
- ၂:၄၅ Fashion Music Festival (အသည်းကွဲကမ်းခြေ)
- ၃:၃၀ MRTV-4 ရုပ်သံဇာတ်လမ်းတွဲ **ကြည်နူးဝေဖြာ မေတ္တာကမ္ဘာ** (အပိုင်း-၉)
- ၄:၀၀ ပွင့်ဖြူ၏ လက်ဆောင်
- ၄:၂၀ ဂန္ထဝင်ဂီတစာဆိုတော် အလင်္ကာကျော်စွာမြို့မငြိမ်း နှစ် (၁၀၀)ပြည့် အထိမ်းအမှတ် ဂန္ထဝင်တေးသီချင်းများ
- ၆:၀၀ MRTV-4 သတင်း
- ၆:၂၀ Cartoon Show Time (Tinker Bell and the Lost Treasure)
- ၇:၀၀ Fashion Music Festival (အသည်းကွဲကမ်းခြေ)
- ၇:၃၀ Celebrity Style (အဆိုတော် မော်ဒယ်ချမ်းချမ်းနှင့် တွေ့ဆုံခြင်း)
- ၈:၀၀ MRTV-4 သတင်း
- ၈:၃၀ သင်ကြားရေးလမ်းညွှန် (Stamford City Business Institute)
- ၈:၅၅ ဟိုတယ်လမ်းညွှန် (Rupar Mandalar)
- ၉:၃၀ MRTV-4 ရုပ်သံဇာတ်လမ်းတွဲ **ကြည်နူးဝေဖြာ မေတ္တာကမ္ဘာ** (အပိုင်း-၉)
- ၁၀:၀၀ Cartoon Show Time (Tinker Bell and the Lost Treasure)
- ၁၀:၃၅ Celebrity Style (အဆိုတော် မော်ဒယ်ချမ်းချမ်းနှင့် တွေ့ဆုံခြင်း)
- ၁၁:၀၀ သင်ကြားရေးလမ်းညွှန် (Stamford City Business Institute)
- ၁၁:၁၅ ဟိုတယ်လမ်းညွှန် (Rupar Mandalar)
- ၁၁:၄၀ မန်းမြေမှ မောင်မြန်မာ
- ၁၁:၅၀ တိုးပွားဆောင်ရွက် နိုင်ငံ့လက် ဖေးကူမွေးမြူတို့အတူ (အင်းလေးဒေသရဲ့ ထူးခြားတဲ့ငါး **ငါးဖိန်း**)
- ၁၂:၀၀ **အင်း** ငွေပန်းထိမ်ရဲ့ အငွေ့အသက်
- ၁၂:၁၅ သဘာဝအလှများစုဝေးရာ ပူတာအိုမြို့
- ၁၂:၂၀ ကဏ္ဍစုံလင်အားကစားအစီအစဉ်
- ၁:၀၀ အစီအစဉ်ပြီး၏။

MRTV-4 အစီအစဉ်ကို ရန်ကုန်မြို့နှင့် အနီးတစ်ဝိုက်တွင် ရိုးရိုး VHF တီဗွီအင်တင်နာဖြင့် အလွယ်တကူဖမ်းယူကြည့်ရှုနိုင်ပါသည်။ မန္တလေးမြို့နှင့်အနီးတစ်ဝိုက်တွင် UHF တီဗွီအင်တင်နာဖြင့် ဖမ်းယူကြည့်ရှုနိုင်ပါသည်။

Barclays Premier League ဘောလုံးပွဲစဉ်

နံနက်ပိုင်း	ပွဲစဉ်	ပြသမည့်လိုင်း
၂:၁၀	Hull City-Chelsea	ESPN(Live)
	Hull City-Chelsea	MRTV-4(Live)

FA Cup ဘောလုံးပွဲစဉ်

နံနက်ပိုင်း	ပွဲစဉ်	ပြသမည့်လိုင်း
၂:၁၀	Crystal Palace - Wolverhampton	Star Sports (Live)

ရန်ကုန်တိုင်းကိုယ်စားပြု တိုင်းရင်းသားကိုယ်စားလှယ်များအား တိုင်းမှူး ဗိုလ်ချုပ်ဝင်းမြင့် တွေ့ဆုံ အမှာစကားပြောကြား

ရန်ကုန် ဖေဖော်ဝါရီ ၁

(၆၃)နှစ်မြောက် ပြည်ထောင်စုနေ့အခမ်းအနားသို့ တက်ရောက်ကြမည့် ရန်ကုန်တိုင်းကိုယ်စားပြု တိုင်းရင်းသားကိုယ်စားလှယ်များနှင့် တွေ့ဆုံပွဲအခမ်းအနားကို ယနေ့မွန်းလွဲ ၂ နာရီတွင် ရန်ကုန်တိုင်းရုံးခန်းမ၌ကျင်းပရာ ရန်ကုန်တိုင်းအေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ရန်ကုန်တိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်ဝင်းမြင့် တက်ရောက်၍ အမှာစကား ပြောကြားသည်။

ရင်းရင်းနှီးနှီးနှုတ်ဆက်

ထို့နောက် တာဝန်ရှိသူတစ်ဦးက လုပ်ငန်းဆောင်ရွက်ထားရှိမှုများနှင့်စပ်လျဉ်း၍ ရှင်းလင်းတင်ပြပြီး တိုင်းရင်းသားကိုယ်စားလှယ်များက တိုင်းမှူးအား တစ်ဦးချင်းမိတ်ဆက်ကြသည်။ ယင်းနောက် တိုင်းမှူးသည် အုပ်ချုပ်သူများ၊ တိုင်းရင်းသားကိုယ်စားလှယ်များအား ရင်းရင်းနှီးနှီး နှုတ်ဆက်ခဲ့ကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

နိုင်ငံခြားစစ်သံမှူးများနှင့် မိသားစုဝင်များ ...င်းမြို့နှင့် မြိတ်မြို့တို့သို့ သွားရောက်ကြည့်ရှုလေ့လာ

ရန်ကုန် ဖေဖော်ဝါရီ ၁

...နမှ ဒုတိယဗိုလ်ချုပ်ကြီးရဲမြင့်၏ဇနီး ဒေါ်မြတ်ငွေနှင့် တပ်မတော်အရာရှိကြီးများ၊ ၎င်းတို့၏ဇနီးများ ဦးဆောင်၍ ပြည်ထောင်စုမြန်မာ ...များအဖွဲ့ နာယက အိန္ဒိယသမ္မတနိုင်ငံ စစ်သံမှူး Col. Manoj Mukund Naravane နှင့်ဇနီး၊ နိုင်ငံခြားစစ်သံမှူးများနှင့် ...ါဝင်သော လေ့လာရေးအဖွဲ့ဝင်များသည် တနင်္သာရီတိုင်းသို့ သွားရောက်ကြည့်ရှုလေ့လာရန် ဇန်နဝါရီ ၂၉ရက် နံနက်ပိုင်းတွင် ...လဆိပ်မှ အထူးလေယာဉ်ဖြင့် ထွက်ခွာခဲ့ကြရာ နံနက် ၁၀နာရီ ၁၅မိနစ်တွင် ကော့သောင်းမြို့သို့ ရောက်ရှိကြသည်။

ညပိုင်းတွင် လေ့လာရေးအဖွဲ့ဝင်များအား Andaman Club Resort Hotel ၌ ကော့သောင်းတပ်နယ်မှ ညစာစားပွဲဖြင့် တည်ခင်းဧည့်ခံသည်။

လေ့လာရေး အဖွဲ့ဝင်များသည် ဇန်နဝါရီ ၃၀ရက် နံနက်ပိုင်းတွင် ကော့သောင်းမြို့ရှိ မြို့မဈေးကြီးနှင့် ရွှေပြည်စိုးရပ်ကွက်၊ (၇)မိုင်ရှိ နမ့်ခုံးခရုနှင့် ကနုကမာ လက်မှုပညာ လုပ်ငန်းများကို သွားရောက်ကြည့်ရှု လေ့လာကြပြီး အထူးလေယာဉ်ဖြင့် မြိတ်မြို့သို့ရောက်ရှိကြရာ တနင်္သာရီတိုင်း အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ကမ်းရိုးတန်းဒေသတိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်ခင်ဇော်ဦးနှင့်ဇနီး၊ ဒုတိယတိုင်းမှူးနှင့် တာဝန်ရှိသူများ၊ တိုင်းအဆင့် ဌာနဆိုင်ရာများ၊ တိုင်းရင်းသား တိုင်းရင်းသူများက မြိတ်လေဆိပ်၌ ကြိုဆိုနှုတ်ဆက်ကြသည်။

ယင်းနောက် လေ့လာရေးအဖွဲ့ဝင်များအား ကြိုဆိုနှုတ်ဆက်ပွဲ အခမ်းအနားကို ပုလဲရတနာခန်းမ၌ကျင်းပရာ တနင်္သာရီတိုင်း အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ အတွင်းရေးမှူးက ကြိုဆိုနှုတ်ဆက်စကား ပြောကြားသည်။ မွန်းလွဲပိုင်းတွင် လေ့လာရေးအဖွဲ့ဝင်များသည် ဆိပ်ငယ်ဈေးသို့ သွားရောက်ကြည့်ရှု လေ့လာကြပြီး လေးကျွန်းဆီမီး စေတီတော်သို့လည်း သွားရောက်ဖူးမြော် ကြည်ညိုကြသည်။

ညပိုင်းတွင် တိုင်းမှူးနှင့် ဇနီးတို့က လေ့လာရေးအဖွဲ့ဝင်များအား တိုင်းစစ်ဌာနချုပ်ဧည့်ရိပ်သာ မြက်ခင်းပြင်၌ ဂုဏ်ပြုညစာစားပွဲဖြင့် တည်ခင်းဧည့်ခံပြီး အမှတ်တရ လက်ဆောင်ပစ္စည်းများ အပြန်အလှန် ပေးအပ်ကြသည်။

ကြည့်ရှုလေ့လာ

လေ့လာရေး အဖွဲ့ဝင်များသည် ဇန်နဝါရီ ၃၁ရက် နံနက်ပိုင်းတွင် မြိတ်မြို့ အင်းလေးမြိုင်စက်မှုဇုန်ရှိ အဆောင်ကောင်းကုမ္ပဏီလီမိတက်၏ တန် ၄၀၀ အအေးခန်းစက်ရုံနှင့် ကောင်းကောင်း မွေးမြူရေးကုမ္ပဏီလီမိတက်၏ ဒေါင်းကူးမော် ကဏန်းပျော့ မွေးမြူရေးစခန်းတို့ကို ကြည့်ရှုလေ့လာကြပြီး မြိတ်မြို့တစ်ဖက်ကမ်း ပထက်တောင်ရှိ အတုလရံသီ ရွှေသာလျောင်းဘုရားအား သွားရောက်ဖူးမြော်ကြည်ညိုကြကာ ပထက်ကျွန်းရှိ ပြည့်ဖြိုးထွန်းအင်တာနေရှင်နယ် ကုမ္ပဏီလီမိတက်၏ ငါး၊ ပုစွန် တန် ၁၀၀၀ အအေးခန်းစက်ရုံနှင့် ကမ်းနားလမ်းရှိ သဘာဝ ငှက်အိမ်တို့ကို ကြည့်ရှုလေ့လာကြသည်။

လေ့လာရေး အဖွဲ့ဝင်များသည် မွန်းလွဲပိုင်းတွင် မြိတ်မြို့မှ အထူးလေယာဉ်ဖြင့် ပြန်လည်ထွက်ခွာကြရာ တိုင်းမှူး၊ ဇနီးနှင့် တာဝန်ရှိသူများက ပို့ဆောင်နှုတ်ဆက်ကြပြီး ရန်ကုန် အပြည်ပြည်ဆိုင်ရာလေဆိပ်သို့ ညနေပိုင်းတွင် ရောက်ရှိကြကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

မှတ်တမ်းတင်ဓာတ်ပုံ

ကာကွယ်ရေးဝန်ကြီးဌာနမှ ဒုတိယဗိုလ်ချုပ်ကြီးရဲမြင့်၏ဇနီး ဒေါ်မြတ်ငွေနှင့် အဖွဲ့ဝင်များ ပြည်ထောင်စုမြန်မာနိုင်ငံတော်ဆိုင်ရာ စစ်သံမှူးများအဖွဲ့ နာယက အိန္ဒိယသမ္မတနိုင်ငံ စစ်သံမှူး Col. Manoj Mukund Naravane နှင့်ဇနီး၊ နိုင်ငံခြားစစ်သံမှူးများ၊ ၎င်းတို့၏ မိသားစုဝင်များ ကော့သောင်းမြို့ရှိ ဘုရင့်နောင်အငူ၌ မှတ်တမ်းတင် ဓာတ်ပုံရိုက်ကြစဉ်။

(သတင်းစဉ်)

ထူးခြားသည့် ညအပူချိန် ၁-၂-၂၀၁၀		
ဟားခါးမြို့	-၂	ဒီဂရီစင်တီဂရိတ်
လွိုင်လင်မြို့	၁	ဒီဂရီစင်တီဂရိတ်
ပူတာအိုမြို့	၄	ဒီဂရီစင်တီဂရိတ်
ပြင်ဦးလွင်မြို့	၄	ဒီဂရီစင်တီဂရိတ်
အမ်းမြို့	၄	ဒီဂရီစင်တီဂရိတ်

အထက်ပိုင်းဒေသများ၌ ညအပူချိန်လျော့နည်းနိုင်

နေပြည်တော် ဖေဖော်ဝါရီ ၁

ယနေ့နံနက် ၉ နာရီခွဲအထိ မိုးလေဝသတိုင်းထွာချက်အကျဉ်းချုပ်မှာ လွန်ခဲ့သော ၂၄ နာရီအတွင်းက ရခိုင်ပြည်နယ်၊ မွန်ပြည်နယ်၊ စစ်ကိုင်းတိုင်းအထက်ပိုင်း၊ ပဲခူးတိုင်း၊ ရန်ကုန်တိုင်းနှင့် တနင်္သာရီတိုင်းတို့တွင် တိမ်အသင့်အတင့်ဖြစ်ထွန်းခဲ့ပြီး ကျန်ဒေသများတွင် အများအားဖြင့် သာယာခဲ့သည်။ ညအပူချိန်များမှာ ရခိုင်ပြည်နယ်၊ စစ်ကိုင်းတိုင်း အထက်ပိုင်းနှင့် မကွေးတိုင်းတို့တွင် ဖေဖော်ဝါရီလ၏ ပျမ်းမျှအပူချိန်တို့အောက် ၃ဒီဂရီစင်တီဂရိတ်မှ ၄ဒီဂရီစင်တီဂရိတ်အထိ၊ ကချင်ပြည်နယ်၊ ဖေဖော်ဝါရီလ၏ ပျမ်းမျှအပူချိန်တို့အောက် ၅ဒီဂရီစင်တီဂရိတ်၊ ချင်းပြည်နယ်တွင် ဖေဖော်ဝါရီလ၏ ပျမ်းမျှအပူချိန်တို့အောက် ၈ဒီဂရီစင်တီဂရိတ်လျော့နည်းခဲ့ပြီး ကယားပြည်နယ်၊ ပဲခူးတိုင်းနှင့် တနင်္သာရီတိုင်းတို့တွင် ဖေဖော်ဝါရီလ၏ ပျမ်းမျှအပူချိန်တို့ထက် ၃ဒီဂရီစင်တီဂရိတ်မှ ၄ဒီဂရီစင်တီဂရိတ်အထိ၊ မွန်ပြည်နယ်တွင် ဖေဖော်ဝါရီလ၏ ပျမ်းမျှအပူချိန်တို့ထက် ၅ဒီဂရီစင်တီဂရိတ်ပိုခဲ့ကာ ကျန်ဒေသများတွင် ဖေဖော်ဝါရီလ၏ ပျမ်းမျှအပူချိန်ခန့်သာရှိခဲ့သည်။ ထူးခြားသည့် ညအပူချိန်များမှာ ဟားခါးမြို့တွင် -၂ဒီဂရီစင်တီဂရိတ်၊ လွိုင်လင်မြို့တွက် ၁ဒီဂရီစင်တီဂရိတ်နှင့် ပူတာအိုမြို့၊ ပြင်ဦးလွင်မြို့နှင့် အမ်းမြို့တို့တွင် ၄ဒီဂရီစင်တီဂရိတ်စီတို့ ဖြစ်ကြသည်။

ဘင်္ဂလားပင်လယ်အော်အခြေအနေမှာ ဘင်္ဂလားပင်လယ်အော် အနောက်အလယ်ပိုင်းနှင့် အနောက်တောင်ပိုင်းတို့တွင် တိမ်အသင့်အတင့်ဖြစ်ထွန်းနေပြီး ကပ္ပလီပင်လယ်ပြင်နှင့် ကျန်းဘင်္ဂလားပင်လယ်အော်တို့တွင် အများအားဖြင့် သာယာနေသည်။

ဖေဖော်ဝါရီ ၂ရက် ညနေအထိ ခန့်မှန်းချက်မှာ တစ်ပြည်လုံးတွင် အများအားဖြင့် သာယာမည်။

မြန်မာ့ပင်လယ်ပြင်တွင် လှိုင်းအသင့်အတင့် ရှိမည်။

နောက်နှစ်ရက်အတွက်ခန့်မှန်းချက်မှာ မြန်မာနိုင်ငံအထက်ပိုင်းဒေသများတွင် ညအပူချိန်များ အနည်းငယ် ဆက်လက်လျော့နည်းနိုင်သည်။

နေပြည်တော်နှင့် အနီးတစ်ဝိုက်တွင် အများအားဖြင့် သာယာမည်။

ရန်ကုန်မြို့နှင့်အနီးတစ်ဝိုက်တွင် အများအားဖြင့် သာယာမည်။

မန္တလေးမြို့နှင့်အနီးတစ်ဝိုက်တွင် သာယာမည်။

သာသနာတော်ဆိုင်ရာဘွဲ့တံဆိပ်တော်များ ဆက်ကပ်ပွဲနှင့် ဆွမ်းဆန်တော်လောင်းလှူပွဲကျင်းပရေး ညှိနှိုင်း

နေပြည်တော် ဖေဖော်ဝါရီ ၁

သာသနာတော်ဆိုင်ရာ ဘွဲ့တံဆိပ်တော်များ ဆက်ကပ်လှူဒါန်းပွဲနှင့် ဆွမ်းဆန်တော်လောင်းလှူပွဲ အခမ်းအနားကျင်းပရေး လုပ်ငန်းညှိနှိုင်းအစည်းအဝေးကို ယနေ့မွန်းလွဲ ၂နာရီတွင် နေပြည်တော်ရှိ သာသနာရေးဝန်ကြီးဌာန ဝန်ကြီးရုံး အစည်းအဝေးခန်းမ၌ကျင်းပရာ သာသနာတော်ဆိုင်ရာ ဘွဲ့တံဆိပ်တော် ဆက်ကပ်လှူဒါန်းပွဲနှင့် ဆွမ်းဆန်တော်လောင်းလှူပွဲ ကျင်းပရေးကော်မတီဥက္ကဋ္ဌ သာသနာရေးဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးချုပ်သူရမြင့်မောင် တက်ရောက်၍ အဖွင့်အမှာစကား ပြောကြားသည်။ **(အပေါ်ပုံ)**

ညှိနှိုင်းဆောင်ရွက်ပေး

အဆိုပါ လုပ်ငန်းညှိနှိုင်းအစည်းအဝေးသို့ နေပြည်တော်တိုင်းစစ်ဌာနချုပ် ဒုတိယတိုင်းမှူး ဗိုလ်မှူးချုပ်မင်းဇော်၊ ဝန်ကြီးဌာနများမှ ဌာနဆိုင်ရာအကြီးအကဲများနှင့် တာဝန်ရှိပုဂ္ဂိုလ်များ၊ ဖိတ်ကြားထားသည့် ဧည့်သည်တော်များနှင့် တာဝန်ရှိသူများ တက်ရောက်ကြသည်။ ရှေးဦးစွာ ဝန်ကြီး ဗိုလ်မှူးချုပ် သူရမြင့်မောင်က အဖွင့်အမှာစကားပြောကြားသည်။ ထို့နောက် ဆပ်ကော်မတီများမှ တာဝန်ရှိသူများနှင့်ရုံးအဖွဲ့မှူးတို့က အခမ်းအနားကျင်းပရေးလုပ်ငန်းများ စီစဉ်ဆောင်ရွက်ထားရှိမှု အခြေအနေများကို ရှင်းလင်းတင်ပြကြပြီး ဝန်ကြီးက ရှင်းလင်းတင်ပြချက်များအပေါ် လိုအပ်သည်များကို ပေါင်းစပ်ညှိနှိုင်းဆောင်ရွက်ပေးကာ နိဂုံးချုပ်အမှာစကားပြောကြားပြီး လုပ်ငန်းညှိနှိုင်း အစည်းအဝေးကို ရုပ်သိမ်းလိုက်သည်။ **(သတင်းစဉ်)**

မြန်မာနယူးစ်ဝိခ်ဂျာနယ်ဖြန့်ချိ

ရန်ကုန် ဖေဖော်ဝါရီ ၁

ဘိလပ်မြေစက်ရုံပိုင်ရှင်များ လုပ်ငန်းလည်ပတ်နိုင်ရန် လောင်စာအတွက် ကျောက်မီးသွေးမိုင်းလုပ်ငန်းများလုပ်ကိုင်မည် သတင်းပါရှိသည့် မြန်မာနယူးစ်ဝိခ်ဂျာနယ် အတွဲ(၂)၊ အမှတ်စဉ် (၁၄)ကို ယနေ့ဖြန့်ချိထားသည်။

လူနာများအနေဖြင့် မသမာသည့်စိတ်ထားများဖြင့် အပြစ်ရှာသိက္ခာချလှော်ကြေး တောင်းမည်ဆိုလျှင် တန်ပြန်အကျိုးသက်ရောက်နိုင်သည်၊ Export Earning ရှိသူများနှင့် ဝန်ဆောင်မှုလုပ်ငန်းများမှ နိုင်ငံခြားငွေရရှိသူများအားလုံး ပြည်တွင်းသို့ ကုန်ပစ္စည်းတင်သွင်းခွင့်ရရှိမည်၊ တန်ချိန် ၁၁၀ကျော်ရှိသည့် မြန်မာ့ကျောက်စိမ်းအရိုင်းတုံးကို ဖားကန့်မှ ရန်ကုန်သို့သယ်ဆောင်မည်၊ ဆီစားနှံ့သက်သာသည့် ရေဓာတ်ငွေ့နည်းပညာ မီးစက်ကြီးများ၊ ချင်းတွင်းမြစ်တစ်လျှောက် ရွှေကျင်မှုများကြောင့် ဖြစ်ပေါ်လာသည့် အကျိုးဆက်များကို ငါးလုပ်ငန်းအဖွဲ့ချုပ်က လေ့လာစုံစမ်းမည်၊ တောင်ကိုရီးယားနိုင်ငံတွင် ကမ်းရိုးတန်းသွား သဲတင်သင်္ဘောနှစ်စင်းနစ်မြုပ် မြန်မာသင်္ဘောသားနှစ်ဦး ပျောက်ဆုံး၊ သိန်းဆုထီလက်မှတ်အတုများရောင်းချ၍ လိမ်လည်ခဲ့သူများအားဖမ်းဆီးရမိ၊ ၂၀၁၀ခုနှစ် ဖေဖော်ဝါရီလ ၁၇ရက်နေ့တွင် ကြာသပတေးဂြိုဟ်နှင့် သောကြာဂြိုဟ်ပူးသည့် ဖြစ်စဉ်ဖြစ်ပေါ်မည်ဖြစ်ပြီး နိုင်ငံတော်၏ စီးပွားရေးတိုးတက်လာနိုင်၊ Adak ကျွန်းတောင်ပိုင်းရှိ ရေပြင်တွင် ပင်လယ်တွင်းပြုတ်ကျနစ်မြုပ်သွားခဲ့ရသော မြန်မာသင်္ဘောသားတစ်ဦးကို ရှာဖွေမှုရပ်ဆိုင်း၊ ကျောက်တံတားမြို့နယ်ရှိ နေအိမ်တစ်ခုအတွင်း အမျိုးသမီးကြီးတစ်ဦး ပုပ်ပွ၍သေဆုံး၊ မြန်မာနိုင်ငံတွင် ဧရာဝတီမြစ်ကူးတံတားကြီး လေးစင်း ထပ်မံတည်ဆောက်မည်၊ ပုဂ္ဂလိကသို့ နိုင်ငံတော်ပိုင်ဆိပ်ကမ်းများ လွှဲပြောင်းလုပ်ကိုင်ခွင့်ပြုမည်၊ လာမည့်ခြောက်လအတွင်း အိန္ဒိယ-မြန်မာ ကုန်သွယ်မှုပမာဏ ဒေါ်လာ ၁၅ဘီလီယံမျှော်မှန်း၊ မြောက်ကိုရီးယား၏ အမြောက်ပစ်ခတ်မှုများကြောင့် တောင်ကိုရီးယားက အမြောက်များ နေရာရှာဖွေရေး ရေဒါများတပ်ဆင်သွားမည်၊ အမေရိကန်ပြည်ထောင်စုက အီရန်အား စစ်ရေးအရ တိုက်ခိုက်ရန်ကြံစည်နေသလော၊ ခန္ဓာကိုယ်ကိုခွဲစိတ်၍ ဗုံးများထည့်သွင်းတိုက်ခိုက်မည့် အယ်လ်ခိုင်ဒါတို့၏ ဖောက်ခွဲရေးနည်းသစ် စသည့်နောက်ဆုံးရ ပြည်တွင်းပြည်ပသတင်းများနှင့်အတူ ထုတ်ဝေဖြန့်ချိလိုက်ပြီ ဖြစ်သည်။ မြန်မာနယူးစ်ဝိခ်ဂျာနယ်ကို အပတ်စဉ်အင်္ဂါနေ့တိုင်း ထုတ်ဝေလျက်ရှိသည်။ **(သတင်းစဉ်)**

ဖောင်ပိတ်နိုင်ငံတကာအားကစားသတင်း

အာဖရိကနိုင်ငံများဖလား အီဂျစ်သုံးကြိမ်ဆက်တိုက်ဗိုလ်စွဲ

လောက်ဒါ ဖေဖော်ဝါရီ ၁

အာဖရိကနိုင်ငံများဖလား ဘောလုံးပြိုင်ပွဲ ဗိုလ်လုပွဲကို ဇန်နဝါရီ ၃၁ရက် ညပိုင်းက အင်ဂိုလာနိုင်ငံ လောက်ဒါမြို့၌ လက်ရှိချန်ပီယံ အီဂျစ်အသင်းနှင့် ဂါနာအသင်းတို့ အကြိတ်အနယ် ယှဉ်ပြိုင်ကစားခဲ့ကြရာ အီဂျစ်အသင်းက တစ်လုံးတည်းသော အနိုင်ဂိုးဖြင့် ချန်ပီယံဆုဖလား ဆွတ်ခူးသွားပြီဖြစ်သည်။

အီဂျစ်အသင်း၏ တစ်လုံးတည်းသော အနိုင်ဂိုးကို လူစားဝင်လာသူ မိုဟာမက်ဂျီဒိုက ပွဲချိန် ၈၅မိနစ်တွင် သွင်းယူပေးခဲ့ခြင်းဖြစ်သည်။ ဂျီဒို၏ ယင်းအနိုင်ဂိုးကြောင့် အီဂျစ်အသင်းသည် အာဖရိကနိုင်ငံများဖလားကို သုံးနှစ်ဆက်တိုက် ဗိုလ်စွဲနိုင်ခဲ့ခြင်းဖြစ်သည်။

လက်လွတ်ခဲ့ရ

အီဂျစ်အသင်းသည် အဆိုပါ အာဖရိကနိုင်ငံများဖလားကို ခုနစ်ကြိမ်မြောက် စံချိန်တင်ဗိုလ်စွဲခဲ့ခြင်းဖြစ်သည်။ ဂါနာအသင်းသည်လည်း ပြိုင်ပွဲတစ်လျှောက် အကောင်းဆုံးခြေစွမ်းပြကစားခဲ့သည်။ ဂါနာတိုက်စစ်မှူးများ၏ တိုက်စစ်ကို အီဂျစ်ခံစစ်မှူးများ မနည်းကာကွယ် ကစားခဲ့ရသည်။ ဂါနာတိုက်စစ်မှူးများ ချေပဂိုးသွင်းနိုင်ရေး အကြိတ်အနယ် ကစားခဲ့သော်လည်း ပွဲပြီးသည်အထိ ပြန်လည်မချေပနိုင်ခဲ့၍ တစ်ဂိုး-ဂိုးမရှိဖြင့် ဖလားလက်လွတ်ခဲ့ရသည်။ အီဂျစ်အသင်းသည် ၂၀၀၆ခုနှစ်နှင့် ၂၀၀၈ခုနှစ်တို့တွင်လည်း အာဖရိကဖလားကို ဆွတ်ခူးနိုင်ခဲ့ပြီးဖြစ်သည်။ ယခု ၂၀၁၀ ခုနှစ် ပြိုင်ပွဲတွင်လည်း ထပ်မံဗိုလ်စွဲခဲ့သဖြင့် သုံးကြိမ်ဆက်တိုက် ဗိုလ်စွဲနိုင်ခဲ့သော အသင်းဖြစ်လာသည်။

✷ **အာဖရိကနိုင်ငံများဖလားနှင့်အတူ အီဂျစ်အသင်း ဤသို့ အောင်ပွဲခံခဲ့သည်။** (အင်တာနက်ဓာတ်ပုံ)

အဆိုပါ အာဖရိကနိုင်ငံများဖလား တတိယနေရာလုပွဲအဖြစ် နိုင်ဂျီးရီးယားနှင့် အယ်လ်ဂျီးရီးယားအသင်းတို့ ယှဉ်ပြိုင်ကစားခဲ့ကြရာ နိုင်ဂျီးရီးယားအသင်းက တစ်လုံးတည်းသော အနိုင်ဂိုးဖြင့် တတိယဆု ဆွတ်ခူးနိုင်ခဲ့သည်။ ***(အင်တာနက်)***

မြင့်မောင်စိုးစုစည်းသည်

သွားနှင့်ခံတွင်းရောဂါများ ကင်းဝေးကြစေလို

ဒေါက်တာလေးအောင်(သံတွဲ)

အေးချမ်းသာယာပြီး ခေတ်မီဖွံ့ဖြိုးတိုးတက်သော နိုင်ငံတော်ကြီး ပေါ်ထွန်းလာရေးအတွက် အားသွန်ခွန်စိုက် ကြိုးပမ်းနေသည့် ယခုအချိန်အခါမျိုးတွင် လူ့စွမ်းအားအရင်းအမြစ်များ ရှင်သန်ဖွံ့ဖြိုးတိုးတက်နေစေရန် လိုအပ်နေပေရာ နိုင်ငံသူ၊ နိုင်ငံသားတို့၏ ကိုယ်စိတ်နှစ်ပါးလုံး ကျန်းမာကြံ့ခိုင်နေစေရေးသည် မဖြစ်မနေ လိုအပ်ချက်ဖြစ်နေပေတော့သည်။ ကိုယ်ရောစိတ်ပါ ကျန်းမာလန်းဆန်း တက်ကြွနေစေရန်အတွက် သွားနှင့်ခံတွင်းကျန်းမာခြင်းသည် အရေးပါသော အခန်းကဏ္ဍတစ်ခုအဖြစ် ပါဝင်နေပေသည်။

သွားနှင့်ခံတွင်း ကျန်းမာရေး ချို့တဲ့မှုကြောင့် သွားပိုးစားရောဂါနှင့် သွားဖုံးရောဂါများ ခံစားရလျှင် အအိပ်ပျက်၊ အစားပျက်၊ အလုပ်အကိုင်ပျက်ဖြစ်ကြရသည်ကို လူတိုင်းအသိပင်ဖြစ်ပါသည်။ သွားကိုက်နာကျင်မှုမှာ မခံနိုင်အောင် အလူးအလဲ၊ မချိတင်ကဲခံစားရသည့် ဝေဒနာမျိုးဖြစ်သဖြင့် ""ရန်သူကိုပင်၊ မပေးချင်"" ဟူ၍ဆိုစကားပင် ရှိလာရသည် မဟုတ်ပါလား။

လူ့ခန္ဓာတွင် သွားသည် အရေးပါသော အစိတ်အပိုင်း တစ်ခုအဖြစ် တည်ရှိနေပါသည်။ လူမှုဆက်ဆံရေးနယ်ပယ်တွင် အပြုံးလေးဖြင့် နှုတ်ဆက်ရမည်ဆိုလျှင်လည်း သွားဖွေးဖွေးလေးတွေ ရှိနေမှအသက်ဝင်ပါသည်။ အပြုံးလေးကြောင့် လူချစ်လူခင်ပေါများနိုင်သည်။ စကားပီပီသသ ပြောဆိုနိုင်ရန်လည်း သွားတွေရှိရန်လိုသည်။ ခန္ဓာကိုယ်ကျန်းမာသန်စွမ်း အားကောင်းမောင်းသန်ရှိရန် အာဟာရတွေရရှိဖို့အတွက် အစာစားနိုင်အောင် သွားတွေကောင်းရန်လိုသည်။ သို့မှသာ လန်းဆန်းတက်ကြွသည့် ဘဝနေထိုင်မှုပုံစံကို အမြဲရရှိနေနိုင်မည်ဖြစ်သည်။ အသက်ရှည် ကျန်းမာချင်လျှင် အသုံးဝင်လှတဲ့ သွားတွေကို မဆုံးရှုံးရအောင် ဂရုစိုက်တတ်ရန်လိုသည်။ သွားတွေကို ချစ်တတ်လျှင် သွားအစစ်နှင့် တစ်သက်နေရမည်ဖြစ်သည်။

လူ့ဘဝတစ်သက်သာတွင် ငယ်သွားနှင့် ကြီးသွားဟူ၍ သွားနှစ်ဆက်သာ ရရှိနိုင်သည်။ ယေဘုယျအားဖြင့် ကလေးငယ်ဘဝ ခြောက်လတွင် ငယ်သွားများစတင်ပေါက်လာပြီး နှစ်နှစ်နှင့် ခြောက်လခန့်တွင် ငယ်သွားအချောင်း ၂၀ စုံသည်။ ငယ်သွား၏သက်တမ်းမှာ ခြောက်လမှ ၁၃ နှစ်အထိ ရှိနိုင်သည်။ ခြောက်နှစ်တွင် ငယ်သွားများစတင်ကျိုး၍ ကြီးသွားများ ပေါက်လာပါသည်။ အသက်ခြောက်နှစ်နှင့် ၁၃ နှစ်ခန့်အတွင်း ငယ်သွားများ အားလုံးကျိုးရကာ ကြီးသွား အချောင်း၂၀ ပေါက်လာရသည်။

ကလေးငယ် ခြောက်နှစ်တွင်ပင် ငယ်သွားများအောက်မှ မဟုတ်ဘဲ ကလေး အံသွားနောက်ဘက်ကပ်၍ လွတ်နေသော သွားဖုံးရိုးနေရာမှ လူကြီး ပထမအံသွားများ ပေါက်လာကြသည်။ ကလေး ၁၂ နှစ်ခန့်တွင် လူကြီးဒုတိယ အံသွားနှင့် ၁၈ နှစ်ကျော်သောအခါ လူကြီးတတိယအံသွား (အံဆုံး) များ အစီအရီ ပေါက်လာကြသဖြင့် ကြီးသွား ၃၂ချောင်း စုံသွားပြီဖြစ်သည်။

ကလေးဘဝခြောက်နှစ်ကျော်လာလျှင် ငယ်သွားနှင့်ကြီးသွားပါရောထွေးနေပြီဖြစ်သဖြင့် သွားနှင့်ခံတွင်းကျန်းမာရေးကို ပိုမိုဂရုစိုက်ရန် လိုအပ်လာပြီဖြစ်သည်။ သွားများကို နုတ်ပစ်ရ၊ ဆုံးရှုံးရမှုသည် ပြန်လည်မရရှိနိုင်တော့သော မိမိ၏ ခန္ဓာအစိတ်အပိုင်းတစ်ခု ဆုံးရှုံးရခြင်းဖြစ်သည်ကို သတိထား ဆင်ခြင်သင့်ပါသည်။

ငယ်သွားဖြစ်စေ၊ ကြီးသွားဖြစ်စေ အကြောင်းတရားအမျိုးမျိုးကြောင့် ပျက်စီး ဆုံးရှုံးရတတ်ပါသည်။ သွားဆွေးမြည့်ရောဂါ(သွားပိုးစားရောဂါ)နှင့် သွားဖုံးရောဂါများသည် သွားကိုပျက်စီးဆုံးရှုံးစေသော အဓိကရောဂါများဖြစ်ကြသည်။ အခြားအကြောင်းတရား မျိုးစုံကြောင့်လည်း သွားများကို နုတ်ပစ်ရ၊ ဆုံးရှုံးရ ဖြစ်နိုင်သေးသည်။

သွားပြုန်းတီးခြင်း(Attrition)၊ သွားပွန်းပဲ့ခြင်း(Abrasion)၊ သဘာဝ အချဉ်ဓာတ်က သွားကိုစားသွားခြင်း(Erosion)နှင့် သွား၊ ခံတွင်း မေးရိုး မျက်နှာအစိတ်အပိုင်းများ ထိခိုက်ဒဏ်ရာရမှု (Oral and Maxillo-facial Accident)များကြောင့်လည်း သွားကို ထိခိုက်ပျက်စီးဆုံးရှုံးစေနိုင်ပါသည်။ သုတေသီများ၏ လေ့လာချက်များအရ လူတိုင်းတွင် သွားရောဂါတစ်မျိုးမဟုတ် တစ်မျိုး ရှိနေ၊ ခံစားနေကြရသည်ဟု ဆိုပါသည်။

တစ်ဦးဖြစ်က မိသားစုအားလုံး အလုပ်ရှုပ်ကြရသည်။ သွားဆေးခန်းပြရလို့ အချိန်ကုန်၊ ငွေကုန်ဖြစ်ကြရသည်။ ကုသမရက သွားနုတ်ဆုံးရှုံးရပြန်သည်။ သွားပြန်စိုက်ရန်လိုသဖြင့် ငွေကြေးကုန်ကျစရိတ်ပိုများရတော့သည်။ ငွေရှိလျှင် ရွှေဝယ်လို့ ရနိုင်သော်လည်း သွားမရှိလျှင်တော့ ငွေပေးဝယ်သော်လည်း သွားတုကိုသာ ရနိုင်တော့မည်ဖြစ်သည်။ အတုသည် အတုသာဖြစ်၍ အစစ်ကို မမီနိုင်တော့ပေ။

သွားပိုးစားရောဂါနှင့် သွားဖုံးရောဂါများကို အချိန်မီ ကုသခံယူမှုမလုပ်ပါက သွားမြစ်ထိပ်ပြည်တည်နာနှင့် ရေစီးကမ်းပြို သွားဖုံးပြည်တည်နာတို့မှတစ်ဆင့် ခန္ဓာကိုယ်ထဲသို့ ရောဂါပိုးများပျံ့နှံ့သွားနိုင်ပါသည်။ ဆီးချို၊ သွေးချို၊ နှလုံးသွေးကြောကျဉ်းရောဂါ၊ လေးဖက်နာလွန်နှလုံးရောဂါ၊ သွေးနှင့်ပတ်သက်သော အချို့ရောဂါများ၊ ကျောက်ကပ်ရောဂါ၊ ဟော်မုန်းပြောင်းလဲမှုရှိနေစဉ်ကာလများနှင့် အာဟာရချို့တဲ့မှု ရောဂါများရှိပါက တစ်ခုနှင့်တစ်ခု အပြန်အလှန် ဆိုးကျိုးများကို ဖြစ်စေပါသည်။ အချိန်မီ ကုသမှုမရရှိပါက အသက်အန္တရာယ်ကိုပင် စိုးရိမ်ရတတ်ပါသည်။ သွားနှင့်ခံတွင်းရောဂါ ဖြစ်ရခြင်းမှာ အများအားဖြင့် ခံတွင်းသန့်ရှင်းမှုမရှိ၍ ဖြစ်ရခြင်းများသည်။ သွားနှင့်ခံတွင်းကို သန့်ရှင်းအောင်ထားပါက သွားနှင့်ခံတွင်းရောဂါများဖြစ်ရန် ခဲယဉ်းပေလိမ့်မည်။ ရောဂါဖြစ်မှ ကုသခြင်းထက် ရောဂါမဖြစ်ရအောင် ကြိုတင်ကာကွယ်ရန်အတွက် သွားနှင့်ခံတွင်း ကျန်းမာရေးဗဟုသုတများ သိရှိရန် လိုအပ်ပါသည်။

သွားပိုးစားရာမှ ဖြစ်လာသော သွားအစွန်းအစများနှင့် ပျက်စီးနေသော သွားတု အစွန်းအစများက ပါးသားနှင့် လျှာတို့ကို စူးရှပွတ်တိုက်နေမှုကြောင့်လည်းကောင်း၊ စိတ်အလိုလိုက်အကျင့်ဖြစ်ကာ ဆေးလိပ်၊ ကွမ်း၊ ဆေးရွက်ကြီးနှင့် အရက်အလွန်အကျွံသုံးစွဲခြင်း အလေ့အထတို့ကြောင့်လည်းကောင်း ခံတွင်းကင်ဆာဖြစ်နိုင်ကြောင်းတို့ကို သိထားသင့်ပေသည်။ ထို့ပြင် သွားများကို ဖြတ်ညှပ်ကိရိယာ ပလာယာအဖြစ်သုံးခြင်း၊ ဝိုင်ယာကြိုး၊ အပ်ချည်ကြိုးတို့ကို ကိုက်ဖြတ်ခြင်း၊ ပုလင်းအဖုံးကို ကိုက်ဖွင့်ခြင်းတို့ကိုလည်း ရှောင်ရှားသင့်ပါသည်။

သွားနှင့်ခံတွင်း ကျန်းမာရေးအတွက် နိုင်ငံတကာသုတေသီများမှ အကြံပြုထားသည့် လိုက်နာရမည့်အချက်များ ရှိပါသည်။

၁။ သွားနှင့်ခံတွင်းသန့်ရှင်းမှုကို အချိန်စောနိုင်သမျှ စောစွာလုပ်ဆောင်ပါ။ ငယ်သွား စတင်ပေါက်လာသည်မှစ၍ ဖလိုရိုဒ်ပါဝင်သော သွားတိုက်ဆေးကိုသုံးပြီး သွားတိုက်ပါ။ 'နို့ပိုး'စားသွားမဖြစ်စေရန် ကလေးငယ်များအား မိခင်နို့၊ နို့ဘူး၊ အချိုရည်နို့ဘူးတိုက်၍ အိပ်သွားစေခြင်းမပြုရန်၊ ရေဘူးအစားထိုးတိုက်၍ အိပ်စေရန် အကျင့်လုပ်ပါ။

၂။ ဖလိုရိုဒ်ပါ သွားတိုက်ဆေးဖြင့် စနစ်မှန်သွားတိုက်နည်းသုံးကာ နံနက်စာစားပြီး တစ်ကြိမ်နှင့် ညအိပ်မီတစ်ကြိမ် သွားတိုက်ပါ။ မအိပ်မီ သွားတိုက်ပြီးပါက အစာ မစားသင့်တော့ပါ။ (အိပ်နေစဉ်သွားပိုးစားခြင်းကို ကာကွယ်ပေးသော တံတွေးအထွက် နည်းသွားပါသည်။) အနည်းဆုံး တစ်နေ့လျှင် တစ်ကြိမ် သွားကြားထိုးကြိုး (Dental Floss)သုံး၍ သွားကြားထိုးပေးပါ။

၃။ အချိုလွန်ကဲ စေးကပ်သော အစာနှင့် အချဉ်ပြင်းသော အစာ၊ အရည်များကို စဉ်ဆက်မပြတ် အကြိမ်ကြိမ်စားသုံးခြင်းမှ ရှောင်ကြဉ်ပါ။ အစာစားချိန် တစ်ခုနှင့်တစ်ခုကြားတွင် တံတွေးက အက်စစ်အချဉ်ဓာတ်များကို ဓာတ်ပြယ်စေပြီး သွားကိုပြန်လည်ကောင်းမွန်စေရန် ပြုလုပ်နိုင်အောင် အချိန်ပေးရန် လိုအပ်ပါသည်။ အချဉ်ဓာတ်ပြင်းသောအစာ၊ အရည်များစားသောက်ပြီးက တစ်နာရီကြာမှ သွားတိုက်သင့်သည်။

၄။ အစာစားပြီးတိုင်း ရေဖြင့် ပလုတ်ကျင်းသည့်အလေ့အထပြုလုပ်ပါ။ ဖြစ်နိုင်ပါက ဖလိုရိုဒ်ပါ ခံတွင်းငုံဆေးရည်ဖြင့် ဆေးကြောပေးပါ။

၅။ သကြားမပါသော ပီကေကို ဝါးခြင်းဖြင့် တံတွေးများကို ပိုမိုထွက်လာစေကာ အက်စစ်အချဉ်ဓာတ်ကြောင့် ပျော့နေသော သွား၏ အပေါ်ယံကြွေလွှာ(Enamel)ကို ပြန်လည်၍ မာစေနိုင်ပါသည်။ (သကြားမပါသောပီကေကို 'သွားမိတ်ဆွေ'ဟု တင်စားခေါ်ဆိုကြသည်။)

၆။ သွားနှင့်ခံတွင်းဆရာဝန်ထံ ခြောက်လတစ်ကြိမ် စစ်ဆေးမှုခံယူပါ။ ဆရာဝန်ပေးသည့်အကြံဉာဏ်များကို လက်ခံလိုက်နာကျင့်သုံးပါ။

အဆိုပါ အကြံပြုချက်များကို အလေးထား၍ လိုက်နာဆောင်ရွက်ကြမည်ဆိုပါက သွားနှင့်ခံတွင်းရောဂါများမှ ကင်းဝေးနိုင်ကြမည်ဖြစ်ပါကြောင်း တင်ပြလိုက်ရပါသည်။ ။

○ ရှေ့ဖုံးမှ

"ဆဒုံးရေတံခွန်က သိပ်သာယာတယ်၊ ကချင်ပြည်နယ်အကြောင်း စာရေးမယ်ဆိုရင်တော့ ဆဒုံးရေတံခွန်ကို အရောက်သွားသင့်တယ်။"

တက္ကသိုလ်ကျောင်းသူ ကချင်တိုင်းရင်းသူလေး၏ စေတနာစကားကြောင့် မြစ်ကြီးနားမြို့ မရောက်မီမှာပင် သည်တစ်ခေါက်တော့ ဆဒုံးရေတံခွန် မရောက်ဘဲ မပြန်ဘူးဟု စိတ်တုံးတုံးချ ဖြစ်ခဲ့သည်။ မြစ်ကြီးနားမြို့၌ ရောက်ရှိပြီး ရက်သတ္တတစ်ပတ်ကျော်လာသည် အထိ ဆဒုံးရေတံခွန်သွားရန် အခြေအနေ မပေးဘဲ ဖြစ်နေသည်။ မြစ်ကြီးနား-ဆွမ်ပရာ-ပူတာအိုလမ်းပိုင်းနှင့် ဒွန်ဘန်အမျိုး သမီး အိမ်တွင်းမှုသက်မွေးလုပ်ငန်းပညာသင်တန်းကျောင်းတို့ကို ဦးစားပေး၍ ခရီးစဉ် ရေးဆွဲလိုက်ရသောကြောင့် ဤသို့ ကြန့်ကြာနေရခြင်းဖြစ်သည်။ မမျှော်လင့်သော ဇန်နဝါရီ၏ နေ့တစ်နေ့၌ ယခင်ခရီးစဉ်များအတွင်း ခင်မင်ရင်းနှီးခဲ့သော မြစ်ကြီးနားမြို့မှ ဌာနဆိုင်ရာ တာဝန်ရှိသူ တစ်ဦး၏ ပုဂ္ဂိုလ်ရေးအရ ဆလွန်းကား တစ်စီးကူညီစီစဉ်ပေးမှုဖြင့် ဆဒုံးမြို့သို့ သွားရောက်လိုသည့် ဆန္ဒပြည့်ဝရပါသည်။

နေအတော်မြင့်

မြစ်ကြီးနား-ဆဒုံး ခရီးစဉ်တွင် ကိုယ်ပွား သတင်းစာတိုက်(မြစ်ကြီးနား)မှ တာဝန်ခံအရာရှိ ဦးဇော်မင်း၊ မြစ်ကြီးနားမြို့ အလယ်ကုန်းရပ်ကွက်မှ လီဆူးတိုင်းရင်းသား ဦးဒေးဗစ်ဖစ်ရှ်နှင့် မြစ်ကြီးနားမြို့မှ ပြည်နယ်သတင်းထောက်

ဆဒုံးမြို့အဝင်မှ ကြိုဆိုနှုတ်ခွန်းဆက်နေသော ဆိုင်းဘုတ်ကို တွေ့ရစဉ်။

ဦးလှသန်းမြင့်(မောင်ပြုံးမြင့်- ဘီလူးမြို့) တို့လည်း လိုက်ပါခဲ့ကြသည်။ မြစ်ကြီးနားမြို့မှ နံနက် ၁၀နာရီတွင် စတင်ထွက်ခွာခဲ့ရာ ဝိုင်းမော်မြို့ကို ကျော်လွန်ခဲ့ချိန်တွင် နေအတော်မြင့်၍ နေလေပြီ။

ဝိုင်းမော်မြို့မှ ဆဒုံးသို့ ၄၃မိုင်ကွာဝေးပြီး တောင်တက်တောင်ဆင်းလမ်းဖြစ်သည်။ လမ်းဘေးဝဲယာ ပတ်ဝန်းကျင်ရှုခင်းများက ဘယ်ပန်းချီရေးလို့မမီဖြစ်နေပြီး ကချင်ပြည်နယ်အတွင်း အကောင်းဆုံးလမ်းဟု ဆိုရမည့် ဝိုင်းမော်-ဆဒုံးလမ်းကို ဆလွန်းကားဖြင့် ခရီးနှင်ရသည်မှာ သက်သောင့်သက်သာရှိလှသည်။

ပြုံးအလှပိုင်ရှင်

ဝိုင်းမော်မှ ဆဒုံးမြို့သို့အသွား မိုင် ၃၀နှင့် ၃၁မိုင်ကြားအတွင်း ဆဒုံးရေတံခွန်ကို ဘွားခနဲတွေ့လိုက်ရသောအခါ **"ဆဒုံးရေတံခွန်ကို အရောက်သွားသင့်တယ်"** ဟု တိုက်တွန်းပြောကြားသည့် ပြုံးအလှပိုင်ရှင် ကချင်တိုင်းရင်းသူလေးကို အမှတ်ရမိလိုက်သည်။

ဆဒုံးရေတံခွန်ကို ရောက်ခဲ့ပါလေပြီ။ ကျေးဂျူးကမ္ဘာဆိုင် ကချင်တိုင်းရင်းသူလေးရေ ...။

ဆဒုံးရေတံခွန်ဟူ၍ ဆဒုံးမြို့ကို အစွဲပြုကာ ခေါ်ကြသော်လည်း ဆဒုံးမြို့နှင့် ၁၂မိုင်ခန့်ဝေးပါသေးသည်။ ရေတံခွန်အမည်မှန်မှာ **"လန်နရေတံခွန်"** ဖြစ်ပြီး အမြင့်ပေ ၃၅၀ခန့်မှ ကျဆင်းနေသော သုံးဆင့် ရေတံခွန်ဖြစ်သည်။ ကျောက်တောင် အမြင့်ကြီးပေါ်မှ တစ်ဆင့်ပြီး တစ်ဆင့် ကျလာသော ရေတံခွန်သည် လန်နချောင်းထဲသို့ စီးဝင်ကာ ညင်သာစွာ ဆက်လက်စီးဆင်း၍ မေခမြစ်ထဲသို့ စီးဝင်သွားလေသည်။

ရှမ်းပြည်နယ် (မြောက်ပိုင်း)လားရှိုးမြို့၌ သတင်းတာဝန်ဖြင့် ရောက်ရှိစဉ်ကလည်း ပိတ်ချင်းမြောင်သုံးဆင့် ရေတံခွန်နှင့် BE Fall ဟု လူသိများသည့် ပွဲကောက်ရေတံခွန်တို့ကို ရောက်ဖြစ်ခဲ့သည်။ ဆဒုံးရေတံခွန် (လန်နရေတံခွန်) သည် ပိတ်ချင်းမြောင်သုံးဆင့် ရေတံခွန်၊ ပွဲကောက်ရေတံခွန်တို့နှင့် ကောင်းကောင်းကြီး ပခုံးချင်းယှဉ်နိုင်သည်။

အလွန်သာယာလှပ

ဆဒုံးရေတံခွန်သည် ဝိုင်းမော်-ဆဒုံး ကားလမ်းဘေးတွင်ရှိသောကြောင့် ကားပေါ်မှ ဖြတ်သွားရင်းပင် အတိုင်းသား မြင်နေရသည်။ ရေတံခွန်သည် လန်နချောင်း၏ တစ်ဖက်ကျောက်တောင်ပေါ်မှ ဖြာဆင်းကျလာခြင်းဖြစ်ရာ ရေတံခွန်ရှိရာသို့သွားရန် ချောင်းအောက်သို့ဆင်းပြီး



မြို့နယ်အုပ်ချုပ်ရေးမှူး ဦးရဲမင်းအောင် ဖွံ့ဖြိုးစည်ပင်လာသော ဆဒုံးမြို့ အချက်အလက်များကို ရှင်းလင်း ပြောကြားစဉ်။

ဝါးတံတားကို ဖြတ်ကူးရပါသည်။ ရေတံခွန်၏ ဖြာဆင်းပုံမှာ အလွန်သာယာလှပသော်လည်း ပွဲကောက်ရေတံခွန်ကဲ့သို့ အပန်းဖြေလာရောက်သူများအတွက် နေရာထိုင်ခင်း ကျယ်ကျယ်ပြန့်ပြန့် မရှိချေ။ ရေတံခွန်အပေါ်နားရောက်ရန် ကျောက်တောင်မတ်မတ်ကြီးကို တက်ရမည်ဖြစ်ရာ လူကြီးများနှင့် ကလေးများအတွက် အဝေးကပင်ကြည့်၍ ကြည်နူးရမည့် အနေအထားဖြစ်လေသည်။

ရေတံခွန် ပတ်ဝန်းကျင်၌ နေရာထိုင်ခင်း ကောင်းကောင်းစီစဉ်နိုင်လျှင် ပြည်တွင်း၊ ပြည်ပခရီးသွားများအတွက်လည်းပတ်စရာနေရာကောင်းတစ်ခု အဖြစ် ထင်ရှားလာနိုင်သည်ဟု တွေးနေမိသည်။

သွားရောက်လေ့လာ

"ဆဒုံးမြို့မှ ကြိုဆိုပါ၏" ဆိုင်းဘုတ်အနီးတွင် မှတ်တမ်းတင်ဓာတ်ပုံရိုက်ရန် ကားရပ်သောအခါ မွန်းလွဲစပြုနေပြီဖြစ်သည်။ ဆဒုံးမြို့ အထွေထွေအုပ်ချုပ်ရေးမှူး

ဦးရဲမင်းအောင်၏ ခေါင်းဆောင်မှုဖြင့် ဆဒုံးမြို့ (၂၅)ခုတင်ဆံ့ ပြည်သူ့ဆေးရုံ တည်ဆောက်နေမှုကို သွားရောက်လေ့လာဖြစ်သည်။

ရှင်းလင်းပြောကြား

ဆဒုံးမြို့ (၂၅)ခုတင်ဆံ့ ပြည်သူ့ဆေးရုံတည်ဆောက်ရေး စီမံကိန်းအင်ဂျင်နီယာ ဦးထွန်းထွန်းသိန်းက ဆေးရုံမကြာမီ ဖွင့်လှစ်နိုင်ရေး ဖြည့်စွက်လုပ်ငန်းများသာ ကျန်တော့ကြောင်း၊ ၁၀၀ ရာခိုင်နှုန်း ပြီးစီးနေပြီဖြစ်ကြောင်း ရှင်းလင်းပြောကြားသည်။

ဆဒုံးမြို့ (၂၅)ခုတင်ဆံ့ ပြည်သူ့ဆေးရုံကို မန္တလေးမြို့အခြေစိုက် K.T ဆောက်လုပ်ရေး ကုမ္ပဏီက ၂၀၀၈ခုနှစ် ဇန်နဝါရီ ၁၀ရက်မှ စတင်၍ တည်ဆောက်ခဲ့ခြင်းဖြစ်သည်။ R.C တစ်ထပ်သွပ်မိုး အမျိုးအစားဖြစ်ပြီး မြေဧရိယာ ၂ဒသမ ၂၉၆ဧက၊ အဆောက်အအုံ ဧရိယာမှာ စတုရန်းပေ ၁၇၈၈၀ ကျယ်ဝန်းသည်။ ဆေးရုံအတွင်း အုပ်ချုပ်မှုအဆောင်၊ အမျိုးသားလူနာဆောင်၊ အမျိုးသမီးလူနာဆောင်၊ ခွဲစိတ်ဆောင်၊ သားဖွားဆောင်၊ သန့်စင်ခန်း၊ ပေါ်တီကိုနှင့် လူသွားစင်္ကြံလမ်းတို့ ပါဝင်မည်ဖြစ်သည်။

ပျားပန်းခပ်စည်ကား

ဆေးရုံတည်ဆောက်မှုကို ကြည့်ရှုလေ့လာပြီး တောင်ကုန်းထက်မှ ပြန်ဆင်းကြကာ ဆဒုံးမြို့ဈေးကို ရောက်ရှိကြသည်။ ဈေးပိတ်ရက်ဖြစ်၍ လူမစည်ဘဲ အပြင်တန်းမှ ဈေးဆိုင်အချို့သာ ဖွင့်ထားသည်။ သစ်သီးဆိုင်ခန်းနှင့် အညာထွက်ကုန်များကို တွေ့ရသည်။ လမ်းအတွင်း ဆိုင်ကယ်တဝီဝီဖြင့် သွားနေကြရာ ဈေးဖွင့်ရက်ဆိုလျှင် ဈေးသည်၊ ဈေးဝယ်၊ ဆိုင်ကယ်တို့ဖြင့် ပျားပန်းခပ် စည်ကားနေမည်ကို မြင်ယောင်ကြည့်နေမိသည်။

ဆဒုံးမြို့ဈေးအနီးမှ စားသောက်ဆိုင်တွင် နံနက်စာစားကြပြီး ဆဒုံးမြို့ အခြေခံပညာ အထက်တန်းကျောင်းသို့ လေ့လာရန် ရောက်ဖြစ်ကြသည်။

ကျောင်းအုပ်ဆရာမကြီး ဒေါ်ငြိမ်းရွှေက ကျောင်းအုပ်ရုံးခန်း၌ ကျောင်း၏ပညာသင်ကြားရေးဆိုင်ရာ ဆောင်ရွက်ချက်များကို ရှင်းလင်းပြောပြသည်။

လေ့ကျင့်ပေး

"၂၀၀၉ စက်တင်ဘာလမှာ မြို့အုပ်ချုပ်ရေးမှူးနဲ့ ဆရာ ဆရာမတွေ ပူးပေါင်းပြီး တက္ကသိုလ်ဝင်တန်း အောင်ချက် မြင့်မားရေးအတွက် ညအိပ်စခန်းသွင်း လေ့ကျင့်ပေးနေတယ်။ အရင်က တက္ကသိုလ်ဝင်တန်းအောင်မြင်သူ ၁၀ဦးပဲ ရှိတယ်။ ၂၀၀၈-၂၀၀၉ ပညာသင် တက္ကသိုလ်ဝင်တန်း အောင်မြင်မှု ၂၉ဒသမ ၇၃ ရာခိုင်နှုန်းရှိတယ်"ဟု ရှင်းလင်းပြောပြသည်။

ကျောင်းအုပ်ဆရာမကြီးက ကျောင်း၏ ကွန်ပျူတာခန်းနှင့် မာလ်တီမီဒီယာစာသင်ခန်းတို့ကိုလည်း လိုက်လံပြသသည်။ ကျောင်းပိတ်ရက် (တနင်္ဂနွေနေ့) ဖြစ်၍ ကျောင်းသားများဖြင့် လက်တွေ့မပြနိုင်ဘဲ ဆရာမနှစ်ဦးကသာ ကွန်ပျူတာအသုံးပြု၍ စာစီစာရိုက် ပြုလုပ်နေသည်ကိုသာ ကြည့်ခဲ့ရသည်။

သင်ကြားပေးလျက်ရှိ

ဆဒုံးမြို့ အခြေခံပညာ အထက်တန်းကျောင်းတွင် ကျောင်းသား ကျောင်းသူ ၇၆၀ တက်ရောက်လျက်ရှိပြီး ဆရာ ဆရာမအင်အား ၂၀ဖြင့် သင်ကြားပေးလျက်ရှိသည်။ ဆဒုံးမြို့ အခြေခံပညာ အထက်တန်းကျောင်းမှ နှစ်စဉ် တစ်

ဆဒုံး အထက ကျောင်းအုပ် ဒေါ်ငြိမ်းရွှေ ပညာရေးလုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်နေမှုကို ရှင်းလင်း ပြောကြားစဉ်။

ဘာသာဂုဏ်ထူးရှင်များ ပေါ်ထွန်းခဲ့ပြီး ၂၀၀၉ခုနှစ် တက္ကသိုလ်ဝင်တန်း စာမေးပွဲတွင် ဘာသာတွဲ(၂) (ဝိဇ္ဇာဘာသာတွဲ)၌ နှစ်ဘာသာ ဂုဏ်ထူးရှင်တစ်ဦး ပေါ်ထွန်းခဲ့ကာ ဘာသာတွဲ(၂)တွင် ပြည်နယ်အဆင့်

ကချင်ပြည်နယ် ဆဒုံးမြို့ ဆေးရုံသစ် အဆောက် အအုံကို ဤသို့ တွေ့ခဲ့ရသည်။

ပထမ၊ နိုင်ငံတော်အဆင့် ပဉ္စမရရှိခဲ့ကြောင်း သိရသည်။

ဆဒုံးမြို့ အခြေခံပညာ အထက်တန်းကျောင်းမှ ပြန်လည် ထွက်ခွာလာပြီး လီဆူးကလေးများ ဖွံ့ဖြိုးရေးရိပ်သာကို ဝင်ရောက်လေ့လာကြသည်။ ရိပ်သာတာဝန်ခံ ဦးခေါ်လူးသည် အသက် ၅၃နှစ်အရွယ်ရှိပြီး သတင်းခရီးသည်ကို လာရောက်လေ့လာမှုကြောင့် အထူး ဝမ်းသာကျေနပ်သည်ကို မျက်နှာက အပြုံးတို့ဖြင့် ဖော်ပြနေသည်။ ဆဒုံးမြို့ လီဆူးကလေးများ ဖွံ့ဖြိုးရေးရိပ်သာတွင် ကျောင်းသား ကျောင်းသူ ၆၄ဦးရှိပြီး ဆဒုံးမြို့ အခြေခံပညာ အထက်တန်းကျောင်း၌ တက်ရောက်သင်ကြားနေကြသူ ဖြစ်သည်။

ဝမ်းသာပျော်ရွှင်

သတင်းခရီးသည်တို့ကို ကြိုဆိုနေကြသော သူငယ်တန်းမှ တက္ကသိုလ်ဝင်တန်းအထိ အရွယ်စုံ ကျောင်းသား ကျောင်းသူလေးများကို မှတ်တမ်းတင် ဓာတ်ပုံရိုက်ကြရာ ကလေးများ ဝမ်းသာပျော်ရွှင်နေကြသည်။ ယခင်က တောင်တန်းဒေသများ၌သာ မိရိုးဖလာလုပ်ငန်းဖြင့် ဝမ်းစာရှာ အသက်မွေးဝမ်းကျောင်း ပြုခဲ့ရသော လီဆူးတိုင်းရင်းသားများသည် ၁၉၈၈ ခုနှစ်နောက်ပိုင်း တပ်မတော်အစိုးရ လက်ထက်၌ နယ်မြေဒေသအေးချမ်းမှု ရှိလာသည်နှင့်အမျှ လူမှုရေး၊ ပညာရေး၊ ကျန်းမာရေးဘက်တွင် အာရုံစိုက်လာနိုင်ကြသည်ကို ယခုရိပ်သာကလေးက သာဓကတစ်ခုအဖြစ် ပြသနေလေသည်။

ရိပ်သာတာဝန်ခံ ဦးခေါ်လူးက "သွားရေးလာရေး ခက်ခဲတဲ့တောင်တန်းဒေသက ကလေးတွေ မူလတန်းပြီးရင် အလယ်တန်း ဆက်မတက်နိုင်ခဲ့ကြဘူး၊ အခုလိုရိပ်သာမှာ လာနေပြီးတော့ အလယ်တန်းနဲ့ အထက်တန်းကို ဆက်ပြီး တက်ရောက်နိုင်တယ်။ တောင်တန်းဒေသက ကလေးတွေ လူမှုရေး၊ ကျန်းမာရေး၊ ပညာရေး အစစအရာရာ ဖွံ့ဖြိုးလာစေဖို့ ရည်ရွယ်ပြီး ဒီရိပ်သာကို ၂၀၀၁ခုနှစ်မှာ စဖွင့်ဖြစ်တာပါ။ ကလေးမိဘတွေက တစ်နှစ်စာ စားစရိတ် ခြောက်သောင်းပေးပြီး လိုအပ်တာကို တောရွာတွေမှာ အလှူခံပါတယ်"ဟု ပြောကြားသည်။

အသိအမြင်ဖွံ့ဖြိုး

လီဆူးတိုင်းရင်းသား ကလေးငယ်များ အသိအမြင်ဖွံ့ဖြိုးလာရေးအတွက် ဆောင်ရွက်နေကြသော မြစ်ကြီးနားမြို့မှ ဦးဒေးဗစ်ဖစ်ရှ်နှင့် ဆဒုံးမြို့မှ ရိပ်သာတာဝန်ခံ ဦးခေါ်လူးတို့၏ မွန်မြတ်လှသော စိတ်ထားကို မလေးစားဘဲ မနေနိုင်အောင် ဖြစ်ရသည်။

ဝင်ရောက်လေ့လာ

ဆဒုံးမြို့မှ ပြန်လည်မထွက်ခွာမီ ဆဒုံးမြို့ အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနရုံး တည်ဆောက်နေမှုကို ဝင်ရောက်လေ့လာဖြစ်သည်။ အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနရုံးမှ ကြည့်လျှင် ဆဒုံးမြို့ကွက်ကို အပေါ်စီးမှ မြင်နေရသည်။ ဆဒုံးမြို့ရှိ ရုံးအဆောက်အအုံ၊ ဆေးရုံနှင့် ကျောင်းတို့ အားလုံးကို ကုန်းမြင့်ထက်တွင် တည်ဆောက်ထားခြင်းဖြစ်ပြီး အလယ်မြေနိမ့်ပိုင်းတွင် ဈေး၊ လူနေရပ်ကွက်နှင့် စပါးစိုက်ကွင်းများရှိသည်။ မြေပြန့် နည်းပါး၍ ကုန်းမြင့်ပေါ်မှာ သင့်လျော်မည့်နေရာကို ရွေးချယ်၍ အဆောက်အအုံများ ဆောက်ထားခြင်း ဖြစ်သည်။

ဆဒုံးမြို့ အထွေထွေအုပ်ချုပ်ရေးမှူး ဦးရဲမင်းအောင်က "ဆဒုံးမှာတော့ မိုးစပါးလည်း စိုက်တယ်၊ ပြောင်းလည်း စိုက်တယ်၊ နှစ်ရှည်ပင်က ရော်ဘာရှိတယ်၊ လက်ရှိမှာ တည်ဆောက်ရေးလုပ်ငန်းတွေအနေနဲ့ (၂၅)ခုတင်ဆံ့ ဆေးရုံ၊ တိုးချဲ့ကျောင်းဆောင်သစ်နဲ့ ရုံးအဆောက်အအုံ ဆောက်လုပ်ခြင်းတို့ ရှိပါတယ်" ဟု ပြောကြားသည်။

ပညာတတ်ပိုများ

ဆဒုံးမြို့မှ ဒေသခံ ဦးအိုက်အဲန်ကလည်း "ဆဒုံးမှာပဲမွေးပြီး ကြီးပြင်းလာတာပါ။ အခု ဈေးထဲမှာ ကုန်စုံဆိုင် ဖွင့်ထားပါတယ်။ အရင်ကထက်စာရင် ရုံးအဆောက်အအုံတွေ၊ ကျောင်းနဲ့ ဆေးရုံတွေ ပိုများလာပြီး လူနေမှုအဆင့်အတန်း ပိုပြီး တိုးတက်လာတယ်။ တရုတ်နိုင်ငံဘက်က ခေါက်ဆွဲခြောက်နဲ့ လူသုံးကုန်ပစ္စည်းတွေ ဝင်တယ်။ ကုန်ပစ္စည်းအများစုကတော့ မြစ်ကြီးနားက လာတာပါပဲ။ ဒေသမှာ အရင်ကထက်စာရင် ပညာတတ်တွေ ပိုများလာတယ်။ တက္ကသိုလ်ဝင်တန်းအောင်တဲ့လူအရေအတွက် တစ်နှစ်ထက်တစ်နှစ် များလာတယ်" ဟု ပြောကြားသည်။

အဖန်ဖန်ကျေ့

ဆဒုံးမြို့လေးကို ချန်ထားရစ်ခဲ့ပြီး ဝိုင်းမော်မြို့ဆီသို့ ပြန်လည်ဦးတည်လိုက်သည်။ မရောက်ဖူးသေးသော မြန်မာ-တရုတ်နယ်စပ်နှင့် ကန်ပိုက်တီးကို သွားလိုသော်လည်း အခြေအနေမပေး၍ ဒီတစ်ခေါက်တော့ လက်လျှော့လိုက်ရသည်။

ဆဒုံးရေတံခွန် (လန်နရေတံခွန်)မှ ဖြာဆင်းကျနေသည့် ကြည်လင်သန့်ရှင်းသော တောင်ကျရေများသည်လည်းကောင်း၊ ဆဒုံးမြို့ အခြေခံပညာအထက်တန်းကျောင်းမှ ကျောင်းအုပ်ဆရာမကြီး ဒေါ်ငြိမ်းရွှေ၏ ကျောင်းသား ကျောင်းသူလေးများအပေါ် ထားရှိသော စေတနာအလှတရားသည်လည်းကောင်း၊ လီဆူးကလေးများ ဖွံ့ဖြိုးရေးရိပ်သာမှ ပညာကိုလိုချင်လွန်း၍ အပတ်တကုတ် ကြိုးစား သင်ယူနေကြသော ကလေးငယ်များလည်း ပကတိရိုးသားဖြူစင်သည့် မျက်ဝန်းအစုံတို့သည် လည်းကောင်း၊ တောင်တန်းဒေသမှ ကလေးများကို အလယ်တန်းနှင့် အထက်တန်းပညာရပ်များ ဆက်လက်သင်ယူခွင့်ရရှိအောင် အားထုတ်ကြိုးပမ်းနေကြသော ဦးဒေးဗစ်ဖစ်ရှ်နှင့် ဦးခေါ်လူးတို့၏ ပရဟိတစိတ်ထားသည်လည်းကောင်း အပြန်လမ်း တစ်လျှောက်လုံး သတင်းခရီးသည်၏ အတွေးဝက်ပါထဲ၌ ရစ်ဝဲ၍ နေပါတော့သည်။ ။ (မြန်မာ့အလင်း)

ပေးအပ်လှူဒါန်း

ဇန်နဝါရီ ၃၁ရက်က ရန်ကုန်မြို့ ပုဇွန်တောင် မြို့နယ်နေ ဒေါ်ခင်သန်း မိသားစုက ဇီဝိတဒါန သံဃာ့ဆေးရုံကြီး ထာဝရဆွမ်း၊ ဆေးပဒေသာပင်အတွက် အလှူငွေကျပ် ၁၁၅၀၀၀ကို ဆေးရုံ အုပ်ချုပ်ရေးအဖွဲ့ထံသို့ ပေးအပ်လှူဒါန်းစဉ်။

(သတင်းစဉ်)

ဝိုင်းမော်-ဆဒုံး-ကန်ပိုက်တီး တောင်လှေကား မြို့တော်လမ်း အဖြစ် ဤသို့ တွေ့ရသည်။

မင်္ဂလာညည့်ခံပွဲကျေးဇူးတင်လွှာ

နေပြည်တော်နေ ဒုတိယဗိုလ်မှူးကြီး မျိုးညွှန့်(ငြိမ်း)၊ အထူးအရာရှိ၊
သစ်တောရေးရာဝန်ကြီးဌာန-ဒေါ်မြင့်မြင့်အောင်တို့၏ တစ်ဦးတည်းသောသား

ဗိုလ်ကြီးဝေလင်း

B.Sc(Physics), (D.S.A), M.Sc (Engineering Physics, YU)

နှင့်

ရန်ကုန်မြို့နေ ဦးကျော်စိန်(ခ)ဦးကျော်စိမ်း(ကျောက်စိမ်း Offset Printing Press)
(တော်ဝင်ကျောက်စိမ်း Offset Printing Press)-ဒေါ်သန်းသန်းဌေးတို့၏ သမီးကြီး

ဒေါက်တာသင်းသီရိ

M.B.,B.S (Ygn)

တို့၏ ၃၁-၁-၂၀၁၀ရက်(တနင်္ဂနွေနေ့)တွင် Traders Hotel(Myanmar Ballroom) ၌ ကျင်းပပြီးစီးခဲ့သော မင်္ဂလာညည့်ခံပွဲအခမ်းအနားတွင် မင်္ဂလာလက်ဖွဲ့ပေးပို့ချီးမြှင့်ပေးပါသော နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဝင် ဒုတိယဗိုလ်ချုပ်ကြီးတင်အေးနှင့်ဇနီးတို့အားလည်းကောင်း၊ မင်္ဂလာညည့်ခံပွဲအခမ်းအနားသို့ ကိုယ်တိုင်တက်ရောက်ချီးမြှင့်ပေးပါသော ကာကွယ်ရေးဝန်ကြီးဌာနမှ ဒုတိယဗိုလ်ချုပ်ကြီးကိုကို၏ဇနီး ဒေါ်စဝ်နွန်းခွန်ဆမ်၊ သစ်တောရေးရာဝန်ကြီးဌာန ဝန်ကြီးဗိုလ်မှူးချုပ်သိန်းအောင်၏ဇနီး ဒေါ်ခင်ဌေးမြင့်တို့အားလည်းကောင်း၊ မင်္ဂလာအောင်စံပယ်ကုံးဆင်မြန်းပေးပါသော ဗိုလ်ချုပ်ဝင်းမြင့်(ငြိမ်း)နှင့်ဇနီးဒေါ်နီနီအားလည်းကောင်း၊ မင်္ဂလာလက်စွပ်ချီးမြှင့်ဆင်မြန်းပေးပါသော ဝန်ထမ်းရွေးချယ်လေ့ကျင့်ရေးအဖွဲ့ အဖွဲ့ဝင် ဦးကျော်အောင်နှင့်ဇနီး ဒေါ်မာလာဝင်းအားလည်းကောင်း၊ မင်္ဂလာအခမ်းအနားသို့ ကိုယ်တိုင်တက်ရောက် မချီးမြှင့်နိုင်သော်လည်း မင်္ဂလာလက်ဖွဲ့ပေးပို့ကြပါသော စစ်ဘက်နယ်ဘက်မှ လူကြီးမင်းများနှင့်ဇနီးများအားလည်းကောင်း၊ ၂၈-၁-၂၀၁၀ရက်(ကြာသပတေးနေ့)တွင် မဟာသန္တိသုခဗုဒ္ဓသာသနာပြုကျောင်း၌ ပြုလုပ်သည့် မင်္ဂလာဦးဆွမ်းကျွေးညည့်ခံပွဲတွင် မင်္ဂလာမော်ကွန်းတင်လက်မှတ်ရေးထိုးပေးပါသော ရန်ကုန်အရှေ့ပိုင်းခရိုင် တရားသူကြီး ဦးအောင်ကြည်အားလည်းကောင်း၊ မင်္ဂလာအခမ်းအနားမှူးအဖြစ် ဆောင်ရွက်ပေးသော ဦးသိန်းလှမော်၊ မင်္ဂလာအခါတော်ပေးသီဆိုပေးသော တေးသံရှင် ဟေမာနေဝင်းနှင့် တေးသံသာဖြင့်ဖျော်ဖြေပေးသော First Music Agency မှ ကိုမြတ်မင်း၊ တေးဂီတအဖွဲ့၊ မိတ်ကပ်နှင့် ဆံပင်အလှဖန်တီးပေးသော မေသန်းနှင့်အဖွဲ့၊ ဓာတ်ပုံနှင့်ဗီဒီယိုမှတ်တမ်းရိုက်ကူးပေးသော Forever Studio တို့အားလည်းကောင်း၊ မင်္ဂလာပန်းကြဲပေးသော မဝင်းသီရိ၊ မင်္ဂလာအောင်စံပယ်ပန်းကုံးနှင့် မင်္ဂလာလက်စွပ်ဇန်းကိုင်ဆောင်ပေးသော မဝိုင်းနန္ဒာလင်း၊ မသဇင်သီရိတို့အားလည်းကောင်း၊ သတို့သားအရံ ဗိုလ်ကြီးကျော်နိုင်လင်းနှင့် ဗိုလ်ကြီးဝေယံထက်ဆွေ၊ သတို့သမီးအရံ ဒေါက်တာဟေမာသက်ဇော်နှင့် ဒေါက်တာပွင့်ဖြူသင်းတို့အားလည်းကောင်း၊ ပန်းအလှပြင်ဆင်ပေးသော Eternal၊ သတို့သမီးမင်္ဂလာဝတ်စုံ ဆင်မြန်းပေးသော မအိကျော်ဇင် Vivid၊ မင်္ဂလာဖိတ်စာများပုံနှိပ်ပေးသော Dagon ပုံနှိပ်တိုက်အားလည်းကောင်း၊ မင်္ဂလာညည့်ခံပွဲအောင်မြင်စွာ ကျင်းပနိုင်ရေးအတွက် မေတ္တာဖြင့် အဘက်ဘက်မှကူညီပေးပါသော ဆွေမျိုးမိတ်သင်္ဂဟများနှင့် သူငယ်ချင်းအပေါင်းအသင်းများအားလည်းကောင်း လှိုက်လှိုက်လှဲလှဲ ကျေးဇူးဥပကာရတင်ရှိပါကြောင်း။

နှစ်ဖက်သောမိဘများနှင့် ဗိုလ်ကြီးဝေလင်း-ဒေါက်တာသင်းသီရိ။







မြန်မာနိုင်ငံ ဆရာဝန်အသင်း အမျိုးသမီးဆရာဝန်အဖွဲ့ နှစ်ပတ်လည်အစည်းအဝေး ကျင်းပ

ရန်ကုန် ဖေဖော်ဝါရီ ၁

မြန်မာနိုင်ငံ ဆရာဝန်အသင်း (ရန်ကုန်) အမျိုးသမီးဆရာဝန်အဖွဲ့၏ ၂၀၀၉ ခုနှစ် နှစ်ပတ်လည်အစည်းအဝေးကို ဇန်နဝါရီ ၃၀ရက်က မင်္ဂလာတောင်ညွန့်မြို့နယ် သိမ်ဖြူလမ်းရှိ မြန်မာနိုင်ငံဆရာဝန်များအသင်းတိုက်ခန်းမတွင် ကျင်းပရာ မြန်မာနိုင်ငံ ဆရာဝန်အသင်း(ဗဟို) အဖွဲ့ဥက္ကဋ္ဌ ပါမောက္ခ ဒေါက်တာ ဦးကျော်မြင့်နိုင် တက်ရောက်အမှာစကားပြောကြားသည်။ **(ယာပုံ)**

ဖတ်ကြားတင်သွင်း

ဆက်လက်၍ မြန်မာနိုင်ငံ ဆရာဝန်အသင်း(ရန်ကုန်) အမျိုးသမီး ဆရာဝန်အဖွဲ့ ဥက္ကဋ္ဌ ဒေါက်တာ ဒေါ်ခင်မာအေးက အမှာစကားပြောကြားကာ နှစ်ပတ်လည် အစီရင်ခံစာကို ဒေါက်တာ ဒေါ်နုနုဆွေက ဖတ်ကြားတင်သွင်းသည်။ ငွေစာရင်းရှင်းတမ်းကို ဒေါက်တာ ဒေါ်ယုယုလွင်က ဖတ်ကြားသည်။ ထို့နောက် ၂၀၁၀ ခုနှစ်အတွက် အမျိုးသမီး ဆရာဝန်အဖွဲ့(ရန်ကုန်) ဥက္ကဋ္ဌအဖြစ် ဒေါက်တာ ဒေါ်ခင်မာအေးနှင့် အမှုဆောင် အဖွဲ့ဝင်များအား ပြန်လည် ရွေးချယ်တင်မြှောက်ပြီး အခမ်းအနားကို ရုပ်သိမ်းခဲ့သည်။ **(၁၂၃)**

မြန်မာ့ဘောလုံးတိုးတက်ရေးကို အထောက်အကူပြုရန် ဖွဲ့စည်းထားသည့်နေပြည်တော်အသင်းကစားသမားများအားစာချုပ်

သတင်းမှတ်စုနှင့် ဓာတ်ပုံမှတ်တမ်း - ဖိုးသော်ဇင်

ရန်ကုန် ဖေဖော်ဝါရီ ၁

မြန်မာနိုင်ငံဘောလုံးအဖွဲ့ချုပ်မှ ကြီးမှူးကျင်းပမည့် ၂၀၁၀ မြန်မာနေရှင်နယ်လိဂ်ပြိုင်ပွဲတွင် ဝင်ရောက်ယှဉ်ပြိုင်ခွင့် ရရှိထားသည့် နေပြည်တော်ကိုယ်စားပြု နေပြည်တော်အသင်းမှ ကစားသမားများအား စာချုပ်ချုပ်ဆိုပွဲ အခမ်းအနားကို ယနေ့ညနေပိုင်းက သာကေတမြို့နယ်ရှိ အသင်းဥက္ကဋ္ဌနေအိမ်၏ မြက်ခင်းပြင်၌ ကျင်းပသည်။

၃၉ဦး

အဆိုပါ စာချုပ်ချုပ်ဆိုပွဲသို့ နေပြည်တော်အသင်းပိုင်ရှင်နှင့် ဥက္ကဋ္ဌ ဦးဖြိုးကိုကိုတင့်ဆန်းနှင့် တာဝန်ရှိသူများ၊ အုပ်ချုပ်မှုအဖွဲ့ဝင်များ တက်ရောက်ခဲ့ကြသည်။ နေပြည်တော်အသင်းသည် နည်းပြလေးဦးနှင့် ကစားသမား ၃၉ဦးတို့အား စာချုပ်ချုပ်ဆိုခဲ့ခြင်း ဖြစ်သည်။

စိတ်ဓာတ်၊ စည်းကမ်း

နေပြည်တော်အသင်းသည် လူငယ်မျိုးဆက်သစ် ကစားသမားများဖြင့် ရေရှည်တိုးတက်အောင်မြင်ရန် ဖွဲ့စည်းတည်ထောင်ထားခြင်းဖြစ်ပြီး စိတ်ဓာတ်၊ စည်းကမ်း၊ စွမ်းအားကိုအခြေခံ၍ ကြိုးစားယှဉ်ပြိုင်မည့် အသင်းလည်းဖြစ်သည်။ မြန်မာ့ဘောလုံးတိုးတက်အောင်မြင်ရန် ဆောင်ရွက်နေချိန်တွင် နေပြည်တော်အသင်းမှာလည်း မြန်မာဘောလုံးတိုးတက်ရေးတွင် အုတ်တစ်ချပ်၊ သဲတစ်ပွင့်ပါဝင်နိုင်ရန် ငွေကြေးအကုန်အကျခံကာ အသင်းတည်ထောင်ထားခြင်းဖြစ်ပြီး မြန်မာ့လက်ရွေးစင်အသင်းကို အထောက်အကူပြုနိုင်ရန်အတွက် ပြည်တွင်းလူငယ်ကစားသမားများအား ပြုစုပျိုးထောင်ပေးသွားမည်ဟု သိရသည်။

သူတို့ပါဝင်

နေပြည်တော်ဘောလုံးအသင်းတွင် အသင်းပိုင်ရှင်နှင့် ဥက္ကဋ္ဌအဖြစ် ဦးဖြိုးကိုကိုတင့်ဆန်း (A.C.E ဆောက်လုပ်ရေး)၊ အုပ်ချုပ်သူအဖြစ် ဦးစန်းလွင်၊ လက်ထောက်အုပ်ချုပ်သူအဖြစ် ဦးကျော်ဆန်းဝင်း၊ နည်းပြချုပ်အဖြစ် ဦးဇော်ဝင်း(ခ) ဘီသို၊ လက်ထောက်နည်းပြများအဖြစ် ဦးတင်ဝင်းထွန်းနှင့် ဦးနိုင်ဝင်း၊ ဂိုး-နည်းပြအဖြစ် ဦးစောနေဒါ၊ ဘဏ္ဍာရေးမှူးအဖြစ် ဦးဇော်ဝင်းသိန်း၊ စာရင်းစစ်အဖြစ် ဦးသိန်းဇော်မြင့်၊ ကစားသမားများအဖြစ် လာကျဲအိုလွယ်(မြန်မာ့လက်ရွေးစင်ဟောင်း)၊ သီဟ၊ ညီညီစိုး၊ ဇော်လင်း၊ ငြိမ်းချမ်း၊ ထက်အောင်၊ သန်းဇော်လင်း၊ ဟိန်းဇာထွန်း၊ ရန်နိုင်အောင်၊ ကျော်ကျော်ချစ်၊ နိုင်ကျော်သူလတ်၊ ဝေဖြိုးဦး၊ ချစ်သဲမောင်၊ နေအောင်၊ သိန်းဇော်မျိုး၊ ကျော်ဆန်းဝင်း၊ ခိုင်ထူး၊ လတ်ကိုကိုအေး၊ ကျော်ဇေယျ၊ ဝေဖြိုးထက်၊ သက်ထူးအောင်၊ ကျော်ဦး၊ စိုးသူရ၊ အောင်အောင်၊ အောင်ကျော်ရွှေ၊ အောင်မျိုးမင်း၊ ကျော်ဝေယံ၊ ညီညီထွန်း၊ သုနောင်၊ သူရဇော်၊ နေဇော်အောင်၊ သဲနောင်၊ နေမျိုးနိုင်၊ ရဲဝင်းနိုင်၊ တင့်ဇော်ထိုက်၊ သိန်းဇော်၊ စိုးမင်းအောင်၊ ရဲနီဇာနှင့် အောင်ဝင်းသန့်တို့ ပါဝင်ကြသည်။ **(အောက်ဝဲပုံ)**

ပြင်ဆင်

နေပြည်တော်ဘောလုံးအသင်းသည် ၂၀၀၉ခုနှစ် အောက်တိုဘာလမှစ၍ လေ့ကျင့်ပြင်ဆင်ခဲ့ပြီး အသင်းမှကစားသမားများ ခြေရည်ခြေသွေးတိုးတက်ရန် အပတ်စဉ် ခြေစမ်းပွဲများ ယှဉ်ပြိုင်ကစားလျက်ရှိသည်။ နိုင်ငံခြားသား ကစားသမားများ ခေါ်ယူရန် အစီအစဉ်ရှိကြောင်းလည်း သိရသည်။ နေပြည်တော်အသင်းသည် ဥက္ကဋ္ဌ ဦးဖြိုးကိုကိုတင့်ဆန်း ဦးဆောင်၍ အသင်းရည်ရွယ်ချက်များ အကောင်အထည်ဖော်နိုင်ရန် ပြင်ဆင်လျက်ရှိကြောင်း သိရသည်။

(မြန်မာ့အလင်း)

နေပြည်တော်ဘောလုံးအသင်း ကစားသမားများအား အသင်းဥက္ကဋ္ဌ ဦးဖြိုးကိုကိုတင့်ဆန်း၊ တာဝန်ရှိသူများနှင့်အတူ တွေ့ရစဉ်။

(မြန်မာ့အလင်း)

ယခုအပတ်ထုတ် ပြည်မြန်မာဂျာနယ် ဖြန့်ချီ

ရန်ကုန် ဖေဖော်ဝါရီ ၁

ပြည်မြန်မာသတင်းဂျာနယ် အမှတ် ၇၀၃ကို ရန်ကုန်မြို့ အနော်ရထာလမ်း (၃၉လမ်းထောင့်) Central Tower ပထမထပ်ရှိ Swesone Media Group မှ တစ်ပြည်လုံးသို့ ဖြန့်ချီထားသည်။

ယခုအပတ်ထုတ် ပြည်မြန်မာသတင်းဂျာနယ်၌ "နေပြည်တော်တွင် ပထမဆုံးအကြိမ် အမျိုးသားကုန်စည်ပြပွဲကြီးကျင်းပမည်၊ ဒဂုံဆိပ်ကမ်းမြို့နယ်၌ မြန်မာ့အနုပညာနှင့် ပန်းပုကျေးရွာတည်ထောင်မည်၊ ရန်ကုန် ကန်တော်ကြီးရေချိုငါးဥယျာဉ် ပိုမိုသန့်ရှင်းလှပစေရန် ပြုပြင်နေ၊ အင်းစိန် GTI ဝင်းအတွင်း၌ အမြတ်မယူသည့် ဆေးရုံကို ၂၄နာရီ ဖွင့်ထားမည်၊ မြန်မာနိုင်ငံဆရာဝန်အသင်းက အထက်တန်းကျောင်းသားများအား ပညာသင်ထောက်ပံ့ကြေးပေးမည်၊ မြန်မာ့အနုပညာနှင့် ပန်းပုပွဲတော်ကို ပီကင်းမြို့တွင် ကျင်းပမည်၊ လေလံတင်ရုပ်ရှင်ရုံများကို စိတ်ဝင်စားနေကြ၊ ရန်ကုန်တိရစ္ဆာန်ဥယျာဉ်သို့ ဆင်လေးသုံးကောင်ထပ်မံရောက်လာ၊ ကန်တော်ကြီး ရေပြင်သန့်ရှင်းရေး နောက်ဆုံးပေါ်ဂျပန်နည်းပညာဖြင့် ဆောင်ရွက်နေ၊ ကမ္ဘာ့အကြီးဆုံး ပန်းပုပြပွဲကို ရန်ကုန်မြို့၌ ကျင်းပလျက်ရှိ၊ တောင်ကိုရီးယား၌ ရေ့လတွင် ကမ္ဘာ့ပထမဆုံး လူလုပ်ကျွန်းမျောစု တည်ဆောက်မည်၊ ခြေလက်ရှစ်ဖက်ရှိသောကြောင့် နတ်သမီးအဖြစ် ပူဇော်ခံရသည့် မိန်းကလေး ကျောင်းစတက်ပြီ၊ နော်ဝေနိုင်ငံ ကောင်းကင်၌ ဂျယ်လီငါးသဏ္ဌာန် ထူးဆန်းသောအရာတစ်ခုတွေ့ရှိ၊ အစ္စရေးက ဟားမတ်စ်ခေါင်းဆောင်အား ဒူဘိုင်းဟိုတယ်၌ အဆိပ်ခတ်လုပ်ကြံခဲ့၊ အီရတ်တွင် တာဝန်ထမ်းဆောင်နေသော ဒုတပ်ကြပ် အင်္ဂလန်အလှမယ်အဖြစ် ရွေးချယ်ခံရ၊ ပီရူးဆရာဝန်များက လူနာကို ခြေထောက်မှားဖြတ်၊ Apple ကုမ္ပဏီက ပထမဆုံး iPad များကို စတင်ပြသ၊ ပြတိုက်တွင် အမျိုးသမီးတစ်ဦး ချော်လဲ၍ ပီကာဆို၏ သမိုင်းဝင်ပန်းချီကား စုတ်ပြဲသွား၊ လေယာဉ်ပျံကဲ့သို့ ကမ္ဘာ့ပထမဆုံး ရေအောက်သွားယာဉ်တီထွင်၊ မြောက်ကိုရီးယားက အမေရိကန်နိုင်ငံသားတစ်ဦးကို မကြာမီက ဖမ်းဆီးထား၊ အသက် ၁၀၀ ဘွားဘွား ဘွဲ့ရပြီး နောက်တစ်နေ့တွင် ကွယ်လွန်....."စသည့် စိတ်ဝင်စားဖွယ်သတင်းများနှင့် အပတ်စဉ် အင်္ဂါနေ့တိုင်း ဖြန့်ချီလျက်ရှိကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

မြဝတီရုပ်မြင်သံကြား

၂-၂-၂၀၁၀ (အင်္ဂါနေ့)

နံနက်ပိုင်း

၇း၀၀ ၁။ မြဝတီအဖွင့်
၇း၀၅ ၂။ တရားတော်
၇း၁၀ ၃။ ဓမ္မပူဇာတေး
၇း၂၀ ၄။ မျိုးချစ်တပ်မတော်
၇း၂၅ ၅။ မြန်မာပြည်တစ်ဝန်း ရောင်စုံမှတ်တမ်း
၇း၃၀ ၆။ မြန်မာသံစဉ် ချိုနှာဝင်
၇း၄၅ ၇။ **မြန်မာ့ရိုးရာ ယဉ်ကျေးမှု အဆို၊ အက၊ အရေး၊ အတီး ပြိုင်ပွဲအစီအစဉ်**
၇း၅၀ ၈။ သာယာသီကြွေး ခေတ်ဆန်းတေး
၇း၅၅ ၉။ အမျိုးသားရေးတေးကဗျာ
၈း၀၀ ၁၀။ မြဝတီရုပ်မြင်သံကြားသတင်း
၈း၁၀ ၁၁။ အမျိုးသားရေးတေးကဗျာ

ညပိုင်း

၄း၀၀ ၁။ မြဝတီအဖွင့်
၄း၀၅ ၂။ အဖွင့်သီချင်း
၄း၁၀ ၃။ လျှပ်တစ်ပြက်
၄း၁၅ ၄။ အလွမ်းတေးပန်းချီ ချစ်သူဆီ
၄း၃၅ ၅။ အင်္ဂလိပ်စာသုတ
၄း၅၅ ၆။ မျိုးချစ်တပ်မတော်
၅း၀၀ ၇။ မြန်မာသံစဉ်ချိုနှာဝင်
၅း၁၅ ၈။ မြဝတီရုပ်မြင်သံကြား မဂ္ဂဇင်းကဏ္ဍ
၅း၄၀ ၉။ သာယာသီကြွေး ခေတ်ဆန်းတေး
၆း၀၀ ၁၀။ မြဝတီရုပ်မြင်သံကြားသတင်း
၆း၁၀ ၁၁။ အမျိုးသားရေးတေးကဗျာ
၆း၂၀ ၁၂။ လျှပ်တစ်ပြက်
၆း၄၀ ၁၃။ အကြင်နာလက်တစ်စုံ
၇း၀၀ ၁၄။ ရသစုံလင်ရုပ်မြင်ဇာတ်လမ်း **မုန်းမုန်းမေ့မေ့** (အပိုင်း-၄၅)
၈း၀၀ ၁၅။ မြဝတီရုပ်မြင်သံကြားသတင်း
၁၆။ နိုင်ငံတကာသတင်း
၁၇။ မိုးလေဝသသတင်း
၁၈။ အမျိုးသားရေးတေးကဗျာ
၁၉။ မွေးမြူသုတ
၂၀။ ဟာသရုပ်စုံ
၂၁။ ဗွီစီဒီကျော်ကြားတေး
၂၂။ ယနေ့ညအတွက် မြဝတီ၏ တေးလက်ဆောင်
၂၃။ ရသစုံလင်ရုပ်မြင်ဇာတ်လမ်း **ကြည်နူးဖွယ်ရာ ပျိုကညာ** (အပိုင်း-၈)

မင်္ဂလာဧည့်ခံပွဲ ကျေးဇူးတင်လွှာ

ရန်ကုန်မြို့၊ ကျောက်တံတားမြို့နယ်၊ အမှတ်(၆)ရပ်ကွက်
၃၈လမ်း၊ အမှတ်(၁၇၇)နေ (ဗိုလ်ကြီးမျိုးထွန်း)-ဒေါ်အေးမြချို (အထက-၁၊ ဒဂုံ)တို့၏
တစ်ဦးတည်းသောသား

ဗိုလ်ကြီးကျော်ဇေယျ

M.B.,B.S(DSMA).M.Med.Sc(Int.Med), (3rd Year)

နှင့်

မုံရွာမြို့၊ ရုံးကြီးရပ်၊ သစ်တောလမ်း၊ စိုပြေရိပ်မွန်နေ
ဒေါက်တာဝင်းမော်-ဒေါ်ခင်နှင်းမွန်(စိုပြေအထူးကုဆေးခန်း)တို့၏ သမီးဦး

မရွှန်းအိဝင်းမော်

B.C.Tech

တို့၏ ၃၀-၁-၂၀၁၀ရက် (စနေနေ့)တွင် ရန်ကုန်မြို့ ယုဇနဂါးဒင်းဟိုတယ်၌ ကျင်းပပြီးစီးခဲ့သော မင်္ဂလာဧည့်ခံပွဲအခမ်းအနားသို့ တက်ရောက်ချီးမြှင့်ပေးပါသော ဒုတိယဗိုလ်ချုပ်ကြီးမြင့်ဆွေ၏ဇနီး ဒေါ်ခင်သက်ဌေးအားလည်းကောင်း၊ မင်္ဂလာလက်ဖွဲ့ပေးပို့ချီးမြှင့်ပါသော အရှေ့မြောက်တိုင်းစစ်ဌာနချုပ်တိုင်းမှူး ဗိုလ်ချုပ်အောင်သန်းထွဋ်နှင့်ဇနီး ဒေါ်ချယ်ရီအားလည်းကောင်း၊ မင်္ဂလာပန်းခြင်းကိုင်ဆောင်ပေးသော မောင်ကောင်းခန့်ညားကျော်နှင့် မအိမ့်သံသာအောင် (Sweety)၊ မင်္ဂလာပန်းကြဲပေးပါသော မမေဇင်ထွန်း၊ မင်္ဂလာစံပယ်ပန်းကုံးနှင့် မင်္ဂလာလက်စွပ်ဗန်း ကိုင်ဆောင်ပေးပါသော မညိမ်းညိမ်းအောင်၊ သတို့သားအရံ ဗိုလ်ကြီးဇေယျာလွင်နှင့် ဗိုလ်ကြီးဖြိုးသီဟ၊ သတို့သမီးအရံ မကြည်နူးဝင်းမော်နှင့် မကေခိုင်ဝင်း၊ မင်္ဂလာအခမ်းအနားမှူးအဖြစ် ဆောင်ရွက်ပေးပါသော ဦးကျော်သက်လင်း၊ မင်္ဂလာအခါတော်ပေး သီဆိုပေးပါသော တေးသံရှင်စိမ်းမိုမိုနှင့် The Aces တေးဂီတအဖွဲ့၊ မင်္ဂလာဝတ်စုံနှင့် မိတ်ကပ်ပြင်ဆင်ပေးပါသော မိတ်ကပ် ခင်စန်းဝင်းနှင့်အဖွဲ့၊ ပန်းများကိုမေတ္တာဖြင့်ကူညီပေးပါသော ခိုင်လေး၊ ပန်းအလှဆင်ပေးပါသောနီနီ(ပွင့်)၊ လက်ဝတ်ရတနာများ ဆင်မြန်းပေးပါသော ဒေါ်မီမီကျော်၊ သတို့သမီးအရံဝတ်စုံများ ဖန်တီးပေးပါသော မသွယ့်သွယ့်ခိုင်၊ ဓာတ်ပုံနှင့်ဗီဒီယိုမှတ်တမ်းတင် ရိုက်ကူးပေးပါသော စိုင်းဘုန်းထူးနှင့်အဖွဲ့၊ လိုအပ်သည်များကိုဝိုင်းဝန်းကူညီဆောင်ရွက်ပေးပါသော အ·ထ·က(၁) ဒဂုံမှ ကျောင်းအုပ်ဆရာကြီး၊ ဆရာ ဆရာမများနှင့် မိတ်ဆွေအပေါင်းအသင်းများ၊ စစ်တက္ကသိုလ် အမှတ်စဉ်(၂၀)မှ အရာရှိကြီးများနှင့်ဇနီးများအားလည်းကောင်း၊ ၁၉-၁-၂၀၁၀ရက်(အင်္ဂါနေ့)တွင် မုံရွာမြို့ စိုပြေရိပ်မွန်၌ မင်္ဂလာ မော်ကွန်းတင် လက်မှတ်ရေးထိုးပေးပါသော ခရိုင်တရားသူကြီးဦးခင်မောင်ထွန်းအားလည်းကောင်း၊ ၁၉-၁-၂၀၁၀ရက် (အင်္ဂါနေ့)တွင်မုံရွာမြို့ မြစန္ဒာခန်းမ၌ ကျင်းပသော မင်္ဂလာဧည့်ခံပွဲတွင်ကြွရောက်ချီးမြှင့်ကြသော အနောက်မြောက်တိုင်းစစ်ဌာနချုပ်မှ ဗိုလ်မှူးချုပ်တင်မောင်အုန်း၊ မင်္ဂလာအောင်စံပယ်ပန်းကုံးချီးမြှင့်ပေးပါသော ဒုတိယဗိုလ်မှူးကြီးလင်းအောင်နှင့် ဇနီးဒေါ်သန်းသန်းအေး၊ မင်္ဂလာလက်စွပ် ချီးမြှင့်ပေးပါသော ဒုတိယဗိုလ်မှူးကြီးမျိုးဆွေနှင့်ဇနီး ဒေါ်အေးအေးထွန်းအားလည်းကောင်း၊ မင်္ဂလာပန်းကြဲပေးသော မမိုးသက်စံ၊ မင်္ဂလာပန်းခြင်းကိုင်ဆောင်ပေးပါသော မောင်ကောင်းသန့်ကိုကိုနှင့် မသူသူဟန်၊ မင်္ဂလာအောင်စံပယ်ပန်းကုံးနှင့် လက်စွပ်ဗန်းကိုင်ဆောင်ပေးပါသော မညိမ်းညိမ်းအောင်၊ သတို့သားအရံ ဗိုလ်ကြီးရဲကျော်ပိုင်နှင့် ဗိုလ်ကြီးဖုန်းဖြိုးဝေ၊ သတို့သမီးအရံ ဒေါက်တာဆုမြတ်ကျော်နှင့် မဆုပြည့်တို့အားလည်းကောင်း၊ တေးသံသာများဖြင့် ဖျော်ဖြေပေးပါသော စောင်းမှုမှုသိန်း(သမီး)နှင့်အဖွဲ့၊ ကြွရောက်ချီးမြှင့်ကြသော ဂုဏ်သရေရှိလူကြီးမင်းများနှင့် ဆွေမျိုးမိတ်သင်္ဂဟများ၊ ကျေးဇူးတင်ထိုက်သူအားလုံးအားလည်းကောင်း လှိုက်လှဲစွာ ကျေးဇူးဥပကာရတင်ရှိပါကြောင်း။

နှစ်ဖက်သောမိဘများနှင့် ဗိုလ်ကြီးကျော်ဇေယျ-မရွှန်းအိဝင်းမော်။

မင်္ဂလာဦးဆုတောင်း

သားသား ဗိုလ်ကြီးကျော်ဇေယျနှင့် မရွှန်းအိဝင်းမော်တို့၏ ၃၀-၁-၂၀၁၀ ရက် မင်္ဂလာဦးရက်မြတ်မှသည် အနှစ်(၁၀၀)တိုင်အောင် ကျန်းမာချမ်းသာပျော်ရွှင်စွာ ရွှေလက်တွဲခိုင်မြဲပါစေကြောင်း ဆုမွန်ကောင်းတောင်းလျက်....။

ဦးထွန်းထွန်းလတ် မန်နေဂျာ၊ မြန်မာ့အလင်းသတင်းစာတိုက်-ဒေါ်ခင်ယုမွန်
မပန်းသီရိထွန်း Grade 6(B)၊ အ·ထ·က(၁)ဒဂုံ
မဆုသီရိစံ Grade 2(A)၊ အ·ထ·က (၁)ဒဂုံ။

စေ့စပ်ကြောင်းလမ်းပြီးစီးခြင်း

ရန်ကုန်မြို့၊ သဃ်န်းကျွန်းမြို့နယ်၊ မလိခ ဥယျာဉ်အိမ်ရာနေ
(ဦးသောင်းတင်)-ဒေါ်ရွှေအိတို့၏သားကြီး

မောင်ထွန်းမင်း B.A (Geo;)

နှင့်

ရန်ကုန်မြို့၊ စမ်းချောင်းမြို့နယ်၊ ဗားကရာလမ်း၊ အမှတ် 116-D နေ
ဦးအေးကြူ-ဒေါ်မြင့်မြင့်တို့၏သမီးကြီး

မဇင်မာအေး B.A (B.B.A)

တို့သည် နှစ်ဖက်သောမိဘများနှင့် ၎င်းတို့၏သဘောတူညီမှုအရ စေ့စပ်ကြောင်းလမ်းပြီးစီးပါကြောင်း။

နှစ်ဖက်သောမိဘများနှင့် မောင်ထွန်းမင်း-မဇင်မာအေး(ခေတ္တ-စင်ကာပူ)။

မင်္ဂလာဧည့်ခံပွဲကျေးဇူးတင်လွှာ

မြစ်ကြီးနားမြို့၊ ရှမ်းစုမြောက်ရပ်ကွက်၊ အမှတ် ၁၈၀ နေ
ဦးအောင်ထူး-ဒေါ်ခင်အေးတို့၏ဒုတိယသား၊
ကိုမောင်မောင်ခင်-မနယ်လီ၊ ကိုစိုင်းအောင်ကျော်-မမိမိအေးတို့၏ညီ
Dr. Yu Chang Lin -မခင်ဥမ္မာထူးတို့၏အစ်ကို

မောင်ကျော်ရှင်း B.Sc(Zoology)

နှင့်

မြစ်ကြီးနားမြို့၊ မင်းရပ် ရပ်ကွက်၊ အမှတ် ၁၈ နေ
(ဦးဖန်ယုံချင့်-ဒေါ်စင်းချိန်)တို့၏သမီးထွေး၊
ကိုစိုးတင့်-မခင်မာဦး၊ ကိုအောင်ခင်-မခင်မာကြည်၊
ကိုတင်စိုး-မတင့်တင့်စိုး၊ ကိုကျော်ကျော်လင်း-မခင်စန်းမြင့်၊
ကိုဇော်မင်း-မချိုချိုတို့၏ညီမ

မမိုးသီတာ B.Sc(Physics)

တို့၏ ၂၈-၁-၂၀၁၀ ရက်နှင့် ၃၁-၁-၂၀၁၀ ရက်တို့တွင် ယူနန်ဘုံကျောင်း၌ ကျင်းပသော မင်္ဂလာဧည့်ခံပွဲသို့ တက်ရောက်ချီးမြှင့်ပေးကြသော ဧည့်သည်တော်များအားလည်းကောင်း၊ မင်္ဂလာဧည့်ခံပွဲဖြစ်မြောက်ရန် အဘက်ဘက်မှ ဝိုင်းဝန်းကူညီကြသော နှစ်ဖက်သော မိဘဆွေမျိုးများ၊ မိတ်သင်္ဂဟများနှင့် သူငယ်ချင်းများအားလည်းကောင်း လှိုက်လှဲစွာ ကျေးဇူးတင်ရှိပါကြောင်း။

နှစ်ဖက်သောမိဘများနှင့် မောင်ကျော်ရှင်း-မမိုးသီတာ။

မင်္ဂလာလက်ထပ်ပွဲနှင့် ဧည့်ခံပွဲကျေးဇူးတင်လွှာ

ရန်ကုန်မြို့နေ ဒုတိယဗိုလ်မှူးကြီးလေးသွင်(ငြိမ်း) ဒုတိယအထွေထွေမန်နေဂျာ(ကုန်စည်)၊
ပြည်တွင်းရေကြောင်းပို့ဆောင်ရေး-နော်ဒက်ဖနီတို့၏သားကြီး

မောင်ကျော်စွာလေးသွင် B.Sc (Maths) 2nd Mate (F.G)

M.Sc Ship Management (Hong Kong)

နှင့်

ရန်ကုန်မြို့နေ ဦးမြသောင်း(အကြံပေးအရာရှိ၊ အလုပ်သမားဝန်ကြီးဌာန)-
ဒေါ်ရစ်ချယ်ဥာဏ်(အထပြ-ငြိမ်း၊ အထက-၂၊ မင်္ဂလာဒုံ)တို့၏သမီး

ဒေါက်တာနှင်းအေး M.B.,B.S (Ygn)

1st Year M.Med.Sc (Mental Health)

တို့၏ ၃၀-၁-၂၀၁၀ရက်(စနေနေ့)တွင် Immanuel Baptist Church ၌ လက်ထပ်ထိမ်းမြားပေးပါသော သိက္ခာတော်ရဆရာတော် ဒေါက်တာဝေါလ်ဒိုသိမ်းနှင့်သိက္ခာတော်ရဆရာတော်ကြီးများ၊ ဓမ္မမိတ်ဆွေများ၊ ဧည့်သည်တော်များအားလည်းကောင်း၊ မေတ္တာဖြင့် စန္ဒရားတီးခတ်ပေးပါသော ဒေါက်တာHarry Nu၊ မင်္ဂလာတေးသီဆိုချီးမြှင့်ပေးပါသော ကို William Coomber အားလည်းကောင်း၊ လက်ထပ်ပွဲဖြစ်မြောက်ရေးအတွက် အစ၊ အလယ်၊ အဆုံးတိုင် မေတ္တာဖြင့်ကူညီပေးပါသော Immanuelကရင်အသင်းတော်မှ တာဝန်ရှိသူများနှင့်လူငယ်များအားလည်းကောင်း၊ Yuzana Garden Hotel၌ ကျင်းပပြီးစီးခဲ့သောဧည့်ခံပွဲတွင် မင်္ဂလာကိတ်မုန့်လှီးပေးပါသော ဒုတိယဗိုလ်မှူးကြီးထွန်းအောင်မြင့်(ငြိမ်း)နှင့်ဇနီးပါမောက္ခဌာနမှူး(ငြိမ်း) ဒေါက်တာဒေါ်ရင်ရင်မြ၊ မင်္ဂလာအခမ်းအနားမှူးအဖြစ်ဆောင်ရွက်ပေးပါသော ဦးကျော်စိုးဦး၊ တေးသံသာများဖြင့် သီဆိုဖျော်ဖြေပေးပါသော နိုင်ငံကျော်အဆိုတော်များနှင့် တီးခတ်ပေးပါသော The Aces Band၊ မင်္ဂလာဝတ်စုံ၊ မိတ်ကပ်နှင့် ပန်းအလှပြုပြင်ပေးသော Forever၊ ဓာတ်ပုံနှင့်ဗီဒီယို ရိုက်ကူးပေးပါသော ကိုမောင်မောင်စိုး(သစ်တော)နှင့် Adam & Ave၊ မင်္ဂလာပွဲသို့တက်ရောက်ချီးမြှင့်ပေးသော ဂုဏ်သရေရှိလူကြီးမင်းများနှင့် ကိုယ်တိုင်မတက်ရောက်နိုင်သော်လည်း မင်္ဂလာလက်ဖွဲ့ပစ္စည်းများပေးပို့ကြပါသော စစ်ဘက်၊ နယ်ဘက်မှ ဂုဏ်သရေရှိလူကြီးမင်းများအားလည်းကောင်း၊ အစစအရာရာ ကူညီပေးခဲ့သော I.W.T မှ ဝန်ထမ်းများအားလည်းကောင်း၊ အစားအသောက်နှင့် လိုအပ်သည်များကို ကူညီဆောင်ရွက်ပေးပါသော Yuzana Garden Hotel မှ မန်နေဂျာနှင့်ဝန်ထမ်းများ၊ မင်္ဂလာအခမ်းအနားအောင်မြင်စွာကျင်းပပြုလုပ်နိုင်ရေးအတွက် မေတ္တာဖြင့်ဝိုင်းဝန်းကူညီပေးကြပါသော ကျေးဇူးတင်ထိုက်သူများအားလုံးကိုလည်းကောင်း လှိုက်လှဲစွာ ကျေးဇူးဥပကာရအထူးတင်ရှိပါကြောင်း။

နှစ်ဖက်သောမိဘများနှင့် မောင်ကျော်စွာလေးသွင်-ဒေါက်တာနှင်းအေး။

ငွေရတုမင်္ဂလာဆုတောင်း

ချစ်ဖေဖေဦးထွန်းထွန်းဦးနှင့် ချစ်မေမေဒေါ်တင်တင်ဝင်းတို့၏ ၂-၂-၂၀၁၀ ရက်တွင် ကျရောက်သော (၂၅)နှစ်မြောက် ငွေရတုမင်္ဂလာရက်မြတ်မှသည် ရွှေရတု၊ စိန်ရတုများတိုင် ချစ်သော သား၊ သမီးတို့နှင့်အတူ စိတ်၏ချမ်းသာခြင်း၊ ကိုယ်၏ ကျန်းမာခြင်းတို့ ပြည့်စုံစွာဖြင့် သာသနာ့အကျိုး၊ နိုင်ငံ့အကျိုး၊ လူမှုအကျိုးတို့ကို ဆတက်ထမ်းပိုး ထမ်းဆောင်ရင်း သာယာချမ်းမြေ့သည့် ပြီးပြည့်စုံသောဘဝကို ထာဝရပိုင်ဆိုင်နိုင်ပါစေဟု ဆုမွန်ကောင်းတောင်းလျက်....

သားကြီး - **ဗိုလ်ဉာဏ်ရဲဦး M.B., B.S(D.S.M.A)**
သားငယ် - **မောင်စွမ်းဆောင်ဦး[Final Part II ဆေးတက္ကသိုလ်(၁)ရန်ကုန်]**
သမီးလေး - **မမြတ်နိုးဦး[ဒုတိယနှစ်၊ ဆေးတက္ကသိုလ်(၁) ရန်ကုန်]။**

Career Opportunity
(For Local Service Only)

We are one of the leading marketing and distribution company of pharmaceutical products. We require well-qualified personnel for the following positions. Good remuneration will be offered for qualified persons.

1) Chief Accountant **Male/Female (1) Post**
- Not more than 50 years old, Graduate of B.Com, CPA
- Minimum of 3 years work experience in Finance Management, Financial Reports i.e. Balance Sheet, Profit & Loss Report, Inventory Report, Sales & Stock Report. Must be able to use computerized Accounting very well. Must have a good leadership skills.

2) Accountants **Female (5) Post**
(Finance/ Stock/ Account Receivable)
Minimum of 1 year work experience in related field and must be able to use computerized Accounting very well .
- Not more than 45 years old, Graduate of B.Com (or) DA (or) LCCI Level (III) Group Diploma.
  Must have good Knowledge of General Accounting i.e. book-keeping, trial balance.
- Must be able to prepare and handle warehouse accounts, stock receipts, issues & balance accounts.
- Must be able to prepare and handle credit sales accounts very well.

3) Computer/Data Encoder **Female (3) Post**
- Not more than 35 years old, Graduate, Knowledgeable with the warehouse process is preferable.
- Minimum of 1 year work experience in data encoding.

Qualified and interested candidates are invited to submit the application with updated CV, educational credentials and all relevant documents, two recent photos, labour registration card, NR Card, census (family member population list) send to **AA Medical Products Ltd, No-408/410, Mahabandoola St, 6th Fl, Samsung Plaza, Kyauktada Tsp, Yangon.** within (10) days of this advertisement.

အမည်မှန်

အဖ ဦးမောင်အေး၏ သမီး မြစ်ကြီးနားမြို့ နည်းပညာတက္ကသိုလ် (B.E) နောက်ဆုံးနှစ်(EC)မှ မအေးစုမွန်၏အမည်မှန်မှာ မအေးစုမွန်ဖြိုး ဖြစ်ပါသည်။ **မအေးစုမွန်ဖြိုး။**

ရောင်းမည်

မိတ္ထီလာ၊ နန်းတော်ကုန်း၊ ကန်ဘေး၊ ပေ ၁၂၀ ပတ်လည် မြေကွက်၊ ကျပ်သိန်း၁၅၀(ညှိနှိုင်းဈေး) အရှုပ်အရှင်းကင်း၊ ဒေါ်ခင်ဝင်း ဖုန်း-၀၂-၈၀၁၁၂။

သားအဖြစ်မှ အမွေပြတ်စွန့်လွှတ်ခြင်း

ကျွန်မ၏သားဖြစ်သူ မောင်ဇေယျာလင်း ၁၂/ပဘတ(နိုင်)၀၀၀၈၈၆သည် မိဘဆွေမျိုးများ ခွင့်မလွှတ်နိုင်သော ကိစ္စမျိုးပြုလုပ်ပြီး နေအိမ်မှဆင်းသွားပါ၍ ရာသက်ပန် အမွေပြတ်စွန့်လွှတ်လိုက်သည်။ (၎င်းနှင့်ပတ်သက်သမျှ ကိစ္စအဝဝကို တာဝန်မယူတော့ပါ။)

မိခင်- ဒေါ်မြင့်မြင့်ရီ
အမှတ် ၁၄၃၊ ၂၇လမ်း၊
ရန်ကုန်မြို့။

မိုင်းလား အထက ပညာရည်ချွန်ဆု ချီးမြှင့်

မိုင်းလား ဖေဖော်ဝါရီ ၁

ရှမ်းပြည်နယ် (အရှေ့ပိုင်း) မိုင်းလားမြို့ အခြေခံပညာအထက်တန်းကျောင်း၏ မိဘဆရာအသင်း နှစ်ပတ်လည်အစည်းအဝေးနှင့် ပညာရည်ချွန်ဆုချီးမြှင့်ပွဲ အခမ်းအနားကို ဇန်နဝါရီ ၁၆ရက်က ကျောင်းအားကစားကွင်း၌ ကျင်းပသည်။

ဆွေးနွေး

အခမ်းအနားတွင် ကျောင်းအုပ်ဆရာကြီး ဦးစိုင်းထွန်းစိန်က အမှာစကားပြောကြားပြီး အထက်တန်းပြဆရာမ ဒေါ်နွယ်နီသင်းက ကျောင်း၏ ဖွံ့ဖြိုးတိုးတက်မှုအခြေအနေကို တင်ပြဆွေးနွေးကာ အလယ်တန်းပြဆရာ ဦးကျော်ရွှေက ကျောင်းအကျိုးတော်ဆောင်နှင့် မိဘဆရာအသင်းဝင်များ စာရင်းကို ဖတ်ကြားသည်။

ပေးအပ်ချီးမြှင့်

ဆက်လက်၍ ၂၀၀၉ခုနှစ် တက္ကသိုလ်ဝင်တန်းစာမေးပွဲအောင်မြင်ခဲ့ကြသော ကျောင်းသားကျောင်းသူများနှင့် ပညာရည်ထူးချွန်ဆု ရရှိသူများကို ကျောင်းအုပ်ဆရာကြီးက ဆုများ ပေးအပ်ချီးမြှင့်သည်။

(ခရိုင် ပြန်/ဆက်)

သုံးဆယ်အထက မြတ်ဆရာပူဇော်ပွဲ

ရန်ကုန် ဖေဖော်ဝါရီ ၁

ပဲခူးတိုင်း(အနောက်ပိုင်း) သာယာဝတီခရိုင် သုံးဆယ်မြို့ အထက၏ (၁၁)ကြိမ်မြောက် မြတ်ဆရာပူဇော်ကန်တော့ပွဲကို ဖေဖော်ဝါရီ ၁၂ရက် (ပြည်ထောင်စုနေ့) မွန်းတည့် ၁၂ နာရီတွင် သုံးဆယ်အထက ပီမိုးနင်းခန်းမ၌ ကျင်းပမည်ဖြစ်ရာ အငြိမ်းစားဆရာကြီး ဆရာမကြီးများနှင့် ကျောင်းသား ကျောင်းသူဟောင်းများ မပျက်မကွက် တက်ရောက်ကြပါရန်နှင့် ဆရာကန်တော့ပွဲသို့ လိုက်ပါလိုသူများ၊ အလှူငွေ ထည့်လိုသူများသည် ဦးမြင့်စိုး ဖုန်း-၀၅၅-၃၀၄၈၅၊ ဦးကံသိမ်း ဖုန်း-၀၅၅-၃၀၁၂၂၊ ဦးမျိုးတင့် ဖုန်း-၀၅၅-၃၀၅၀၅၊ ဦးသိန်းအောင် ဖုန်း-၀၅၅-၃၁၁၁၄၊ ဦးလှထူး ဖုန်း-၀၅၅-၃၀၅၅၄၊ ဦးမောင်နှစ်(ရန်ကုန်) ဖုန်း-၀၁-၁၂၈၀၀၅၊ ဦးတင်မောင်ဝင်း (ရန်ကုန်) ဖုန်း-၀၁-၃၈၇၅၂၂ နှင့် ဒေါ်ခင်အောင်မြင့်(သုံးဆယ်အထက) တို့သို့ ဆက်သွယ်လှူဒါန်းနိုင်ကြောင်း သိရသည်။ **(ခရိုင် ပြန်/ဆက်)**

ပြည်ထောင်စုမြန်မာနိုင်ငံတော်အစိုးရ
ပညာရေးဝန်ကြီးဌာန
မြန်မာနိုင်ငံ ပညာရေးသုတေသနအဖွဲ့ ဦးစီးဌာန
ပြည်လမ်း၊ ရန်ကုန်မြို့

ပြန်ကြားရေးဝန်ကြီးဌာနနှင့် ပညာရေးဝန်ကြီးဌာန မြန်မာနိုင်ငံပညာရေးသုတေသနအဖွဲ့ ဦးစီးဌာနတို့ပူးပေါင်း၍ တက္ကသိုလ်ဝင်စာမေးပွဲ ဖြေဆိုကြမည့် ကျောင်းသူ၊ ကျောင်းသားများအတွက် စာမေးပွဲ အထောက်အကူပြု သိမှတ်ဖွယ်ရာ ဘောဂဗေဒဘာသာသင်ခန်းစာကို ဖော်ပြလိုက်ပါသည်။

တက္ကသိုလ်ဝင် စာမေးပွဲ
သိမှတ်ဖွယ်ရာ ဘောဂဗေဒ

၂၀၁၀ ခုနှစ် တက္ကသိုလ်ဝင်စာမေးပွဲ ဘောဂဗေဒဘာသာရပ်နှင့် ပတ်သက်သော အထောက်အကူပြုသင်ခန်းစာများကို နှစ်ပိုင်းခွဲပြီး ရှင်းလင်းတင်ပြပါမယ်။ ပထမပိုင်းမှာ ၂၀၁၀ ခုနှစ် တက္ကသိုလ်ဝင်စာမေးပွဲမေးခွန်းပုံစံကို တင်ပြပြီး၊ ဒုတိယပိုင်းမှာ စာမေးပွဲမေးခွန်းဖြေဆိုပုံဖြေဆိုနည်းနဲ့ သတိပြုရမည့်အချက်များကို ရှင်းလင်းတင်ပြပါမယ်။

တက္ကသိုလ်ဝင်စာမေးပွဲမေးခွန်းပုံစံ

၂၀၁၀ ခုနှစ် တက္ကသိုလ်ဝင်စာမေးပွဲ ဘောဂဗေဒဘာသာရပ်မေးခွန်းလွှာကို အပိုင်း(က)နဲ့ အပိုင်း(ခ) ဆိုပြီး နှစ်ပိုင်းခွဲမေးထားပါတယ်။ အပိုင်း(က)မှာ မဖြေမနေရ ဖြေဆိုရမယ့် မေးခွန်းနှစ်ပုဒ် မေးထားပါတယ်။ မေးခွန်းနံပါတ်(၁)နဲ့ မေးခွန်းနံပါတ်(၂)ဖြစ်ပါတယ်။ မေးခွန်းနံပါတ် (၁)ကို သုံးမျိုးခွဲခြားထားရာ ပေးထားတဲ့ ဖော်ပြချက်များကို မှား/ မှန်ဖြေဆိုရမယ့် မေးခွန်း၊ ကွက်လပ်ဖြည့်မေးခွန်းနဲ့ ရွေးချယ်မှုမေးခွန်းတို့ဖြစ်ပါတယ်။ မေးခွန်းနံပါတ် (၂) ကတော့ အဓိပ္ပာယ်ဖွင့်ဆိုချက်မေးခွန်းဖြစ်ပါတယ်။ ဒီမေးခွန်းမှာ အဓိပ္ပာယ်ဖွင့်ဆိုရမယ့် ဝေါဟာရများ ပေးထားပြီး ယင်းတို့ထဲမှ နှစ်သက်ရာ(၁၀)ခုကို ရွေးချယ်ဖြေဆိုရမှာ ဖြစ်ပါတယ်။ ဒသမတန်း ဘောဂဗေဒသင်ရိုးစာအုပ်မှာ ရေးသားဖော်ပြထားတဲ့ အဓိပ္ပာယ်ဖွင့်ဆိုချက်ကို တိတိကျကျပြည့်ပြည့်စုံစုံ ရေးသားနိုင်လျှင် အမှတ်ပြည့် ရရှိနိုင်ပါတယ်။

တက္ကသိုလ်ဝင်စာမေးပွဲမေးခွန်းရဲ့ အပိုင်း(က)မှာ မေးထားတဲ့မေးခွန်းနံပါတ်(၁)နဲ့ မေးခွန်းနံပါတ် (၂)မှာပါတဲ့ မေးခွန်းများသည် ပြဋ္ဌာန်းသင်ရိုးစာအုပ်ပါ အခန်း(၆)ခန်းစလုံးနှင့် သက်ဆိုင်သော မေးခွန်းများဖြစ်ပါတယ်။ မေးခွန်းနံပါတ်(၁)နဲ့ မေးခွန်းနံပါတ် (၂)နှစ်ပုဒ်ပေါင်းမှာ အမှတ်(၄၀)ဖိုးဖြစ်ပါတယ်။ မေးခွန်းနံပါတ်(၁)နဲ့ မေးခွန်းနံပါတ်(၂)ကို ပြည့်စုံမှန်ကန်စွာ ဖြေဆိုနိုင်လျှင် အမှတ်(၄၀) အပြည့်ရရှိနိုင်ပါတယ်။

မေးခွန်းလွှာရဲ့ အပိုင်း(ခ)မှာ စုစုပေါင်းမေးခွန်း (၄)ပုဒ် ပေးထားပါတယ်။ မေးခွန်း နံပါတ်(၃)၊ (၄)၊ (၅)၊ (၆) တို့ဖြစ်ပါတယ်။ ဒီ (၄)ပုဒ်ထဲက မိမိနှစ်သက်ရာ(၃)ပုဒ်ကို ရွေးချယ်ဖြေဆိုရမှာ ဖြစ်ပါတယ်။ မေးခွန်းနံပါတ် (၃)၊ (၄)၊ (၅) တို့က ပုံစံတူမေးခွန်းများ ဖြစ်ပါတယ်။ မေးခွန်းတစ်ပုဒ်စီမှာ (က) နဲ့ (ခ) ဆိုပြီး အပိုင်းနှစ်ပိုင်းစီ ပါဝင်ပြီး၊ (က)အပိုင်းက မေးခွန်းရှည်၊ (ခ) အပိုင်းက မေးခွန်းတို (၄) ပုဒ်မေးထားပါတယ်။ (ခ) အပိုင်း မေးခွန်းတိုဟာ မှတ်စုတိုရေးရန်ဖြစ်ပြီး ယင်းမေးခွန်းတို (၄) ပုဒ်မှ မိမိကြိုက်နှစ်သက်ရာ (၂) ပုဒ်ကို ရွေးချယ်ဖြေဆိုရမှာ ဖြစ်ပါတယ်။ စာမေးပွဲဖြေဆိုမည့် တပည့်တို့က (က)အပိုင်း မေးခွန်းရှည်ကို ရွေးချယ်ဖြေဆိုမယ်ဆိုရင် (ခ)အပိုင်းက မှတ်စုတို မေးခွန်း(၂)ပုဒ် ဖြေဆိုရန်မလိုသကဲ့သို့ (ခ)အပိုင်းကို ရွေးချယ်ဖြေဆိုမည်ဆိုပါကလည်း (က) အပိုင်း မေးခွန်းရှည်ကို ဖြေဆိုရန်မလိုပါ။ (က) အပိုင်း မေးခွန်းရှည်တစ်ပုဒ်တည်းအတွက် အမှတ်(၂၀) ပေးထားပြီး (ခ) အပိုင်းမှတ်စုတိုအတွက် တစ်ပုဒ်စီလျှင် (၁၀)မှတ်နဲ့ နှစ်ပုဒ်အတွက် အမှတ်(၂၀) ပေးထားပါသည်။

နောက်ဆုံးမေးခွန်းဖြစ်တဲ့ မေးခွန်းနံပါတ် (၆)က ညဏ်စမ်းမေးခွန်းဖြစ်ပြီး ပေးထားတဲ့ စာရင်းအင်းကိန်းဂဏန်းများကို အခြေခံပြီး မျဉ်းကွေးများနဲ့ ပုံများရေးဆွဲခြင်း၊ တွက်ချက်သုံးသပ် ဖြေဆိုခြင်းများ ပြုလုပ်ရမှာဖြစ်ပါတယ်။ မေးခွန်းနံပါတ်(၆)မှာ မေးခွန်း(၃)ပုဒ် (က)၊ (ခ)၊ (ဂ) ပါဝင်ပြီး၊ ယင်း (၃)ပုဒ်မှ နှစ်သက်ရာ (၂)ပုဒ်ကို ရွေးချယ်ဖြေဆိုရမှာဖြစ်ပါတယ်။

ဒါကြောင့် တက္ကသိုလ်ဝင်စာမေးပွဲ မေးခွန်းရဲ့ အပိုင်း(ခ)အတွက် ပေးမှတ် စုစုပေါင်းမှာ အမှတ်(၆၀) ဖိုးဖြစ်ပါတယ်။

၂၀၁၀ ခုနှစ် တက္ကသိုလ်ဝင်စာမေးပွဲ ဘောဂဗေဒဘာသာရပ် မေးခွန်းလွှာပုံစံကို ခြုံပြီး ပြောရမယ်ဆိုလျှင်၊ မေးခွန်းအမျိုးအစား(၅)မျိုးပါဝင်တဲ့ မေးခွန်း(၆)ပုဒ် ပေးထားသော မေးခွန်းလွှာ ဖြစ်ပါတယ်။ မေးခွန်းအမျိုးအစား(၅)မျိုးကတော့ (၁)ဓမ္မဓိဋ္ဌာန်မေးခွန်း၊ (၂)အဓိပ္ပာယ်ဖွင့်ဆိုချက် မေးခွန်း၊ (၃)မှတ်စုတိုမေးခွန်း၊ (၄)မေးခွန်းရှည်နဲ့ (၅)ညဏ်စမ်းမေးခွန်းတို့ဖြစ်ပါတယ်။ မေးထားတဲ့မေးခွန်း(၆)ပုဒ်အနက် အပိုင်း(က)မှာ ပါဝင်တဲ့မေးခွန်းနံပါတ်(၁)နဲ့ မေးခွန်းနံပါတ်(၂) တို့က မဖြေမနေရ မေးခွန်းများဖြစ်ပြီး အပိုင်း(ခ) မှာပါဝင်တဲ့မေးခွန်း(၄)ပုဒ်ကတော့ နှစ်သက်ရာ (၃)ပုဒ်ကို ရွေးချယ်ဖြေဆိုရမှာဖြစ်တဲ့အတွက် စုစုပေါင်းမေးခွန်း(၅)ပုဒ်ဖြေဆိုရမှာ ဖြစ်ပါတယ်။

တက္ကသိုလ်ဝင်စာမေးပွဲမေးခွန်းဖြေဆိုပုံဖြေဆိုနည်း

တက္ကသိုလ်ဝင်စာမေးပွဲ ဘောဂဗေဒဘာသာရပ် မေးခွန်းလွှာမှာပါဝင်တဲ့ မေးခွန်း(၆)ပုဒ်ကို ဖြေဆိုတဲ့အခါ ဘယ်လို ဖြေဆိုရမယ်ဆိုတာကို မေးခွန်းတစ်ပုဒ်ချင်း ရှင်းလင်းသွားပါမယ်။

မေးခွန်းနံပါတ် (၁)မှ ဓမ္မဓိဋ္ဌာန်မေးခွန်းဖြစ်တဲ့ မှား/မှန် မေးခွန်းကို ဖြေဆိုတဲ့အခါမှာ မေးခွန်းကို သေသေချာချာဖတ်ပြီး သဘောပေါက်နားလည်အောင်စဉ်းစားပြီးမှ မှား သို့မဟုတ် မှန် လို့ဖြေဆိုရမယ်။ အဖြေမှန်ရရန် ပြဋ္ဌာန်းစာအုပ်ကို သင်ရိုးကျေညက်အောင် ဖတ်ရှုလေ့လာ မှတ်သားရန်လိုပါတယ်။

ဥပမာတစ်ခုပေးပါမယ်။ 'စားသုံးသူတို့၏ ဝင်ငွေတိုးတက်လာသည်နှင့်အမျှ ဖရဲသီး ဝယ်လိုအားလည်း တိုးလာလျှင် ဖရဲသီးသည် သာမန်ကုန်စည်ဖြစ်သည်။' ဟု မေးထားပြီး မှား/မှန် ဖြေဆိုခိုင်းလျှင် အဖြေမှန် မှာ 'မှန်' ဖြစ်ပါတယ် ။ အဘယ်ကြောင့် 'မှန်' တယ်ဆိုတာကို ပြဋ္ဌာန်းစာအုပ်ရဲ့အခန်း(၂) အပိုင်း(၂-၃)မှာ 'သာမန် ကုန်စည်ဖြစ်ပါက စားသုံးသူ၏ ဝင်ငွေတိုးလာလျှင် ထိုကုန်စည်၏ ဝယ်လိုအားလည်း တိုးလာမည်ဖြစ်သည်။' ဟု ဖော်ပြထားကြောင်း တပည့်တို့ သတိပြုနိုင်ပါတယ်။ ဒါကြောင့်မေးထားတဲ့ မေးခွန်းအတွက် အဖြေမှာ 'မှန်' လို့ဖြေဆိုရမှာ ဖြစ်ပါတယ်။

မေးခွန်းနံပါတ်(၁)မှ ကွက်လပ်ဖြည့်မေးခွန်းကို ဖြေဆိုနိုင်ရန်လည်း ပြဋ္ဌာန်းစာအုပ်ကို သင်ရိုးကုန် ကျေညက်အောင် ဖတ်ရှုလေ့လာမှတ်သားထားဖို့လိုပါတယ်။ ပေးထားတဲ့ စာကြောင်းရဲ့ ကွက်လပ်ထဲမှာ တိကျတဲ့စကားလုံးများကို ရေးသား ဖြည့်စွက်ရမှာ ဖြစ်ပါတယ်။ ဥပမာတစ်ခုပေးပါမယ်။ 'မတူညီသော နှစ်များ၏ တိုင်းပြည်ဝင်ငွေများကို နှိုင်းယှဉ်လိုသည့်အခါတွင် တိုင်းပြည်ဝင်ငွေ၏ ----- သဘောကို အသုံးပြုရပေသည်။' ဟုမေးထားလျှင် ကွက်လပ်ဖြည့်ရမည့် စကားလုံးမှာ 'ပုံသေဈေးနှုန်း' ဖြစ်ပါတယ်။ ယင်းကို ပြဋ္ဌာန်းစာအုပ်၏ အခန်း(၃) အပိုင်း (၃-၄)တွင် ဖော်ပြထားတယ်။

မေးခွန်းနံပါတ်(၁)မှ ရွေးချယ်မှုမေးခွန်းကို ဖြေဆိုနိုင်ရန်လည်း ပြဋ္ဌာန်းစာအုပ်ကို သင်ရိုးကုန် ကျေညက်အောင် ဖတ်ရှုလေ့လာမှတ်သားထားဖို့ လိုပါတယ်။ ဥပမာတစ်ခု ပေးပါမယ်။ 'အပြည်ပြည်ဆိုင်ရာကုန်သွယ်မှု ပေါ်ပေါက်လာရခြင်း၏ အဓိကအကြောင်းမှာ (က)ဇောက်ချထုတ်လုပ်မှု (ခ)သယ်ယူပို့ဆောင်ရေးတိုးတက်မှု (ဂ) သိုလှောင်မှုတိုးတက်မှုကြောင့်ဖြစ်သည်။' ဟု မေးထားလျှင် ဖြေဆိုရမည့်အဖြေမှန်မှာ (က) ဖြစ်ပြီး ယင်းကိုပြဋ္ဌာန်းစာအုပ်၏ အခန်း(၆) အပိုင်း(၆-၂) တွင် ဖော်ပြထားတယ်။

တက္ကသိုလ်ဝင်စာမေးပွဲမေးခွန်းရဲ့ အပိုင်း(က)မှာ မေးထားတဲ့ မေးခွန်းနံပါတ်(၁) အတွက် အခြေခံပညာသင်ရိုးညွှန်းတမ်း၊ သင်ရိုးမာတိကာနှင့် ကျောင်းသုံးစာအုပ်ကော်မတီမှ ထုတ်ဝေသော ဒသမတန်း ဘောဂဗေဒပြဋ္ဌာန်းစာအုပ်၏ သင်ခန်းစာအခန်းတိုင်း၏ အဆုံးတွင် ထိုမေးခွန်းပုံစံများကို လေ့ကျင့်ရန် ပေးထားပါတယ်။

မေးခွန်းနံပါတ်(၂)အဓိပ္ပာယ်ဖွင့်ဆိုချက်မေးခွန်းမှာ ပေးထားတဲ့ဝေါဟာရများ၏ အဓိပ္ပာယ်ဖွင့်ဆိုတဲ့အခါ ပြဋ္ဌာန်းစာအုပ်တွင် ဖော်ပြထားသောအဓိပ္ပာယ်ဖွင့်ဆိုချက်များကို ရေးသားရမှာဖြစ်ပြီး၊ အဓိပ္ပာယ်ပြည့်စုံအောင်ရေးမှ အမှတ်ပြည့်ရမှာဖြစ်ပါတယ်။ ဥပမာ-ငွေကြေးပမာဏဆိုသည်မှာ ငွေကြေး၏ လုပ်ဆောင်ချက်များကို ဆောင်ရွက်ပေးနိုင်သည့် အရာအားလုံး၏စုစုပေါင်းဖြစ်သည်။ ဟုဖြေဆိုလျှင် အမှတ်ပြည့်ရမည်မဟုတ်ပါ။ ငွေကြေးပမာဏဆိုသည်မှာ ငွေကြေး၏ လုပ်ဆောင်ချက်များကို ဆောင်ရွက်ပေးနိုင်သည့် အရာအားလုံး၏စုစုပေါင်း အရေအတွက်ဖြစ်သည်။ဟု ဖြေဆိုမှသာ အမှတ်ပြည့်ရမှာ ဖြစ်ပါတယ်။

မေးခွန်းနံပါတ် (၃)၊ (၄)၊ (၅)မှ မေးခွန်းရှည် သို့မဟုတ် မှတ်စုတို နှစ်ပုဒ်ကို ရွေးချယ်ဖြေဆိုရာတွင် မေးခွန်းမှာ ပါရှိတဲ့ အကြောင်းအရာနဲ့ ပတ်သက်တဲ့ အဓိပ္ပာယ်ဖွင့်ဆိုချက်ကို ပထမရေးပြီးမှ ရှင်းလင်းချက်များကို ဆက်ရေးရမှာ ဖြစ်ပါတယ်။ ဥပမာ- ဝယ်ယူမည့် အရေအတွက်ပြောင်းလဲခြင်း (သို့မဟုတ်) ဝယ်လိုအားပြန့်ခြင်းနှင့် ကျုံ့ခြင်းကို မှတ်စု ရေးသား ဖြေဆိုမည်ဆိုလျှင် ပထမဦးစွာ ဝယ်ယူမည့်အရေအတွက်ပြောင်းလဲခြင်း (သို့မဟုတ်) ဝယ်လိုအားပြန့်ခြင်းနှင့် ကျုံ့ခြင်း၏ အဓိပ္ပာယ်ဖွင့်ဆိုချက်ကို ဖော်ပြပြီးပုံများ၊ ဆက်စပ်မှု ရှင်းလင်းချက် ဥပမာတွေနဲ့ ရှင်းပြရမှာ ဖြစ်ပါတယ်။

မေးခွန်းရှည်ဖြေဆိုပုံ ဥပမာပေးရမယ်ဆိုလျှင် ပြည်သူ့အသုံးစရိတ်များ၏ သဘောသဘာဝနှင့် အမျိုးအစားများကို ပြည့်စုံစွာ ရှင်းပြပါဟုမေးထားလျှင် ပထမဦးစွာပြည်သူ့အသုံးစရိတ်၏ အဓိပ္ပာယ်ကိုဖော်ပြပြီး စုပေါင်းစားသုံးမှုနှင့် စုပေါင်းရင်းနှီးမြှုပ်နှံမှုသဘောကိုပါ ဆက်လက်ရှင်းပြရမှာ ဖြစ်ပါတယ်။ အဲဒီနောက် ပြည်သူ့အသုံးစရိတ်အမျိုးအစား (၅) မျိုးကို ဖော်ပြပြီး အချက်တစ်ချက်ချင်းစီကို အသေးစိတ်ရှင်းပြရပါမယ်။ မေးခွန်းနံပါတ် (၃)၊(၄)နှင့်(၅)တို့မှာ ပြဋ္ဌာန်းစာအုပ်ပါ အခန်း(၁)မှ အခန်း (၆) ထိ အကြောင်းအရာများကို မေးခွန်းတစ်ပုဒ်လျှင် သီးသန့်အခန်းတစ်ခန်းမှ မေးထားခြင်း မဟုတ်ဘဲ အခန်း (၁)မှ (၆)အထိ အကြောင်းအရာများကို ရောမေးထားနိုင်ပါတယ်။

နောက်ဆုံးမေးခွန်းဖြစ်တဲ့ မေးခွန်းနံပါတ် (၆)ကို အထူးရှင်းပြလိုပါတယ်။ မေးခွန်းနံပါတ်(၆)ကို (က)၊ (ခ)၊ (ဂ) ခွဲထားပြီး နှစ်သက်ရာ (၂) ပုဒ်ကို ရွေးချယ်ဖြေဆိုရမှာဖြစ်တယ်။ မေးခွန်းများမှာ ပေးထားတဲ့ကိန်းဂဏန်းအချက်အလက်များကို အခြေခံပြီး၊ မျဉ်းကွေးများ/ပုံများဆွဲခြင်း တွက်ချက်ပြီး ရရှိတဲ့အဖြေများကို သုံးသပ်ခြင်းများ ပြုလုပ်ရမှာဖြစ်ပါတယ်။ မေးခွန်းမှာ ပေးထားတဲ့ ကိန်းဂဏန်းများကိုအခြေခံပြီး မျဉ်းကွေးများ ရေးဆွဲခိုင်းပါက တိကျမှန်ကန်စွာရေးဆွဲရမှာဖြစ်ပါတယ်။

အခန်း(၁)မှ နိုင်ငံတစ်နိုင်ငံရဲ့ ပေးထားတဲ့ ထုတ်လုပ်နိုင်မှုအခြေပြဇယားမှ ထုတ်လုပ်နိုင်မှု အခြေပြမျဉ်းကွေးကို ရေးဆွဲပြီး အခွင့်အလမ်းစရိတ်တွက်သော မေးခွန်းမျိုးလည်း မေးနိုင်ပါတယ်။

ဥပမာ-နိုင်ငံတစ်နိုင်ငံ၏ ထုတ်လုပ်နိုင်မှု အခြေပြဇယားမှ ထုတ်လုပ်နိုင်မှု အခြေပြမျဉ်းကွေးကို ရေးဆွဲခိုင်းတယ်ဆိုပါစို့။ ပေးထားသည့်ထုတ်လုပ်နိုင်မှုအခြေပြဇယားဟာ နိုင်ငံတွင်ရှိသည့် အင်အားစုများကို စွမ်းဆောင်ရည်ပြည့်ဝစွာ အသုံးပြုပြီး ထုတ်လုပ်နိုင်တဲ့ဂျုံနှင့်အထည်အလိပ်အတွဲများကို ပေးထားပါက အဆိုပါဇယားမှ ထုတ်လုပ်နိုင်မှု အခြေပြမျဉ်းကွေးကို ရေးဆွဲနိုင်ပါတယ်။

ထုတ်လုပ်နိုင်မှုအခြေပြဇယား

အမှတ်စဉ်	ဂျုံ (တင်း)	အထည်အလိပ်(ကိုက်)
က	၈၀	၀
ခ	၆၀	၄၀
ဂ	၄၀	၇၀
ဃ	၂၀	၉၀
င	၀	၁၀၀

ပထမဦးစွာ ဖော်ပြထားသည့် ကုန်စည်နှစ်မျိုး (ဂျုံနှင့်အထည်အလိပ်)အနက် ကုန်စည်တစ်မျိုး [ဥပမာ -ဂျုံ (တင်း)] ကို ဒေါင်လိုက်ဝင်ရိုးတွင် လည်းကောင်း၊ အခြားကုန်စည် တစ်မျိုး[ဥပမာ-အထည်အလိပ်(ကိုက်)]ကို အလျားလိုက်ဝင်ရိုးတွင်လည်းကောင်း စကေး တိတိကျကျ မှန်မှန်ကန်ကန် သတ်မှတ်ပြီး ဝင်ရိုးနှစ်ခု ရေးဆွဲရပါမယ်။ ပေးထားသည့် ဇယားပေါ်မူတည်၍ ဥပမာ - ဒေါင်လိုက်ဝင်ရိုးတွင် ဂျုံကို တစ်စင်တီမီတာလျှင် (၁၀)တင်းစီနှင့် အလျားလိုက် ဝင်ရိုးတွင် အထည်အလိပ်ကို တစ်စင်တီမီတာလျှင် (၁၀) ကိုက်စီဟူ၍ သတ်မှတ်ပါမယ်။

ထုတ်လုပ်နိုင်မှုအခြေပြမျဉ်းကွေး



စာမျက်နှာ ၁၆ ကော်လံ ၁သို့

2-2 (15).pmd 1 2/2/2010, 2:30 AM

စာမျက်နှာ ၁၅ မှအဆက်

ဝင်ရိုးနှစ်ခုမှာစကေးမှန်ကန်စွာ ရေးဆွဲပြီးတဲ့အခါ ဇယားမှာ ပေးထားတဲ့ကုန်စည်ပမာဏ အတွဲများကို ဂရပ်ပေါ်တွင် မှတ်သားရပါမယ်။ မှတ်သားထားသည့် အမှတ်များကို ဆက်ဆွဲလိုက်မယ်ဆိုရင် ထုတ်လုပ်နိုင်မှု အခြေပြမျဉ်းကွေးကိုရရှိမှာဖြစ်တယ်။ ရေးဆွဲထားသည့် ထုတ်လုပ်နိုင်မှု အခြေပြမျဉ်းကွေးပေါ်မှာ ပေးထားသောဇယားအရ ကုန်စည်ပမာဏအတွဲများကို မှန်ကန်တဲ့ အမှတ်စဉ်အတိုင်း ဥပမာ (က၊ ခ၊ ဂ၊ ဃ၊ င) ဟုဖော်ပြရမှာဖြစ်တယ်။ ထုတ်လုပ်နိုင်မှု အခြေပြမျဉ်းကွေးကို ရေးဆွဲခိုင်းလျှင် ရေးဆွဲသည့်အဆင့်တိုင်းအတွက် အမှတ်ပေးခြင်းကို တပည့်တို့ သိစေလိုပါတယ်။ အထက်မှာရှင်းလင်းဖော်ပြထားသည့်အတိုင်း မှန်ကန်စွာဖြေဆိုမှု မရှိခဲ့လျှင် အမှတ်ပြည့်ရနိုင်မည် မဟုတ်ပါဘူး။ ထုတ်လုပ်နိုင်မှု အခြေပြမျဉ်းကွေးပေါ်ရှိ အမှတ်တစ်ခုမှတစ်ခုသို့ ပြောင်းရွှေ့ထုတ်လုပ်ခြင်းသည် ကုန်စည်တစ်ခုကို တိုးထုတ်ရန်အတွက် အခြားကုန်စည်တစ်မျိုးကို လျှော့ထုတ်ရမည်ဆိုသည့် ဘောဂဗေဒ ဘာသာရပ်၏ အရေးကြီးသည့် အခွင့်အလမ်း စရိတ်သဘောတရားများကို ဖော်ပြတယ်။ ကုန်စည်တစ်ခုရဲ့အခွင့်အလမ်းစရိတ်ဟာ ယင်းကုန်စည် တစ်ယူနစ်တိုးထုတ်လုပ်ရန် စွန့်လွှတ်လိုက်ရသည့် အခြားကုန်စည်တစ်ခု၏ ပမာဏဖြစ်တယ်။

ထို့ကြောင့် မေးခွန်းမှာ အခွင့်အလမ်းစရိတ်ကို တွက်ချက်ခိုင်းတယ်ဆိုပါစို့။ ဥပမာ အထည်အလိပ်ကို အမှတ်(ခ)မှ အမှတ်(ဂ)သို့ တိုးထုတ်လုပ်ပါကအထည်အလိပ်၏အခွင့်အလမ်းစရိတ်ကို တွက်ချက်ပါလို့ မေးထားမယ်ဆိုရင် အထည်အလိပ်ကိုက်(၄၀)မှ ကိုက်(၇၀)အထိ တိုးထုတ်ရန်၊ ဂျုံတင်း(၆၀)မှ တင်း(၄၀)သို့ လျှော့ထုတ်ရခြင်း၏အခွင့်အလမ်းစရိတ်ကို တွက်ရမှာဖြစ်တယ်။ အထည်အလိပ်ကိုက် (၇၀-၄၀ = ၃၀)တိုးထုတ်ရန်၊ ဂျုံ (၄၀-၆၀ = -၂၀) လျှော့ထုတ်ရမှာဖြစ်လို့ အထည်အလိပ်ကိုက် (၃၀) တိုးထုတ်ရခြင်း၏ အခွင့်အလမ်းစရိတ်မှာ လျှော့ထုတ်သည့် ဂျုံတင်း (၂၀) ကို တိုးထုတ်သည့်အထည်အလိပ်ကိုက် (၃၀) နှင့် စားရခြင်း၏ ရလဒ်ဖြစ်တယ် ။ တစ်နည်းအားဖြင့် (-၂၀) ÷ (၃၀) = - ၀. ၆၇ ဖြစ်သည်။

အထက်ပါ ဥပမာကို အောက်ပါပုံစံဖြင့်လည်း တွက်ချက်ဖော်ပြနိုင်ပါသည်။

အမှတ် (ခ)တွင် ဂျုံ ၆၀ တင်းနှင့် အထည်အလိပ် ၄၀ ကိုက်

အမှတ် (ဂ)တွင် ဂျုံ ၄၀ တင်းနှင့် အထည်အလိပ် ၇၀ ကိုက်

၌တွင် ဂျုံ = W ၊ အထည်အလိပ် = C ၊ ပြောင်းလဲမှု = ဟုသတ်မှတ်လျှင်

အထည်အလိပ်ကိုအမှတ်(ခ)မှအမှတ်(ဂ)သို့ တိုးထုတ်လုပ်ပါက

အထည်အလိပ်၏ အခွင့်အလမ်းစရိတ် = $\frac{\Delta W}{\Delta C}$

ပြောင်းလဲသွားသောဂျုံ ပမာဏ W = ၄၀ - ၆၀ = -၂၀ တင်း

ပြောင်းလဲသွားသောအထည်အလိပ် ပမာဏ C = ၇၀ - ၄၀ = ၃၀ ကိုက်

အထည်အလိပ်၏ အခွင့်အလမ်းစရိတ် = $\frac{\Delta W}{\Delta C}$

= -၂၀/ ၃၀

= - ၀. ၆၇

အခွင့်အလမ်းစရိတ်သည် အနုတ်လက္ခဏာ ဖြစ်နေရခြင်းမှာ ကုန်စည်တစ်မျိုးဖြစ်သော အထည်အလိပ်ကို တိုးထုတ်ရန် အခြားကုန်စည်တစ်မျိုးဖြစ်သော ဂျုံကို လျှော့ထုတ်လိုက်ရတဲ့ သဘောကို ဖော်ပြတယ်။

အခန်း(၂)မှာ ဝယ်လိုအားနှင့်ရောင်းလိုအားဆန်းစစ်မှုအခြေခံမူ အခန်းမှ ကုန်စည်များ၏ အချက်အလက်များ ပေးထားပြီး ဝယ်လိုအားနှင့် ရောင်းလိုအားမျဉ်းများရေးဆွဲ၍ အားမျှအရေအတွက်နှင့် ဈေးနှုန်းအပေါ် အကျိုးသက်ရောက်ပုံကို တွက်ချက်သုံးသပ်ခိုင်းနိုင်ပါတယ်။

ထို့ပြင် ဝယ်လိုအား၏ ဈေးနှုန်းအလျော့အတင်း၊ ဝယ်လိုအား၏ ဝင်ငွေအလျော့အတင်းတို့ကို ကိန်းဂဏန်း ပေးထားပြီး တွက်ချက်သုံးသပ်ခိုင်းနိုင်ပါတယ်။ ဝယ်လိုအား၏ အပြန်အလှန် အလျော့အတင်းကို တွက်ချက် သုံးသပ်နိုင်တဲ့ မေးခွန်းမျိုးလည်း မေးနိုင်ပါတယ်။

ဥပမာ- ဇယားပါအချက်များကိုအသုံးပြုပြီးကုန်စည် X အတွက်ဝယ်လိုအား၏ ဝင်ငွေအလျော့အတင်းနှင့် ဈေးနှုန်းအလျော့အတင်းများကို တွက်ချက်သုံးသပ်ပါဟုမေးထားပါက

X ကုန်စည် ဈေးနှုန်း (ကျပ်)	**စားသုံးသူ၏ဝင်ငွေ (ကျပ်)**	**X ကုန်စည်ဝယ်ယူသည့် အရေအတွက် (ပိဿာချိန်)**
၅၀၀	၁၀၀၀၀၀	၁၅၀၀
၅၅၀	၁၂၀၀၀၀	၁၂၀၀

ကုန်စည် X အတွက်ဝယ်လိုအား၏ဝင်ငွေအလျော့အတင်း = $\frac{\text{X ကုန်စည်ဝယ်ယူသည့် အရေအတွက်ပြောင်းလဲမှုရာခိုင်နှုန်း}}{\text{ဝင်ငွေပြောင်းလဲမှုရာခိုင်နှုန်း}}$

$$E_Y = \frac{\Delta Q_X / Q_X \times ၁၀၀}{\Delta Y / Y \times ၁၀၀}$$

စားသုံးသူ၏ဝင်ငွေပြောင်းလဲမှုရာခိုင်နှုန်း = $\frac{\Delta Y}{Y}$ X ၁၀၀

= $\frac{၁၂၀၀၀၀ - ၁၀၀၀၀၀}{၁၀၀၀၀၀}$ X ၁၀၀ = $\frac{၂၀၀၀၀}{၁၀၀၀၀၀}$ X ၁၀၀ = ၂၀%

X ကုန်စည်ဝယ်ယူသည့် အရေအတွက်ပြောင်းလဲမှု% = $\Delta Q_X / Q_X$ x ၁၀၀

= $\frac{၁၂၀၀-၁၅၀၀}{၁၅၀၀}$ x ၁၀၀ = $\frac{- ၃၀၀}{၁၅၀၀}$ x ၁၀၀= -၂၀%

X ကုန်စည်အတွက် ဝယ်လိုအား၏ဝင်ငွေအလျော့အတင်း= $\frac{- ၂၀\%}{၂၀\%}$ = -၁

ကုန်စည် X အတွက်ဝယ်လိုအား၏ ဝင်ငွေအလျော့အတင်းသည် အနုတ်လက္ခဏာဖြစ်သောကြောင့် ကုန်စည် X သည်ကုန်ညံ့ဖြစ်တယ်။ စားသုံးသူ၏ဝင်ငွေ(၁%)တိုးသည့်အခါ ကုန်စည် X ၏ ဝယ်လိုအားသည် (၁%)ကျဆင်းသွားမည်ဖြစ်တယ်။

ဝယ်လိုအား၏ ဝင်ငွေအလျော့အတင်းကို

(၁) အပေါင်းလက္ခဏာဆောင်သော ဝယ်လိုအား၏ ဝင်ငွေအလျော့အတင်း

(၂) အနုတ်လက္ခဏာဆောင်သော ဝယ်လိုအား၏ ဝင်ငွေအလျော့အတင်းနှင့်

(၃) သုညတန်ဖိုးရှိသော ဝယ်လိုအား၏ဝင်ငွေအလျော့အတင်းဟူ၍အဓိကအားဖြင့် (၃)မျိုး ခွဲခြားနိုင်တယ်။

အပေါင်းလက္ခဏာဆောင်သော ဝယ်လိုအား၏ ဝင်ငွေအလျော့အတင်းရှိသောကုန်စည်မှာ သာမန်ကုန်စည်များ ဖြစ်တယ်။ အချို့သောကုန်စည်များ (ပုံစံအားဖြင့် ငစိန်ဆန်၊ ဖွဲနုဆီ) ကဲ့သို့သော ကုန်စည်များသည်အနုတ်လက္ခဏာ ဆောင်သောဝယ်လိုအား၏ ဝင်ငွေအလျော့အတင်းရှိသော ကုန်စည်များဖြစ်တယ်။ မရှိမဖြစ် လိုအပ်သော အခြေခံ ကုန်စည် (ဥပမာ- ဆား) သည် ဝင်ငွေပြောင်းလဲမှုအပေါ် ပုံသေဝယ်လိုအား ရှိမည်ဖြစ်ရာ သုညတန်ဖိုး ရှိသော ဝယ်လိုအား၏ ဝင်ငွေအလျော့အတင်း ရှိမှာဖြစ်တယ်။ ရရှိသည့်အဖြေပေါ်မူတည်၍ ကုန်စည်အမျိုးအစားများကို ခွဲခြားဖော်ပြနိုင်ရမည်ဖြစ်ပါတယ်။

ကုန်စည် X အတွက်ဝယ်လိုအား၏ဈေးနှုန်းအလျော့အတင်း = $\frac{\text{အရေအတွက်ပြောင်းလဲမှုရာခိုင်နှုန်း}}{\text{ဈေးနှုန်းပြောင်းလဲမှုရာခိုင်နှုန်း}}$

$$E_d = \frac{\Delta Q_X / Q_X \times ၁၀၀}{\Delta P_X / P_X \times ၁၀၀}$$

X ကုန်စည်ဈေးနှုန်း ပြောင်းလဲမှု ရာခိုင်နှုန်း = $\Delta P_X / P_X$ x ၁၀၀

= $\frac{၅၅၀ - ၅၀၀}{၅၀၀}$ x ၁၀၀= $\frac{၅၀}{၅၀၀}$ x ၁၀၀ =၁၀%

X ကုန်စည်အရေအတွက်ပြောင်းလဲမှု ရာခိုင်နှုန်း = $\Delta Q_X / Q_X$ x ၁၀၀

= $\frac{၁၂၀၀ - ၁၅၀၀}{၁၅၀၀}$ x ၁၀၀ = $\frac{- ၃၀၀}{၁၅၀၀}$ x ၁၀၀= -၂၀%

X ကုန်စည်အတွက်ဝယ်လိုအား၏ဈေးနှုန်း အလျော့အတင်း = $\frac{-၂၀\%}{၁၀\%}$ = -၂

X ကုန်စည်အတွက် ဝယ်လိုအား၏ ဈေးနှုန်းအလျော့အတင်း E_d သည် (၁) ထက်ကြီးသောကြောင့် အလျော့အတင်းများတယ်။ ဈေးနှုန်း ၁%တက်ပါက ဝယ်ယူမည့် အရေအတွက် ၂% ကျဆင်းသွားတယ်။ အထက်ပါဥပမာတွင် ဝယ်လိုအား၏ ဈေးနှုန်း အလျော့အတင်း(-၂) ရှိသည်ဆိုသောအဓိပ္ပာယ်မှာကုန်စည်ဈေးနှုန်း တစ်ရာခိုင်နှုန်း တက်လျှင် ကုန်စည် X ဝယ်ယူသော အရေအတွက်(၂)% လျော့နည်းလာမည်ဟုဆိုလိုတယ်။

၌တွင် သတိပြုရမည့်အချက်မှာ ဈေးနှုန်းနှင့် ကုန်စည်အရေအတွက်တို့၏ ပြောင်းလဲသွားသော ပကတိ တန်ဖိုးများကို အသုံးမပြုဘဲ ၎င်းတို့၏ ပြောင်းလဲသွားသော အချိုးအစား (ရာခိုင်နှုန်း) များကိုသာ နှိုင်းယှဉ်ထားခြင်း ဖြစ်သည်။ ဝယ်လိုအား၏ ဈေးနှုန်းအလျော့အတင်း တန်ဖိုးသည်လည်း အမြဲလိုအနုတ်တန်ဖိုးရှိတယ်။ သို့ဖြစ်၍ အလျော့အတင်း အနည်းအများကိုပြောလျှင် E_d တန်ဖိုး၏ အနုတ်လက္ခဏာကို လျစ်လျူရှုပြီး ပကတိတန်ဖိုးအရသာ ဖြေရမှာဖြစ်တယ်။

ဝယ်လိုအားအလျော့အတင်းနှင့် ပတ်သက်ပြီး ဝယ်လိုအား၏ အပြန်အလှန်အလျော့အတင်းကို တွက်ချက်သုံးသပ်နိုင်သည့် မေးခွန်းမျိုးလည်းမေးနိုင်ပါသည်။ ဥပမာ- ဇယားပါအချက်များကို အသုံးပြုပြီးကုန်စည် Aအတွက် ဝယ်လိုအား၏ အပြန်အလှန် အလျော့အတင်းများကို တွက်ချက်သုံးသပ်ပါ။

ကုန်စည်Aအတွက် ဝယ်ယူမည့်အရေအတွက်	**ဈေးနှုန်း(ကျပ်)**	
	ကုန်စည် B	**ကုန်စည် C**
၁၀၀၀	၁၅၀	၅၀
၃၀၀၀	၃၀၀	၂၅

၁။ကုန်စည် A နှင့် B ဝယ်လိုအား၏အပြန်အလှန်အလျော့အတင်း= $\frac{\text{ကုန်စည် A ၏အရေအတွက်ပြောင်းလဲမှု\%}}{\text{ကုန်စည် B ၏ဈေးနှုန်းပြောင်းလဲမှု\%}}$

$$E_{APB} = \frac{\Delta Q_A / Q_A \times 100}{\Delta P_B / P_B \times 100} = \frac{\Delta Q_A}{\Delta P_B} \cdot \frac{P_B}{Q_A}$$

(၁) ကုန်စည်အတွက် A၏အရေအတွက်ပြောင်းလဲမှု%= $\frac{၃၀၀၀-၁၀၀၀}{၁၀၀၀}$ x ၁၀၀

= $\frac{၂၀၀၀}{၁၀၀၀}$ x ၁၀၀

= ၂၀၀ %

ကုန်စည် B ၏ ဈေးနှုန်းပြောင်းလဲမှု%= $\frac{၃၀၀-၁၅၀}{၁၅၀}$ x ၁၀၀= $\frac{၁၅၀}{၁၅၀}$ x ၁၀၀ = ၁၀၀%

ကုန်စည် A နှင့် B အတွက် ဝယ်လိုအား၏အပြန်အလှန်အလျော့အတင်း = $\frac{၂၀၀\%}{၁၀၀\%}$ = ၂

စာမျက်နှာ ၁၇ ကော်လံ ၁သို့

စာမျက်နှာ ၁၆ မှအဆက်

ထို့ကြောင့် ကုန်စည် A နှင့် B ဝယ်လိုအား၏ အပြန်အလှန်အလျော့အတင်းသည် ၂ ဖြစ်သောကြောင့် အပေါင်း လက္ခဏာဆောင်၍ ကုန်စည် Aနှင့် ကုန်စည် B တို့သည် အစားထိုးကုန်စည်များ ဖြစ်သည်။ ကုန်စည် B ၏ ဈေးနှုန်း ၁% တက်ပါက ကုန်စည် A ၏ ဝယ်လိုအား ၂%တက်သည်ဟု သုံးသပ်ဖြေဆိုရပါမယ်။

$$\text{၁။ကုန်စည် A နှင့် C ဝယ်လိုအား၏ဝင်ငွေအလျော့အတင်း} = \frac{\text{ကုန်စည် A၏အရေအတွက်ပြောင်းလဲမှု\%}}{\text{ကုန်စည် C ၏ဈေးနှုန်းပြောင်းလဲမှု\%}}$$

$$E_{APB} = \frac{\Delta Q_A / Q_A \times 100}{\Delta P_c / P_c \times 100} = \frac{\Delta Q_A}{\Delta P_c} \quad \frac{P_c}{Q_A}$$

$$\text{၁။ ကုန်စည်အတွက် A၏ အရေအတွက်ပြောင်းလဲမှု\%} = \frac{၃၀၀၀-၁၀၀၀}{၁၀၀၀} \times ၁၀၀$$

$$= \frac{၂၀၀၀}{၁၀၀၀} \times ၁၀၀$$

$$= ၂၀၀\ \%$$

$$\text{ကုန်စည် C ၏ဈေးနှုန်းပြောင်းလဲမှု\%} = \frac{၂၅-၅၀}{၅၀} \times ၁၀၀ = \frac{-၂၅}{၅၀} \times ၁၀၀ = -၅၀\%$$

$$\text{ကုန်စည် A နှင့် C အတွက်ဝယ်လိုအား၏အပြန်အလှန်အလျော့အတင်း} = \frac{၂၀၀\%}{-၅၀\%} = -၄$$

ထို့ကြောင့် ကုန်စည် A နှင့် C ဝယ်လိုအား၏အပြန်အလှန်အလျော့အတင်းသည် -၄ ဖြစ်သောကြောင့် အနုတ်လက္ခဏာဆောင်၍ ကုန်စည် A နှင့် ကုန်စည် C တို့သည် တွဲဖက်ကုန်စည်များ ဖြစ်သည်။ ကုန်စည် C ၏ဈေးနှုန်း ၁%ကျပါက ကုန်စည် A ၏ ဝယ်လိုအား ၄% တက်သည်။ ဟု သုံးသပ်ဖြေဆိုရပါမည်။

ဝယ်လိုအား၏ အပြန်အလှန်အလျော့အတင်း(၃)မျိုးရှိသည်။ ၎င်းတို့မှာ

(၁) အပေါင်းလက္ခဏာဆောင်သော ဝယ်လိုအား၏အပြန်အလှန်အလျော့အတင်း၊
(၂) အနုတ်လက္ခဏာဆောင်သော ဝယ်လိုအား၏အပြန်အလှန်အလျော့အတင်းနှင့်
(၃) သုညတန်ဖိုးရှိသော ဝယ်လိုအား၏အပြန်အလှန်အလျော့အတင်း တို့ဖြစ်သည်။

ကော်ဖီ နှင့် လက်ဖက်ရည်၊ ကြက်ဥ နှင့် ဘဲဥ တို့ကဲ့သို့သော အစားထိုးကုန်စည်များ၏ အပြန်အလှန် အလျော့အတင်းသည် အပေါင်းလက္ခဏာဆောင်သော ဝယ်လိုအား၏ အပြန်အလှန် အလျော့အတင်း ဖြစ်တယ်။ တွဲဖက်ကုန်စည်များဖြစ်သော နို့နှင့် သကြား၊ ဓာတ်ခဲနှင့် လက်နှိပ်ဓာတ်မီးတို့၏ အပြန်အလှန် အလျော့အတင်းသည် အနုတ် လက္ခဏာဆောင်သော ဝယ်လိုအား၏ အပြန်အလှန် အလျော့အတင်းဖြစ်တယ်။ ဆက်နွယ်ပတ်သက်ခြင်း မရှိသော ကုန်စည်တို့၏ အပြန်အလှန် အလျော့အတင်းသည် သုညအလျော့အတင်းရှိမည် ဖြစ်သည်။

အခန်း (၃) တိုင်းပြည်ဝင်ငွေနဲ့ ပတ်သက်ပြီး နိုင်ငံတစ်နိုင်ငံရဲ့ တိုင်းပြည်ဝင်ငွေဆိုင်ရာ ကိန်းဂဏန်းများ ပေးထားပြီး စုစုပေါင်းပြည်တွင်းထုတ်ကုန် (GDP)၊ စုစုပေါင်းတိုင်းပြည် ထုတ်ကုန် (GNP)၊ အသားတင်တိုင်းပြည် ထုတ်ကုန်(NNP) ကို တွက်ခိုင်းတဲ့မေးခွန်း မေးနိုင်ပါတယ်။ ယင်းတို့ကို တွက်နိုင်ဖို့ တိုင်းပြည်ဝင်ငွေတွက်ချက်နည်း သုံးနည်းဖြစ်တဲ့ အသုံးစရိတ်နည်း၊ ကုန်ထွက်နည်းနှင့် ဝင်ငွေနည်းတို့ကို သေသေချာချာ မှတ်သားထားဖို့ လိုပါတယ်။

ဥပမာ- နိုင်ငံတစ်နိုင်ငံ၏ ၂၀၀၄ခုနှစ်အတွက် တိုင်းပြည်ဝင်ငွေဆိုင်ရာ ကိန်းဂဏန်းများကို ၁၉၉၆ခုနှစ် ပုံသေဈေးနှုန်းများအရ အောက်ပါဇယားတွင် ဖော်ပြထားသည်။

အကြောင်းအရာ	ကျပ်သန်းပေါင်း
စားသုံးမှုတန်ဖိုး	၄၁၀၂၇
ရင်းနှီးမြှုပ်နှံမှုတန်ဖိုး	၁၆၇၄၂
အစိုးရအသုံးစရိတ်	၁၀၀၀၀
ပို့ကုန်တန်ဖိုး	၆၀၉၀
သွင်းကုန်တန်ဖိုး	၆၁၁၇
နိုင်ငံခြားသို့အသားတင်ပေးရသောဝင်ငွေ	-၄၅၈၇
ပြုန်းတီးမှုတန်ဖိုး	၇၆၇၄

(၁) စုစုပေါင်းပြည်တွင်းထုတ်ကုန်
(၂) စုစုပေါင်းတိုင်းပြည်ထုတ်ကုန်
(၃) အသားတင်တိုင်းပြည်ထုတ်ကုန် တို့ကိုတွက်ချက်ပါ။

(၁) စုစုပေါင်းပြည်တွင်းထုတ်ကုန်(GDP) = စားသုံးမှုတန်ဖိုး (C) + ရင်းနှီးမြှုပ်နှံမှုတန်ဖိုး (I) + အစိုးရအသုံးစရိတ်(G) + ပို့ကုန်တန်ဖိုး(X)- သွင်းကုန်တန်ဖိုး (M)

= ၄၁၀၂၇ + ၁၆၇၄၂ + ၁၀၀၀၀ + ၆၀၉၀ - ၆၁၁၇

= ၆၇၇၄၂ ကျပ်သန်းပေါင်း

(၂) စုစုပေါင်းတိုင်းပြည်ထုတ်ကုန်(GNP) = စုစုပေါင်းပြည်တွင်း ထုတ်ကုန် - နိုင်ငံခြားသို့အသားတင်ပေး ရသောဝင်ငွေ

= GDP - NIPA

= ၆၇၇၄၂- (-၄၅၈၇)

= ၇၂၃၂၉ ကျပ်သန်းပေါင်း

(၃) အသားတင်တိုင်းပြည်ထုတ်ကုန်(NNP) = စုစုပေါင်းတိုင်းပြည်ထုတ်ကုန်(GNP)-ပြုန်းတီးမှုတန်ဖိုး

= ၇၂၃၂၉ - ၇၆၇၄

= ၆၄၆၅၅ ကျပ်သန်းပေါင်း

သတိပြုရမည့်အချက်တစ်ချက်မှာ ကိန်းဂဏန်းများသည် တိုင်းတာသည့်ယူနစ် ကျပ်သန်းပေါင်းဖြင့် ပေးထားသည်ဆိုပါက ကျပ်သန်းပေါင်းထည့်ပေးရန်လိုပါတယ်။ ကျပ်သန်းပေါင်း မထည့်ပါက အဖြေမှန် ထွက်ရှိနေသော်လည်း အမှတ်ပြည့် ရနိုင်မည်မဟုတ်ပါ။

အခန်း(၄) ငွေကြေးနှင့်ဘဏ်လုပ်ငန်းတွင် စားသုံးသူများ၏ ဈေးဆနှုန်းကိန်းတွက်ချက်မှုနှင့် ပတ်သက်ပြီး ဈေးဆနှုန်း ကိန်းပြောင်းလဲသည့်အတွက် စားသုံးကုန်စည်တို့၏ ဈေးနှုန်းမည်မျှပြောင်းလဲသွားသည်ကို တွက်ချက်သည့် မေးခွန်းများကိုလည်း သေသေချာချာ မှတ်သားထားဖို့ လိုပါတယ်။ ထို့ပြင် ငွေကြေးအရေအတွက်သီအိုရီမှ ငွေကြေးလှည့်ပတ်မှုအရှိန်၊ ငွေကြေးပမာဏ၊ အထွေထွေ ဈေးနှုန်းအဆင့်၊ ကုန်စည်နှင့်ဝန်ဆောင်မှုများ အပေးအယူပြုလုပ်မှုပမာဏစသည်တို့ကိုရှာခိုင်းသော မေးခွန်းများကိုလည်းလေ့လာထားရန်လိုအပ်ပါတယ်။

အခန်း(၅) ပြည်သူ့ဘဏ္ဍာရေးအခန်းမှလည်း အိမ်ထောင်စုများ၏ ဝင်ငွေနှင့် ဝင်ငွေခွန်ပေးဆောင်ရသည့် ပမာဏတို့ကို ပေးထားပြီး အခွန်နှုန်းတွက်ချက်သည့် မေးခွန်းမျိုးလည်း မေးနိုင်ပါတယ်။

ဥပမာ။ ။

အိမ်ထောင်စု ၃ စု ၏ဝင်ငွေနှင့် ဝင်ငွေခွန်ပေးဆောင်ရသည့်ပမာဏကိုဖော်ပြထားသည်။

အိမ်ထောင်စု	ဝင်ငွေ (ကျပ်/လ)	ဝင်ငွေခွန်ပမာဏ(ကျပ်)	အခွန်နှုန်း
A	၁၀၀၀၀၀	၁၀၀၀	-
B	၅၀၀၀၀၀	၁၀၀၀၀	-
C	၉၀၀၀၀၀	၂၇၀၀၀	-

(က) အိမ်ထောင်စုတစ်ခုစီအတွက်အခွန်နှုန်းကိုတွက်ပါ။
(ခ) ဝင်ငွေခွန်သည် မည်သည့်အခွန်စည်းကြပ်မှုပုံသဏ္ဌာန်ဖြစ်သနည်း။

$$\text{(က) အိမ်ထောင်စု A ၏အခွန်စည်းကြပ်မှုနှုန်း} = \frac{\text{အိမ်ထောင်စု A ပေးဆောင်ရမည့်အခွန်ပမာဏ}}{\text{အိမ်ထောင်စု A ၏နှစ်စဉ်ဝင်ငွေ}} \times ၁၀၀$$

$$= \frac{၁၀၀၀}{၁၀၀၀၀၀} \times ၁၀၀$$

$$= ၁\%$$

$$\text{(က) အိမ်ထောင်စု B ၏အခွန်စည်းကြပ်မှုနှုန်း} = \frac{\text{အိမ်ထောင်စု B ပေးဆောင်ရမည့်အခွန်ပမာဏ}}{\text{အိမ်ထောင်စု B ၏နှစ်စဉ်ဝင်ငွေ}} \times ၁၀၀$$

$$= \frac{၁၀၀၀၀}{၅၀၀၀၀၀} \times ၁၀၀$$

$$= ၂\%$$

$$\text{(က) အိမ်ထောင်စု C ၏ အခွန်စည်းကြပ်မှုနှုန်း} = \frac{\text{အိမ်ထောင်စု C ပေးဆောင်ရမည့်အခွန်ပမာဏ}}{\text{အိမ်ထောင်စု C ၏ နှစ်စဉ်ဝင်ငွေ}} \times ၁၀၀$$

$$= \frac{၂၇၀၀၀}{၉၀၀၀၀၀} \times ၁၀၀$$

$$= ၃\%$$

(ခ) အိမ်ထောင်စု A ၏ ဝင်ငွေ ၁၀၀၀၀၀ ကျပ်အတွက် အခွန်စည်းကြပ်မှုနှုန်းမှာ ၁%၊ အိမ်ထောင်စု B ၏ဝင်ငွေ ၅၀၀၀၀၀ ကျပ်အတွက် အခွန်စည်းကြပ်မှုနှုန်းမှာ ၂%၊ နှင့်အိမ်ထောင်စု C ၏ ဝင်ငွေ ၉၀၀၀၀၀ ကျပ်အတွက် အခွန်စည်းကြပ်မှုနှုန်းမှာ ၃% ဖြစ်တယ်။ ထို့ကြောင့် အိမ်ထောင်စု အသီးသီးအတွက် အခွန်စည်းကြပ်မှုနှုန်းအသီးသီးကို လေ့လာကြည့်ပါက ဝင်ငွေမြင့်မားသော အိမ်ထောင်စုပေါ်စည်းကြပ်သော အခွန်နှုန်းသည် ဝင်ငွေနိမ့်သော အိမ်ထောင်စုပေါ် စည်းကြပ်သော အခွန်နှုန်းထက်များသည်ကို တွေ့ရသည်။ အထက်ပါ အခွန်စည်းကြပ်မှု ပုံသဏ္ဌာန်ဟာ ဝင်ငွေအဆင့်မြင့်မားလာသည်နှင့်အမျှ အခွန်စည်းကြပ်မှုနှုန်းလည်း များလာတာကြောင့် နှုန်းတိုးခွန်ဖြစ်သည်ဟု သုံးသပ်ဖြေဆိုရမှာဖြစ်တယ်။

အခန်း(၆) အပြည်ပြည်ဆိုင်ရာဘောဂဗေဒနှင့် ပတ်သက်ပြီး ကုန်ဖလှယ်မှုအချိုးနှင့် ပတ်သက်၍ တွက်ခိုင်းတဲ့ မေးခွန်းလည်း မေးနိုင်ပါတယ်။ ပြဋ္ဌာန်းစာအုပ်ပါ ကုန်ဖလှယ်မှုအချိုးတွက်ချက်မှုများကို သေသေချာချာမှတ်သားထားဖို့ လိုပါတယ်။

၂၀၁၀ ခုနှစ် တက္ကသိုလ်ဝင်စာမေးပွဲ ဘောဂဗေဒဘာသာရပ်ဖြေဆိုမယ့် တပည့်များကို နောက်ဆုံးမှာကြားလိုတာကတော့ တက္ကသိုလ်ဝင်တန်းအတွက် ပြဋ္ဌာန်းထားတဲ့ ဒသမတန်းဘောဂဗေဒစာအုပ်မှာပါတဲ့ အကြောင်းအရာသဘောတရားတွေကို ကောင်းစွာနားလည်သဘောပေါက်ပြီး ကျေညက်အောင် ဖတ်ရှုမှတ်သားထားပြီဆိုလျှင် တက္ကသိုလ်ဝင်စာမေးပွဲကို အခက်အခဲမရှိ ကောင်းစွာဖြေဆိုနိုင်ကြပြီး လိုအင်ဆန္ဒများပြည့်ပါစေလို့ ဆုတောင်းရင်း ဒီပို့ချချက်ကို ရပ်နားလိုက်ပါတယ်။ ။

[illegible]

မော်တော်ယာဉ် မှတ်ပုံတင်ခွင့် လျှောက်ထားခြင်း
ယာဉ်အမှတ် မတလ/၇၁၅၈၂ Jialing ယာဉ်လက်ဝယ်ရှိသူ ဦးသက်ဝေ ၁/မကန(ပြု)၀၀၀၃၄၁က ယာဉ်မှတ်ပုံတင်စာအုပ် (ကမ-၃)ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ကြော်ငြာသည့်ရက်မှ ၁၅ရက်အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင်လာရောက် ကန့်ကွက်နိုင်ပါသည်။
ကညန၊ ခရိုင်ရုံး (မန္တလေးမြောက်ပိုင်း)၊ မန္တလေးမြို့။

တစ်ဦးတည်း ဖြစ်ကြောင်း
မုံရွာမြို့၊ ဆူးလေကုန်းရပ်၊ ပေပင်ကျောင်းလမ်းနေ ၅/မရန(နိုင်) ၀၁၁၂၃၀ကိုင်ဆောင်သူ ဦးအောင်ကျော်ဦးနှင့် ဦးချိုမော်သည် တစ်ဦးတည်း ဖြစ်ပါကြောင်း။ **ဦးအောင်ကျော်ဦး(ခ)ဦးချိုမော်။**

ဥတုရာသီ တောကို မှီ၏

ကန့်ကွက်နိုင်ပါသည်
ယာဉ်အမှတ် ၆ခ/၆၅၈၈ ရှုပါမန္တလာ Light Truck (SML)-01 ယာဉ်လက်ဝယ်ရှိသူ ဦးဝင်းမြင့်(ခ) ဝင်းမြင့်စိုး ၉/နထက(နိုင်)၀၀၅၀၂၈ က ယာဉ်မှတ်ပုံတင်စာအုပ်(ကမ-၃) ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါကခိုင်လုံသော အထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ၁၅ ရက်အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင် လာရောက်ကန့်ကွက်နိုင်ပါသည်။ **ကညန၊ (ခရိုင်ရုံး)၊ ကျောက်ဆည်။**

မော်တော်ယာဉ်မှတ်ပုံတင်ခွင့်လျှောက်ထားခြင်း
ယာဉ်အမှတ် မတလ/၁၂၁၀၇၁ Kenbo M/C ယာဉ်လက်ဝယ်ရှိသူ ဒေါ်ခင်စန်းမြ ၁၀/သထန(နိုင်)၀၅၄၅၃၆က ယာဉ်မှတ်ပုံတင်စာအုပ် (ကမ-၃)ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသော အထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ၁၅ရက်အတွင်း အောက်ဖော်ပြပါ ရုံးသို့ လူကိုယ်တိုင်လာရောက် ကန့်ကွက်နိုင်ပါသည်။
ကညန၊ ခရိုင်ရုံး (မန္တလေးတောင်ပိုင်း)၊ မန္တလေးမြို့။

★ တည်ငြိမ်အေးချမ်းမှ တိုင်းပြည်ဖွံ့ဖြိုးတိုးတက်မည်။

★ တည်ငြိမ်အေးချမ်းမှ ဒီမိုကရေစီ ဖော်ဆောင်အောင်မြင်နိုင်မည်။

★ မင်းမဲ့စရိုက်ဖြင့် ဒီမိုကရေစီမရနိုင်။

★ ဆူပူမှုဖြင့် ဒီမိုကရေစီမရနိုင်။

★ အခြေခံဥပဒေဖြင့်သာ ဒီမိုကရေစီ ရနိုင်သည်။

ပြည်သူ့ဆန္ဒ သဘောထား

- ■ တည်ငြိမ်အေးချမ်းမှုကို လိုလားသည်။
- ■ ဖွံ့ဖြိုးတိုးတက်မှုကို လိုလားသည်။
- ■ ဆူပူအကြမ်းဖက်မှုကို မလိုလား။
- ■ ဆူပူအကြမ်းဖက်မှု ဖန်တီးသူများ- ဝိုင်းဝန်းဖယ်ရှား။

* VOA, BBC - ရန်တိုက်ပေးနေသည်။

* RFA, DVB - သွေးထိုးနေသည်။

* ခလောက်ဆန် အကောက်ကြံ လေလှိုင်းသံများ။

* နားမယောင်လေနဲ့ သတိထား။

မြန်မာ့ပန်းပုအနုပညာ တစ်ခေတ်ဆန်းသစ်ပြီ

ရန်ကုန် ဖေဖော်ဝါရီ ၁

မြန်မာ့ပန်းပုအနုပညာသည် မြန်မာ့ရိုးရာယဉ်ကျေးမှု အနုပညာရပ်တစ်ခုဖြစ်ပြီး မြန်မာ့ပန်းဆယ်မျိုးတွင် တစ်ခုအပါအဝင် ဖြစ်သည်။ ခေတ်အဆက်ဆက် မိရိုးဖလာလုပ်ငန်းတစ်ခုအနေဖြင့် လည်းကောင်း၊ အိမ်တွင်းလက်မှုလုပ်ငန်းတစ်ခုအနေဖြင့် လည်းကောင်း လုပ်ကိုင်ခဲ့ကြသည်။ *စာမျက်နှာ ၆ ကော်လံ ၁* ❐

အနုပညာမြင်ကွင်း
ထိန်လင်း (မြန်မာ့အလင်း)

ဓာတ်ပုံမှတ်တမ်း
တင်စိုး (မြန်မာ့အလင်း)

စာမျက်နှာဖွဲ့စည်းမှု
မိုးမိုးအောင် (မြန်မာ့အလင်း)

ပုသိမ်သူရုပ်တု

ပုသိမ်သူ အမည်ပေးထားသည့် ရုပ်တုက ဤသို့ အသက်ဝင်လှသည်။

ဓာတ်ပုံမှတ်တမ်း-
တင်စိုး (မြန်မာ့အလင်း)

စစ်တွေမြို့ လမ်းမကြီးလမ်းနှင့် မေယုလမ်းဆုံရှိ မြို့ကျက်သရေဆောင် နာရီစင်ကြီးကို ဤသို့တွေ့ရသည်။
ဓာတ်ပုံမှတ်တမ်း-
သတင်းထောက် စဥ့်ကူစိုးဝင်း

ဒေသဖွံ့ဖြိုးရေး ကြိုးပမ်းနေသော စစ်တွေမြို့နယ် စည်ပင်သာယာ

စစ်တွေ ဖေဖော်ဝါရီ ၁ (ဖက်စ်)

မကြာမီက ရခိုင်ပြည်နယ် စစ်တွေမြို့သို့ သတင်းခရီး ရောက်ရှိခဲ့ရပြန်ပါသည်။

ရန်ကုန်အပြည်ပြည်ဆိုင်ရာလေဆိပ်၌ပင် စစ်တွေသို့ ပြန်ကြမည့် ဒေသခံမိတ်ဆွေအချို့နှင့် တွေ့ရသဖြင့် ဝမ်းသာရသကဲ့သို့ စစ်တွေလေဆိပ်အရောက်၌လည်း လာကြိုသူ၊ လာပို့သူများနှင့် အမှတ်မထင် တွေ့ဆုံရသဖြင့် ဝမ်းသာကြည်နူးရသည်။ *စာမျက်နှာ ၇ ကော်လံ ၁* ●

တက္ကသိုလ်ဝင်စာမေးပွဲ အထောက်အကူပြုသင်ခန်းစာ

ယနေ့ထုတ် မြန်မာ့အလင်းသတင်းစာ စာမျက်နှာ ၁၅၊ ၁၆ နှင့် ၁၇ တို့တွင် တက္ကသိုလ်ဝင်စာမေးပွဲ အထောက်အကူပြု သိမှတ်ဖွယ်ရာ ဘောဂဗေဒဘာသာ သင်ခန်းစာကို ဖော်ပြထားပါသည်။

သတင်းခရီးသည်နှင့် ဓာတ်ပုံမှတ်တမ်း
သတင်းထောက် စဥ့်ကူစိုးဝင်း

စာမျက်နှာဖွဲ့စည်းမှု - ခင်သန္တာသိန်း (မြန်မာ့အလင်း)